The
# Commerce
Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 14 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 4 , 2016



## ပြောင်းလဲရမှာက ကျွန်တော်တို့အားလုံးပါ

၁၂ |နေကျော်ဆန်း၊ TPD|

## မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ငါးခူ (Siluriformes) ငါးမျိုးစိတ် တင်ပို့ခွင့်ရရှိမည်

၁၃

## ရောပုသိမ်ဖွံ့ ဖြိုးမှု အမျှားနှင့် သက်ဆိုင်သောကုမ္ပဏီမှပြည်ပကုမ္ပဏီနဲ့ ချိတ်ဆက်ပြီးခေတ်မီစပါး အခြောက်ခံစက်များရောင်းချလျက်ရှိ

၁၅



## နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်လွှာ

မြန်မာတို့၏နှစ်သစ်ကူးကာလကို ရောက်ရှိပေတော့မည်။ မဟာသင်္ကြန် ကာလရောက်ရှိရန်တစ်ပတ်ခန့်သာ လိုတော့သည့်အချိန်တွင် မြန်မာနိုင်ငံတော်ကြီးတွင် ပြည်သူများက စိတ်ကြိုက်ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ်လည်း စတင်တာဝန်ယူတော့မည်အချိန် နှင့်တိုက်ဆိုင်နေပေတော့သည်။ မြန်မာတို့၏နှစ်သစ်နှင့်အတူ မြန်မာတို့၏ပထမဦးဆုံးအရပ်သား အစိုးရသစ်ကိုလည်း ကြိုဆိုရပေဦးမည်။

လွန်ခဲ့သည့်ငါးနှစ်တာကာလအတွင်း သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသည် နိုင်ငံတော်၏တိုးတက်ရေးလုပ်ငန်းကိစ္စဟူသမျှကို လုပ်ဆောင်ပေးခဲ့သည်မှာ အများအမြင်ပင်ဖြစ်သည်။ သမ္မတဦးသိန်းစိန်အစိုးရလက်ထက်ငါးနှစ်တာကာလတွင် နိုင်ငံရေး၊ စီးပွား ရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝကို ဆောင်ရွက်ပေးခဲ့သည်။ သို့သော် တိုးတက်မှုများကို ပြပါဟုဆိုလျှင် ခေတ်အဆက်ဆက် လုပ်ဆောင်ခဲ့သည့်မှား ယွင်းသည့်အရာများကိုပြင်ဆင်နေရသည့်အတွက် တိုးတက်သင့်သလောက် မတိုးတက်ဟု ဆိုရပေမည်။

စီးပွားရေးလုပ်ငန်းများတွင်လည်း ဖြေလျှော့မှုများစွာ လုပ်ဆောင်ပေးခဲ့ သည်ကိုလည်း မြင်တွေ့ခဲ့ရပေသည်။ သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ဖြေလျှော့မှုများကို ပြုလုပ်ပေးခဲ့သော်လည်း အဂတိလိုက်စားမှုများ ရှိနေသေးသဖြင့် တိုးတက်မှုမှာ ရှိသင့်သလောက် မရှိဟု ဆိုရပေမည်။

မြန်မာ့နှစ်သစ်နှင့်အတူ မြန်မာ ပြည်သူများက စိတ်ကြိုက်ရွေးချယ်တင် မြှောက်ပေးခဲ့သည့် အရပ်သားအစိုးရသစ်တစ်ရပ်လည်း ပေါ်ထွက်လာခဲ့ချေ ပြီ။ သမ္မတသစ်ဦးထင်ကျော် ဦးဆောင်သည့်အစိုးရအဖွဲ့သစ်သည် မြန်မာနိုင်ငံ ၏လက်ရှိဖြစ်ပေါ်နေသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် စိန်ခေါ်မှုများ၊ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရပေဦးမည်။

မြန်မာတို့၏နှစ်သစ်မင်္ဂလာနှင့် အတူ မွေးဖွားပေါ်ပေါက်လာခဲ့သည့် သမ္မတဦးထင်ကျော် ဦးဆောင်သည့် အရပ်သားအစိုးရသည် မင်္ဂလာရှိသော အစိုးရ၊ အောင်မြင်သော အစိုးရ၊ ငြိမ်းချမ်းရေးကို ဦးတည်သောအစိုးရ၊ ပြည်သူများ၏ အသံကို အာရုံစိုက်သော အစိုးရတစ်ရပ်ဖြစ်ပေါ်လာပါစေဟု ဆုတောင်းပတ္ထနာပြုလိုက်ရပါသည်။


POLYMER
Since 1991
POLYMER
Company Limited.
Building (1), Room (3) Anawrahtar Housing Estate. Botataung Pagoda Road. Pazundaung Township. Yangon.
Ph; 01 293445, 01 298641, 01 592375 Fax; 095 1 201228 E-mail; polymerheadoffice@gmail.com
No ( 295 ) 35th Street. Bt; 81st & 82nd Streets. Mahaaungmyay Township. Mandalay.
Ph; 09 91008089, 09 73212519, 02 5153746 Fax; 095 2 5153746 E-mail; polymer.mdy@gmail.com


Ayeyar Hinthar Holdings Company Limited
Hinthar
COOKING OIL
100 % Cooking Oil
Ayeyar
Hinthar
Hot Lines : + 959783666 141~144
100% Premium Quality
100% Super Grade A
Ayeyar Rice(Paw San)
Value Buy
SUZUKI
Way of Life!
Ayeyar Hinthar Motors
SEVEN
ALUMINIUM
Fabrication & Installation of Aluminium Products
YANGON
# 1106, Ye Ta Khon Tower, 531, Lower Kyee Myin Daing Road, Kyee Myin Daing Township, Yangon,Myanmar.
Tel : +951 – 508070 ~ 1, 508232~4
Fax : +951 – 508071
Hotline : +959 – 97634 7770, + 959 – 97634 8880
Email : marketing@7aluminium.com,sales@7aluminium.com
NAYPYITAW
# 39, Shopping Complex, Za Bu Thiri Township, Nay Pyi Taw.
Tel : 067 – 422 363,25855
Fax : 067 – 422 355

# Myanmar International Gems, Jewellery & Watch Expo 2016 ကုန်စည်ပြပွဲကျင်းပ

Myanmar International Gems, Jewellery & Watch Expo 2016 ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ (Gems Trade Center) တွင် ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ကျောက်မျက်ရတနာရောင်းဝယ်ရေးအသင်း ဥက္ကဋ္ဌ ဦးယုံမူ၊ အတွင်းရေးမှူး ဦးထွန်းလှအောင်၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေဆိုင်)၊ Asia Concent Co.,Ltd. နှင့် ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ကြပါသည်။

အဆိုပါပြပွဲကို In Time Media (Myanmar) Co.,Ltd၊ La Min Aung Trading Company Limited တို့က စီစဉ်ကြီးကြပ်ပြီး ဟောင်ကောင်၊ သြစတြေးနိုင်ငံရှိ ကုမ္ပဏီရှစ်ခုမှ ကျောက်မျက်ရတနာ အချောထည်များ၊ အချောထည်ပြုလုပ်သည့် စက်များ၊ ခွဲစက်သေးများအား ခင်းကျင်းပြသခဲ့ကြပါသည်။

သယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် တွင်းထွက်ကျောက်မျက်ရတနာ အကြမ်းထည်များကို ပြည်ပသို့လျှော့ဈေးဖြင့် ရောင်းချမည့်အစား အချောထည်ပြုလုပ်သော စက်ကိရိယာများဖြင့် ပြုလုပ်ရောင်းချပါက ပြည်တွင်းဝင်ငွေပိုမိုရရှိရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး ရတနာပစ္စည်းရောင်းချသည့်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်များ ပိုမိုခံစားရရှိစေ ရန်၊ နည်းပညာ အပြန်အလှန် ဖလှယ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြသခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၎င်းပြပွဲအား ဧပြီ ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

KMT




# ဟိုချီမင်းမြို့တော် ကုန်စည်ပြပွဲ ၂၀၁၆ (HO CHI MINH CITY EXPO 2016) ကျင်းပ

ဟိုချီမင်းမြို့တော်ကုန်စည်ပြပွဲ ၂၀၁၆ (Ho Chi Minh City EXPO 2016) ပြပွဲကို ဧပြီ ၁ရက်က ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး Mr. Pham Thanh Dung ၊ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာအကြံပေး Mr. Vo Thi Ngoc Diep ၊ ဗီယက်နမ်နိုင်ငံကုန်သွယ်မှုမြှင့် တင်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဌာနမှ ညွှန်ကြားရေးမှူး Mr. Pham Thiet Hoa ၊ UMFCCI မှ တာဝန်ရှိသူများ၊ စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းသည် မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ ချစ်ခင်ရင်းနှီးမှုကို ပိုမိုတိုးတက်လာစေသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့၏ ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက် တစ်နှစ်တိုးတက်လျက်ရှိသဖြင့် အလားအလာကောင်းများကို လည်းမြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ ယခုပြပွဲမှလည်း ဗီယက်နမ်နိုင်ငံ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေနိုင်မည်ဖြစ်ပါကြောင်း၊ ယခုပြပွဲတွင် ဗီယက်နမ်နိုင်ငံ၏ ထင်ရှားကျော်ကြားလှသည့် ထုတ်ကုန်များဖြစ်သည့် ပဲပိစပ်ဆီ၊ ငါးငံပြာရည်၊ ကော်ဖီစေ့ကြိတ်စက်၊ ကော် ဖီဖျော်စက်စသည့် ကုန်ပစ္စည်းများသည် မြန်မာပြည်ဈေးကွက်အတွင်း အလားအလာ ကောင်းသည့် ကုန်ပစ္စည်းများပင်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ထုတ်လုပ်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ တစ်ဦးနှင့်တစ်ဦး ဆွေးနွေးတိုင်ပင်ခြင်းဖြင့် အနာဂတ်စီးပွားရေး အခွင့်အလမ်းများအတွက် အလားအလာကောင်းများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းကုန်စည်ပြပွဲတွင် ဗီယက်နမ် နိုင်ငံ၏ဈေးအသက်သာဆုံးလေကြောင်း လိုင်းတစ်လိုင်းဖြစ်သည့် Vietjet လေကြောင်းလိုင်းလည်း ပါဝင်ပြသခဲ့သည်။ Vietjet ပြခန်းသို့ လာရောက်လည်ပတ်သူများအား ကံစမ်းမဲအစီအစဉ်များ ထည့်သွင်းထားပြီး ကံစမ်းမဲအစီအစဉ်များမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ သွားရောက်လည်ပတ်နိုင်မည့် အခွင့်အရေးများကိုလည်း ရရှိမည်ဖြစ်သည်။

အဆိုပါပြပွဲကို ဧပြီ၁ရက်မှ ၃ ရက်အထိ ကုမ္ပဏီပေါင်း ၄၇ ခုမှ လာရောက်ပြသရောင်းချခဲ့ကြောင်း သိရသည်။

မယ်သီတာ

**မဟာသင်္ကြန်ကာလ ကောမတ်စ်ဂျာနယ် သုံးပတ်နားမည်**

မြန်မာတို့၏ ရိုးရာအစဉ်အလာဖြစ်သည့် မဟာသင်္ကြန်ကာလတွင် ကောမတ်စ် ဂျာနယ်အား သုံးပတ်နားမည်ဖြစ်ပါသည်။ ဧပြီ ၁၁ ရက်၊ ၁၈ ရက်နှင့် ၂၅ ရက်တို့တွင် ဂျာနယ်ထွက်ရှိမည်မဟုတ်ဘဲ မေ ၂ ရက်မှသာ အတွဲ(၁၆) အမှတ်(၁၅)ကို ပြန်လည်ထုတ်ဝေ မည်ဖြစ်ပါကြောင်း ကောမတ်စ်ဂျာနယ်ကို ထာဝရအားပေး ဖတ်ရှုနေသည့် ပရိသတ်များအား အသိပေးအပ်ပါသည်။

အယ်ဒီတာအဖွဲ့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 16, No.14 Monday April 4 2016

# ရန်ကုန်ဝါးတန်းဒိုင်သို့ ပေါ်ဆန်းဆန် ပုံမှန်အဝင်ရှိပြီး ဈေးငြိမ်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ် ဆန်းဆန် ထိပ်စတစ်အိတ် ၃၃၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၁၅၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ် ၃၅၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၃၀၀၀ ကျပ်များနဲ့ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ နယ်စုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၂၀၀၀ ကျပ်၊ လတ်စ တစ် အိတ် ၃၁၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်ပါက ထိပ်စ၊ လတ်စ တစ်အိတ်ကို ၅၀၀ ကျပ် ခန့်စီ ဈေးကျလာကြောင်း တွေ့ရပါတယ်။

ရွှေဘိုပေါ်ဆန်းဆန် သစ်ဈေးနှုန်းက ယခင်တစ်ပတ်မှာ တစ်အိတ်ကို ၄၀၀၀၀ ကျပ်မှ ၄၃၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ် ပတ်ကထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးနှုန်းများ အရ စိစစ်တွေ့ရှိရပါတယ်။ ဒီတစ်ပတ် ပေါ်ဆန်းဆန်အရောင်းအဝယ် အနည်းငယ်အေးနေပေမယ့် ဈေးနှုန်းကျဆင်းမှုသိပ်မရှိကြောင်း ကုန်စည်ဒိုင်သို့လည်း အဝင်ပုံမှန်ရှိနေကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ထိပ်စ တစ်အိတ် ၂၃၀၀၀ ကျပ်၊ အလတ်စဆန်တစ်အိတ် ၂၁၅၀၀ ကျပ်ဖြစ်လို့ ယခင် တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ ဈေးငြိမ်နေကြောင်း သိရပါတယ်။ မနောသုခသစ် (ရှယ်) ဈေးနှုန်းက တစ်အိတ် ၂၃၅၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်၊ ရေကျနောက်စိုက် ဧည့်မထ ဆန်တစ်အိတ် ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင် တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ဈေးငြိမ်နေကြောင်း တွေ့ရပါတယ်။

နွေသီးထပ် (ရှယ်) ဆန်တစ်အိတ် ၁၈၀၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၂၀၀၀-၁၅၀၀ ကျပ် ခန့် ဈေးကျလာတာကို တွေ့ရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်မှာ ဒိုင်သို့အဝင်များနေပေမယ့် ဆန်ကြမ်းများ ဈေးကျနေကြောင်း၊ နယ်စပ်မှာလည်းအရောင်းအဝယ်မဖြစ် လို့ဝယ်သူအားနည်းပြီး တော်တော်လေး အဝယ်အေးနေတယ် လို့ ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

တရုတ်လိုင်း မူဆယ်ဆန်ဈေးကွက်ရဲ့ ဧပြီ ၁ ရက်ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်မှော်ဘီ တစ်အိတ် ၁၄၆-၁၅၀ ယွမ်၊ စူပါ တစ်အိတ် ၁၄၆-၁၄၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီတစ်အိတ် ၁၄၃-၁၄၅ ယွမ်၊ စူပါတစ်အိတ် ၁၄၃-၁၄၄ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၄၁-၁၄၃ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၃၈-၁၄၀ ယွမ်၊ ရွှေဝါထွန်းတစ်အိတ် ၁၃၈-၁၄၀ ယွမ်၊ ဧည့်မထ ၃၅ မှတ် ရွှေဝါထွန်း တစ်အိတ် ၁၃၆-၁၃၇ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၁-၁၄၆ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၉-၁၄၀ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၃၇-၁၃၈ ယွမ်၊ အသီးသီးဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း၊ ဧပြီ ၁ ရက်ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၃ ကျပ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၄၄၄ တန်ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၇၂၂၀ တန်ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၁၄၇၃ တန်ခန့် ပိုမိုဝင်ရောက်မှုရှိတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ တရုတ်ပြည်ဘက်မှာ အဖမ်းအဆီးများဆက်တိုက်ရှိနေသဖြင့် အရောင်းအဝယ်ရပ်တန့်နေကြောင်း၊ အရောင်းအဝယ် မဖြစ်သော်လည်း ဝင်ရောက်လာတဲ့ ဆန်တန်ချိန်များ မြင့်တက်နေကြောင်း၊ ကုန်တင်ကားခဈေးနှုန်းများ ကျဆင်းနေတဲ့အတွက် ကုန်သည်များ ဆက်လက်တင်ပို့မှုရှိနေကြောင်း မူဆယ်ဆန်ဈေးကွက်မှ စုံစမ်း သိရှိရပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၂၅ ရက်အထိ မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၁၄၅၆၁၆၁ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၁၁ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁၀၉၈၉၇၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၄၀၁ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၆၀၃၇၂ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၃ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၅၇၁၈၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၉ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၃၆၈၂၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MIRT-YGN**

## သာယာဝတီခရိုင်မှာ ဆောင်းသီးနှံရိတ်သိမ်းပြီး နွေစပါးများစိုက်ပျိုးနေပြီ

သာယာဝတီခရိုင်အတွင်းရှိ တောင်သူလယ်သမားများသည် မိုးစပါးစိုက်ပျိုးရာမှ ထွက်ရှိသည့် စပါးတင်း ၁၀၀ ကို ၆၁၆၄၀၀ ကျပ်ဈေးရရှိကြပြီး၊ ဆောင်းရာသီတွင် ဆောင်းသီးနှံမတ်ပဲကို မိုးစပါးရိတ်ပြီးလျှင်ပြီးခြင်း မြေအစိုဓာတ်အမီစော၍ စိုက်ပျိုးခဲ့သည့်တောင်သူများ ယခုအချိန်တွင် မတ်ပဲများ ထွက်ပေါ်နေပြီဖြစ်သောကြောင့် မတ်ပဲတစ်တင်းပေါက်ဈေး ၄၇၂၀၀ ကျပ်နဲ့ ယခင်နှစ်ကထက် ဈေးကောင်းရရှိ နေပြီဖြစ်ပါတယ်။

၎င်းပဲများနှုတ်သိမ်းပြီး ဆည်ရေရရှိသည့် လယ်မြေများတွင် သက်လတ်နွေစပါးစိုက်ပျိုးကြရာ ယခင်နှစ်က စိုက်ပျိုးရန်လျာထားဧက ၄၇၈၃၇ အနက် ၄၆၅၅၄ ဧက စိုက်ပျိုးခဲ့ပါတယ်။ ယခုနှစ်မှာတော့ စိုက်ပျိုးရန် ဧက ၄၅၀၅၈ လျာထားပြီး မတ် ၂၃ ရက်အထိ ၂၈၅၇၀ ဧကစိုက်ပျိုးပြီးဖြစ်သဖြင့် လယ်သမားများ အားသွန်ခွန်စိုက် ဝီရိယထား ထွန်ယက်စိုက်ပျိုးနေခြင်းမှာ ယခင်နှစ်ကထက် စပါးဈေး၊ ပဲဈေးများကောင်း၍ အကျိုးအမြတ်များ ပိုမိုရရှိတာကြောင့် သုံးရာသီလယ်ယာမြေကို အအားမထားဘဲ အကျိုးရှိအောင် လူမနား မြေမအားဘဲ စိုက်ပျိုးထုတ်လုပ်နေကြောင်း သိရပါတယ်။

**ခင်ဇော်-လက်ပံတန်း**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃၁-၃-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၅ | ၃၉၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၆ | ၃၈၄ | ▽ | ၃၈၈ | ၃၇၅ | ▽ | ၃၆၅ | ၃၇၀ | △ | ၃၃၅ | ၃၄၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၇ | ၃၇၅ | ▽ | ၃၆၅ | ၃၆၀ | ▽ | ၃၃၅ | ၃၃၅ | □ | ၃၀၅ | ၃၁၀ | △ |
| ပေါင်းဆန် | ၃၇၀ | ၃၇၀ | □ | - | - | - | ၃၅၀ | ၃၅၅ | △ | - | - | - |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃၁-၃-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၄၀ | ၄၄၀ | □ | ၄၃၅ | ၄၃၅ | □ | ၄၂၅ | ၄၂၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁-၄-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၁၅၀၀ | □ | ၇၇၂၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၁၈၀ | □ | ၃၀၀၀၀ | △ |
| ပဲခူး | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၆၉၀၀ | □ | ၂၉၀၀၀ | □ |
| ရွှေဘို | ၇၁၀၀ | ▽ | ၃၀၀၀၀ | △ | ၁၁၅၀၀ | △ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၃၀ | □ | ၂၁၅၀၀ | □ | - | - | ၃၁၀၀၀ | ▽ |
| မန္တလေး | ၇၂၀၀ | △ | ၂၆၀၀၀ | △ | - | - | ၃၂၀၀၀ | □ |
| မကွေး | ၈၃၀၀ | △ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၀၀ | △ | ၂၁၀၀၀ | □ | ၇၃၀၀ | △ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | ▽ | - | - | ၃၀၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | ▽ | ၂၅၀၀၀ | △ | - | - | ၂၇၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၃၇၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ကုန်သွယ်ရေးစခန်းများမှ သီတင်းတစ်ပတ်အတွင်း ဆန်တန်ချိန် တစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ မတ် ၁၉ ရက်မှ ၂၅ ရက် အထိကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၈၂၉ သန်းဖိုးရှိ ဆန်တန်ချိန် ၁၀၄၆၉ တန်ခန့်တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၇၆၆၀ တန်ခန့်၊ ဧည့်မထဆန် တန် ၈၀၀၊ ၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် တန် ၂၀၀၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၄၁၈၆ တန် ပိုမိုတင် ပို့နိုင်ခဲ့ပါတယ်။ မူဆယ်မှ ကန်ဒေါ်လာ သုည ဒသမ ၄၁၁ သန်းဖိုးရှိ ဆန်ကွဲ ၁၂၆၅ တန်တင်ပို့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၄၀၇ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ် ၂၀ ရက်မှ ၂၆ ရက်အထိကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၀၀၄ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန်တန် ၂၇၂၀ တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန် ၅၀ နဲ့ ဧည့်မထဆန် တန် ၂၀၀၀ တင်ပို့ခဲ့ပြီး၊ အီးယူနိုင်ငံများသို့ ငစိန်ဆန် တန်၂၀ နဲ့ ပေါင်းဆန်တန် ၆၅၀ အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၃၉၅ တန်လျော့နည်းခဲ့ပါတယ်။ ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ ယခုသီတင်းပတ်အတွင်း တန်ချိန် ၂၇၂၅ တန်နဲ့ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၇၆၂ သန်းဖိုးရှိပါတယ်။ ဆန်ကွဲကို စင်ကာပူနိုင်ငံသို့ တန် ၁၀၀၊ တရုတ်နိုင်ငံသို့ တန် ၅၀၀၊ အီးယူနိုင်ငံများသို့ ၂၁၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၉၀ ပိုမိုတင် ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၄-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၅/၃ | ၁/၄ | ပြောင်းလဲမှု | ၂၅/၃ | ၁/၄ | ပြောင်းလဲမှု | ၂၅/၃ | ၁/၄ | ပြောင်းလဲမှု | ၂၅/၃ | ၁/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၃၇၅ | ၂၅၃၆ | ▲ | ၂၃၃၃ | ၂၄၀၀ | ▲ | ၂၃၀၀ | ၂၄၅၀ | ▲ | ၂၃၅၀ | ၂၄၂၅ | ▲ |
| ၂ | ပဲစင်းငုံ | ၂၂၉၁ | ၂၃၇၆ | ▲ | - | - | - | ၂၂၆၅ | ၂၃၃၀ | ▲ | ၂၂၅၀ | ၂၃၄၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၅၀၀ | - | - | - | - | - | ၁၇၈၉ | ၁၆၈၄ | ▼ | ၁၅၈၀ | ၁၅၈၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၁၀၀ | ၂၂၀၀ | ▲ | - | - | - | - | - | - | ၁၅၆၀ | ၁၇၁၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၉၅၀ | ▼ | - | - | - | ၈၅၀ | - | - | ၁၀၀၀ | ၁၀၅၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၆၀ | ▼ | ၉၇၈ | ၁၀၃၁ | ▲ | ၆၅၈ | ၆၃၂ | ▼ | ၆၁၀ | ၅၈၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁-၄-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၄/၃ | ၃၁/၃ | ပြောင်းလဲမှု | ၂၄/၃ | ၃၁/၃ | ပြောင်းလဲမှု | ၁၄/၃ | ၃၁/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၂၄၅ | ၁၂၆၀ | ▲ | ၁၆၅၃ | ၁၅၈၃ | ▼ | ၁၄၂၁ | ၁၅၀၈ | ▲ |
| ၂ | ပဲစင်းငုံ | ၁၁၇၅ | ၁၂၂၀ | ▲ | ၁၁၈၀ | ၁၂၈၁ | ▲ | ၁၂၁၁ | ၁၂၈၁ | ▲ |
| ၃ | ပဲတီစိမ်း | ၈၅၀ | ၈၂၅ | ▼ | ၉၄၇ | ၉၅၀ | ▲ | ၁၀၁၇ | ၁၀၅၅ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၈၀ | ၇၁၆ | ▲ | ၆၇၇ | ၇၁၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၉.၃.၁၆)ထိ | ယခုတစ်ပတ် (၂၆.၃.၁၆)ထိ | (၁.၁.၁၆) မှ (၂၆.၃.၁၆) ထိ |
| မတ်ပဲ | ၈၅၀၄ | ၁၈၇၇၅ | ၈၂၈၇၅ |
| ပဲတီစိမ်း | ၇၂၄၃ | ၆၉၂၈ | ၆၅၀၆၃ |
| ပဲစင်းငုံ | ၁၅၃၉၂ | ၈၈၃၅ | ၁၀၀၄၄၅ |
| ကုလားပဲ | ၂၈၄၉ | ၃၃၆၀ | ၇၅၁၀ |
| ပဲလွန်းဖြူ | ၁၁၄၆ | ၉၆၇ | ၅၇၁၃ |
| မြေထောက်ပဲ | ၄၁၆ | ၄၃၃ | ၂၀၀၇ |



## မတ်လအတွင်း ဈေးအေးသွားတဲ့ ပြည်ပဲနီပြား လက်လီလက်ကားအဝယ်ရှိ

မတ်လကုန်သီတင်းပတ်အတွင်း ပြည်ပဲဈေးကွက်မှာ ပဲနီပြားသီးနှံများ ဝင်ရောက်မှုများတဲ့အတွက် အိတ် ၃၀၀ ကျော်အထိ ဝင်လာခဲ့တာကို တွေ့ရပါတယ်။ ဖေဖော်ဝါရီလမှစ၍ ပဲသစ်များ ဝင်ရောက်ခဲ့ပြီး၊ ၎င်းလ အတွင်း ပဲနီပြားဈေးနှုန်းမှာ ၃၄၅၀၀ ကျပ်အထိ ရရှိခဲ့တဲ့အတွက် အခြားလက်လီပဲများထက်လည်း ဈေးပိုရလာခဲ့တယ်လို့ သိရပါတယ်။ မတ်လမှာတော့ ပဲအဝင်များလာတဲ့အတွက် ပဲဈေးမှာ ဈေးပြန်လျော့သွားပြီး ကျပ်သုံးသောင်းအောက်သာ ရရှိခဲ့ကာ ယခုရက်ပိုင်းမှာလည်း ဈေးအလျော့နဲ့ ဆက်လက်အဝယ်ရှိလို့ တစ်တင်း ၂၁၀၀၀ ကျပ်ရရှိခဲ့ပြီး လှောင်လက်များ ဝယ်ယူနေကြတယ်လို့ သိရပါတယ်။ လက်လီသမားလည်း အဝယ်ရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်စားတော်ပဲ ပြည်တွင်းဈေးကွက်မှာ နှစ်စဉ် ဈေးကောင်းရ

နှစ်စဉ် ဈေးကောင်းရနေတဲ့ ပြည်တွင်းဝယ်လက်စားတော်ပဲသီးနှံဟာ ယခုနှစ်မှာလည်း ကျပ် သုံးသောင်းအထက် ရရှိနေခဲ့ပါတယ်။ မင်းတုန်း၊ ကံမမြို့နယ်များမှ ပြည်ဈေးကွက်သို့ ဝင်ရောက်ခဲ့လို့ တစ်ရက် အိတ် ၁၅၀ ကျော်နေ့စဉ် ဝင်ရောက်လျက်ရှိပြီး ဝယ်လက်အနေဖြင့် လှောင်သမားရော၊ လက်လီပါအဝယ်ရှိခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်တင်း ၃၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့ရာမှ ယခုရက်မှာတော့ တစ်တင်း ၃၂၀၀၀ ကျပ်ရရှိခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က မတ်လအတွင်း လက်လီပဲထဲမှာ တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် ဈေးကောင်းတယ်လို့ ဆိုရမှာဖြစ်သော်လည်း ယခုနှစ်မှာတော့ တစ်တင်း ကျပ် ၇၀၀၀ ခန့် ဈေးပိုရလာသလို အခြားပြည်တွင်း ဝယ်လက်ပဲများနဲ့ယှဉ်ရင်လည်း ဈေးကောင်းရနေတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မတ်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပခုက္ကူပဲမျိုးစုံဈေးကွက် မြင်ကွင်း

ပြည်တွင်းစားသုံးရန်သာမက ပြည်ပပို့ကုန် ပဲမျိုးစုံထွက်ရှိတဲ့ မကွေးတိုင်းဒေသကြီးရဲ့အနောက် မြို့တော်ဖြစ်တဲ့ ပခုက္ကူဈေးကွက်အတွင်းသို့ ဆောင်းသီးနှံဖြစ်သော ပဲမျိုးစုံနေ့စဉ်ဝင်ရောက်လျက်ရှိရာ ပဲစင်းငုံနီမှာ ၎င်းတို့အနက် ရန်ကုန်ဝယ်လက်ကြောင့် အရောင်းသွက်လျက်ရှိပြီး မတ်လအတွင်း ပဲစင်းငုံနီ တစ်တင်းကို ၄၀၂၀၀ ကျပ်မှ ၄၆၆၀၀ ကျပ်အထိ ဈေးပြန်လည်မြင့်တက်လာပြီး တစ်နေ့ကို အိတ်ရေ ၁၀၀၀-၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံအနေဖြင့် ပခုက္ကူဈေးကွက်အတွင်းသို့ မြိုင်၊ ရေစကြိုမြို့နယ်များနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲ၊ မင်းတိုင်ပင်ဘက်မှ အဝင်များရှိ၍ ရန်ကုန်ဝယ်လက်နဲ့ ပဲခွဲစက်သမားများ၏ ဝယ်လိုအားကြောင့် ကုလားပဲများ လှိုင်လှိုင်ပေါ် သည်နှင့်အမျှ ဈေးနှုန်းမှာလည်း ကုလားပဲဝါ (ဟော်လန်) တစ်တင်း ၃၀၅၀၀ ကျပ်၊ ကုလားပဲဖြူ (V2) တစ်တင်း ၃၁၅၀၀ ကျပ်နဲ့ ကုလားပဲဖြူလုံးကြီး 929 တစ်တင်းကို ၃၂၀၀၀ ကျပ်ဖြင့် ဈေးကောင်းများရှိ၍ အရောင်းအဝယ်သွက်လျက်ရှိပြီး တစ်နေ့ကို အိတ်ရေ ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ထောပတ်ပဲမှာ ပဲဈေးကွက်အတွင်း ဈေးအနည်းဆုံးဖြစ်သော်လည်း အရောင်းအဝယ်အသွက်ဆုံး ဖြစ်နေတာ တွေ့ရပါတယ်။ ပခုက္ကူဈေးကွက်အတွင်းသို့ ရေစကြို၊ ဂန့်ဂေါ၊ ထီးလင်းနယ်များမှ ဝင်ရောက်လျက်ရှိပြီး တစ်နေ့ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်ဝယ်လက်ကြောင့် အရောင်းအသွက်ဆုံးဖြစ်နေကြောင်း သိရပါတယ်။

ပဲကြီးသီးနှံမှာ ပေါက်မြို့နယ်မှထွက်ရှိ၍ ဝင်လာသမျှကို ပဲကြော်ဖိုလုပ်ငန်းရှင်များက ဝယ်ယူလျက်ရှိပြီး တစ်တင်း ၂၀၀၀၀ ကျပ်ဈေးဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ အခြားပဲများဖြစ်တဲ့ ပဲယင်းမှာ မြစ်ခြေနယ်နဲ့ ကျွန်းလို့ခေါ် တဲ့ ရေစကြိုနယ်ဘက်မှ နေ့စဉ် အိတ် ၅၀ ခန့်ဝင်၍ တစ်တင်းကို ၁၄၀၀၀ ကျပ်နဲ့ ၁၄၃၀၀ ကျပ်ဈေးကြား အရောင်းအဝယ်ဖြစ်နေပါတယ်။ စွန်တာနီမှာ တစ်တင်း ၁၃၇၀၀ ကျပ်ဖြင့် နေ့စဉ် ၅၀ အိတ်ခန့် အရောင်းအဝယ်ရှိပြီး ထီးလင်းနယ်မှ ထွက်တဲ့ စားတော်ပဲမှာ ရန်ကုန်ဝယ်လက်ရှိနေသဖြင့် တစ်တင်း ၃၅၀၀၀ ကျပ်အထိ ရရှိကာ အရောင်းအဝယ်ဖြစ်နေပါတယ်။

ပဲဇီးကွက်နဲ့ ပဲစာဥတို့မှာလည်း ဆောင်းသီးနှံ ဖြစ်တာနဲ့အညီ နေ့စဉ် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲဇီးကွက် တစ်တင်း ၁၄၆၀၀ ကျပ်နဲ့ ပဲစာဥ တစ်တင်းကို ၁၄၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ၂၀၁၅ ခုနှစ် မတ်လနဲ့ ၂၀၁၆ ခုနှစ် မတ်လတို့ရဲ့ ပဲမျိုးစုံဈေးနှုန်း အနိမ့်အမြင့်ကို အောက်ပါဇယားဖြင့် နှုန်းယှဉ်ဖော်ပြရလျှင်-

| ပဲအမျိုးအမည် | ၂၀၁၅ ခုနှစ် မတ်လ | | ၂၀၁၆ ခုနှစ် မတ်လ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲစင်းငုံနီ | ၂၈၆၀၀ | ၂၉၅၀၀ | ၄၀၂၀၀ | ၄၆၆၀၀ |
| ကုလားပဲဝါ | ၁၆၃၀၀ | ၁၉၇၀၀ | ၂၀၈၀၀ | ၃၀၅၀၀ |
| ကုလားပဲဖြူ | ၁၆၆၀၀ | ၁၉၅၀၀ | ၂၅၅၀၀ | ၃၀၅၀၀ |
| ပဲယင်း | ၁၄၈၀၀ | ၁၆၄၀၀ | ၁၃၈၀၀ | ၁၄၅၀၀ |
| ပဲလွန်း | ၁၄၂၀၀ | ၁၅၄၀၀ | ၁၉၅၀၀ | ၂၁၀၀၀ |
| ပဲကြီး | ၁၆၂၀၀ | ၁၇၂၀၀ | ၁၆၅၀၀ | ၂၀၀၀၀ |
| စွန်တာနီ | ၁၃၇၀၀ | ၁၅၇၀၀ | ၁၃၆၀၀ | ၁၄၃၀၀ |
| ထောပတ်ပဲ | ၁၃၅၀၀ | ၁၇၄၀၀ | ၁၁၅၀၀ | ၁၃၅၀၀ |
| ပဲဇီးကွက် | ၁၄၀၀၀ | ၁၆၂၀၀ | ၁၄၀၀၀ | ၁၅၇၀၀ |
| ပဲနီပြား | ၁၇၈၀၀ | ၁၇၈၀၀ | ၂၀၅၀၀ | ၂၂၅၀၀ |

ပဲစင်းငုံနီမှာ အဖွင့်ဈေး ၅၂၀၀၀ ကျပ်နဲ့စာရင် ယခုပေါက်ဈေး ၄၆၆၀၀ ကျပ်က ဈေးကျသွားသော်လည်း ယခင်နှစ်ကာလတူဈေးနဲ့ယှဉ်ရင် ၁၇၀၀၀ ကျပ်ခန့် ဈေးပိုရရှိနေပါတယ်။ ကုလားပဲသီးနှံမှာလည်း ကာလတူဈေးထက် ၁၀၀၀၀ ကျပ်ကျော် ဈေးပိုရရှိနေ၍ ထောပတ်ပဲမှာတော့ ယခုကာလအထိ ဈေးနှုန်းမှာ ယခင်ကာလတူဈေးနှုန်းထက် ၃၉၀၀ ကျပ်ခန့် လျော့နည်းနေသော်လည်း အရောင်းအဝယ်အသွက်ဆုံးပဲဖြစ်ကြောင်း၊ ပဲထောပတ်စိုက် တောင်သူများအနေဖြင့် သင့်တော်သော အကျိုးအမြတ်များကို ရရှိခံစားရပါကြောင်း သိရှိရပါတယ်။

**ချယ်ရီမြင့်-ပခုက္ကူ**

# မတ်လစတုတ္ထပတ်အတွင်း ပဲမျိုးစုံတင်ပို့မှု အခြေအနေ

မတ်လ စတုတ္ထပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကန်ဒေါ်လာ ၈ ဒသမ ၂၈၆ သန်းတန်ဖိုးရှိ ပဲတီစိမ်း၊ ပဲလွန်းဖြူ၊ ပဲပုပ်စေ့၊ မြေပဲဆန်၊ ပဲကြီး၊ မတ်ပဲနဲ့ ပဲယင်း ၇၂၆၆ တန်ကျော်ကိုလည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၆၂၄ သန်းတန်ဖိုးရှိ မြေထောက်ပဲ တန် ၇၅၀ ကိုလည်းကောင်း ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၃၂၉ သန်းတန်ဖိုးရှိမြေပဲဆန် ၂၃၅ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၈၅ သန်းတန်ဖိုးရှိ မတ်ပဲ ၆၇ တန်ခွဲကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ ပဲဈေးနှုန်းတွေအနေနဲ့ ပဲတီစိမ်းဈေးသာ အနည်းငယ်ကျဆင်းခဲ့ပြီး ကျန်ပဲဈေးတွေကတော့ ဆက်လက်မြင့်တက်နေပါတယ်။မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ်ပဲဈေးနှုန်းများကို မိမိဘက်ပေါက်ဈေးနဲ့ တစ်ဘက်နိုင်ငံ ဈေးများအား နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်ပေါက်ဈေး | | တစ်ဖက်နိုင်ငံဈေး | |
|---|---|---|---|---|
| | ယခုတစ်ပတ် | ယခင်တစ်ပတ် | ယခုတစ်ပတ် | ယခင်တစ်ပတ် |
| | (တန်/ကျပ်) | | (တန်/ယွမ်) | |
| ပဲတီစိမ်း | ၁၂၇၅၅၉၆ | ၁၃၅၉၈၅၄ | ၇၄၅၂ | ၆၉၅၂ |
| ပဲယင်း | ၅၄၁၅၆၀ | ၅၃၈၅၉၅ | ၂၉၅၂ | ၂၉၅၂ |
| ပဲလွန်းဖြူ | ၉၀၈၅၃၂ | ၉၀၃၅၅၈ | ၄၉၅၂ | ၄၉၅၂ |
| ပဲပုတ်စေ့ | ၆၅၁၆၅၁ | ၆၄၈၀၈၄ | ၃၅၅၂ | ၃၅၅၂ |
| မြေထောက်ပဲ | ၆၃၃၃၀၃ | ၆၂၉၈၃၆ | ၃၄၅၂ | ၃၄၅၂ |
| ပဲကြီး | ၈၁၆၇၈၉ | ၈၁၂၃၁၈ | ၄၄၅၂ | ၄၄၅၂ |
| ထောပတ်ပဲ | ၆၃၃၃၀၃ | ၆၂၉၈၃၆ | ၃၄၅၂ | ၃၄၅၂ |
| ပဲနီကြား | ၆၃၃၃၀၃ | ၆၂၉၈၃၆ | ၃၄၅၂ | ၃၄၅၂ |
| မြေပဲ | ၁၄၅၈၉၉၁ | ၁၄၅၁၀၀၄ | ၇၉၅၂ | ၇၉၅၂ |

မော်မော်အောင်

## ပြည်ပဲပုပ် တစ်နှစ်လုံးဈေးအေးအရောင်းအဝယ်ဖြစ်

ယခုနှစ်အတွင်း ပဲဈေးနှုန်းများ ပြည်ပဝယ်လက်ပဲရော၊ ပြည်တွင်းဝယ်လက်ပဲပါ ဈေးကောင်းရရှိမှုများခဲ့ပေမယ့် ပဲပုပ်သီးနှံဈေးကတော့ ယခုနှစ်အတွင်း ဈေးအေးခဲ့တဲ့နှစ်ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ဧပြီလမှ ယခု မတ်လကုန်အထိ ဈေးနှုန်းအခြေအနေကိုလေ့လာကြည့်ရာ တစ်နှစ်တာလုံး ကျပ်နှစ်သောင်းအောက်သာရရှိခဲ့ပြီး အနိမ့်ဆုံးတစ်တင်း ၁၆၀၀၀ ကျပ်နဲ့ အမြင့်ဆုံး တစ်တင်း ၁၉၅၀၀ ကျပ်သာရရှိခဲ့ပါတယ်။ မိုးပဲပုပ်ဈေးရော၊ ဆောင်းပဲပုပ်ဈေးပါ ဈေးအတက်အကျသိပ်မဖြစ်ခဲ့ဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲအထွက်လှိုင်လာချိန်ကာလများမှာ ရန်ကုန်ဝယ်လက်၊ နယ်ဝယ်လက်နဲ့ ဒေသတွင်း လက်လီသမားအဝယ်သွက်ပေမယ့် ပဲလက်ကျန်သာရှိတော့တဲ့ အချိန်မှာ လက်လီသမားအနည်းငယ်နဲ့သာ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ထောပတ်ပဲသီးနှံဈေးရော အရောင်းအဝယ်ပါအေး

ပြည်ခရိုင်အတွင်း ဆောင်းပဲသီးနှံများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲစသဖြင့် စိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲသီးနှံကိုလည်း ၎င်းပဲများကဲ့သို့ စိုက်ပျိုးမှုမများပေမယ့် ရွှေတောင်နဲ့ပန်းတောင်းမြို့နယ်များမှာ ဧက ၄၀၀၀ ကျော်စိုက်ပျိုးခဲ့တယ်လို့သိရပါတယ်။

ပြည်ဈေးကွက်သို့ ၎င်းမြို့နယ်များမှထွက်ရှိတဲ့ ထောပတ်ပဲသီးနှံများ မတ်လဆန်းတွင် ဝင်ရောက်လာပြီး ယခုရက်မှာ အိတ် ၂၀၀ ကျော်အထိ ဝင်ရောက်မှုများလာသော်လည်း လက်ကား သမားဝယ်ယူမှုသိပ်မရှိဘဲ လက်လီသမားလောက်သာ ဝယ်ယူခဲ့ကြတာကို တွေ့ရပါတယ်။ ပဲဈေးမှာလည်း တစ်တင်း ၁၃၅၀၀ ကျပ်နဲ့သာ ဈေးကွက်အတွင်းမှာ အနိမ့်ဆုံးဈေးရခဲ့သလို အရောင်းအဝယ်အေးခဲ့တဲ့ပဲဖြစ်တယ်လို့သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# မတ်လကုန် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲသီးနှံဈေး အမြင့်ဆုံးရပြီး အရောင်းအဝယ်သွက်နေသလို ပဲစင်းငုံ ဒုတိယဈေးအမြင့်နဲ့ အဝယ်လိုက်နေ

မတ်လကုန်သီတင်းပတ် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဆောင်းပဲမျိုးစုံဝင်ရောက်လျက်ရှိရာ မတ်ပဲ၊ ကုလားပဲနှင့် ပဲကြီးသီးနှံများမှာ အိတ် ၁၀၀၀ ကျော်အထိနေ့စဉ် ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ မတ်ပဲသီးနှံ အဓိကဝင်ရောက်နေသလို ယခုလ ကုန်ပတ်မှာ လှောင်သမားအဝယ်နည်းပြီး ရန်ကုန်ဝယ်လက်အဝယ်လိုက်ခဲ့ပါတယ်။

ပဲစိုက်တောင်သူများမှလည်း အချို့တောင်သူတွေက ဈေးမစောင့်ဘဲ ယခုဈေးနှင့်ရောင်းချသလို အချို့တောင်သူများကလည်း ဈေးကောင်း ဆက်မျှော်ကာ သိုလှောင်ထားကြတယ်လို့ သိရပါတယ်။ ယခုလကုန်သီတင်းပတ် မတ်ပဲသီးနှံဈေးမှာ တစ်တင်း ၄၇၂၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ဈေးထက် ဈေးပြန်တက်လာခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က မတ်လကုန် မတ်ပဲဈေးမှာ တစ်တင်း ၃၀၀၀၀ ကျပ်ရရှိခဲ့လို့ ယခုနှစ်ကတော့ ယခင်နှစ်ဈေးထက် ကျပ်နှစ်သောင်းနီးပါး ဈေးပိုရနေပြီဖြစ်ကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံ ပဲအဝင်သိပ်မရှိတော့ဘဲ လက်ကျန်ပဲများသာရှိခဲ့လို့ တစ်ခါတစ်ရံ အိတ်ရေ ၁၅၀ ကျော် မန္တလေးဝယ်လက်အဝယ်ရှိတဲ့အတွက် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၃၂၅၀၀ ကျပ်ဖြင့် လလယ်ကဈေးထက်လည်း ဈေးပိုရလာခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံမှာ ပဲသစ်အဖွင့်ဈေးမှာ တစ်တင်း ၄၀၅၀၀ ကျပ်ဖြင့် ဈေးကောင်းရခဲ့ပြီး ပဲအဝင်လှိုင်ချိန်မှစ၍ တဖြည်းဖြည်းဈေးလျော့နည်းသွားခဲ့ပါတယ်။ ယခုလက်ကျန် ရှားချိန်ကျမှသာ ဈေးအနည်းငယ်ပြန်တက်လာသော်လည်း ပဲသစ်ပေါ်စဈေးကိုတော့မမီတော့ဘူးလို့ သိရပါတယ်။

ပဲစင်းငုံသီးနှံက ယခုကာလမှာ ပဲအဝင်သိပ်မရှိတော့တဲ့အတွက် တစ်ရက်အိတ် ၁၅၀ ကျော်သာ ဝင်ရောက်ခဲ့ပြီး၊ လှောင်သမားထက် ရန်ကုန်ဝယ်လက် အဝယ်ပိုလိုက်နေတာကြောင့် ပဲဈေးမှာ တစ်တင်း ကျပ် ၂၀၀၀ ကျော် ထပ်မံမြင့်တက်ခဲ့ကာ ယခုလကုန်မှာ တစ်တင်း ၄၆၂၀၀ ကျပ်ဖြင့် မတ်ပဲဈေးနီးပါး ဈေးကောင်းရရှိလာခဲ့ပြီဖြစ်ပါတယ်။ အိတ် ၄၀၀ ကျော်လက်ကျန်ပဲများပါ အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။ ယခုမတ်လကုန် ရက်ပိုင်းအတွင်း ပြည်ပဝယ်လိုအားမတ်ပဲနှင့် ပဲစင်းငုံသီးနှံမှာ အရောင်းအဝယ်သွက်လျက်ရှိပြီး ပြည်ပဝယ်လိုအားအနေဖြင့် ပဲစင်းငုံသီးနှံမှာ ပိုအဝယ်လိုက်လို့ ပဲစင်းငုံဈေး မြင့်တက်ခဲ့တယ်လို့လည်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ပန်းတောင်းမြို့နယ်အပြင် မင်းတုန်း၊ ကံမဘက်မှလည်း အဝင်သွက်နေလို့ တစ်ရက်အိတ် ၁၀၀၀ ကျော် ဝင်ရောက်ခဲ့သလို အဝယ်လည်း သွက်နေခဲ့တယ်လို့ သိရပါတယ်။ ဒေသတွင်း ခွဲစက်သမားအပြင် ရန်ကုန်ဝယ်လက်ကပါ ဝယ်ယူမှုရှိနေခဲ့ပါတယ်။ ပဲဈေးနှုန်းမှာလည်း တက်ဈေးရလာလို့ တစ်တင်း ၃၄၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက်လည်း ဈေးပိုရလာပြီဖြစ်သလို ယခင်နှစ်က ပဲဈေးထက်လည်း ဈေးကောင်းရနေခဲ့ပါတယ်။ ယခင်နှစ်က မတ်လကုန် ကုလားပဲဈေးမှာ တစ်တင်း ၁၇၆၀၀ ကျပ်နဲ့သာ ရရှိခဲ့ကြောင်း သိရပါတယ်။ ယခုနှစ်မှာတော့ ပဲဈေးအားလုံးလိုလို ဈေးမြင့်ရခဲ့တဲ့အတွက် ကုလားပဲသီးနှံကလည်း ပြည်ပဝယ်လိုအားကောင်းသော ပဲသီးနှံများကဲ့သို့ ဈေးကောင်းရလျက်ရှိတဲ့အတွက် ပဲစိုက်တောင်သူများ ယခုနှစ်မှာ အကျိုးအမြတ်ပိုခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံအနေဖြင့် ပန်းတောင်း၊ မင်းတုန်း၊ ကံမ၊ ရွှေတောင်နယ်စုံမှ ဝင်ရောက်လာတဲ့အတွက် အိတ် ၁၃၀၀ ကျော်ခန့်အထိ အများဆုံးဝင်ရောက်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ၂၄၀၀၀ ကျပ်နဲ့ ၂၂၀၀၀ ကျပ်ခန့် အသီးသီးရရှိခဲ့ကြကာ ဈေးအနည်းငယ်လျော့သွားတာကို တွေ့ရပါတယ်။ ပဲကြီးဈေးမှာ ကုလားပဲဈေးနှင့်ယှဉ်ရင် ဈေးလျော့နေတဲ့အတွက် လှောင်ပဲသမားများ ဝယ်ယူသိုလှောင်နေကြပြီး ပဲကြော်ဖိုလုပ်ငန်းသမားများပါ အဝယ်သွက်လို့ တစ်ရက်အိတ် ၈၀၀ ကျော် ၉၀၀ အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ပဲကြီးဈေးနှုန်းမှာ အခြားပဲများကဲ့သို့ ယခုနှစ်တွင် ဈေးကောင်းရလာခြင်းမရှိဘဲ ယခင်နှစ်ဈေးနဲ့ ယခုနှစ်ဈေးမှာ ဈေးကွာခြားမှုသိပ်မရှိကြောင်း သိရပါတယ်။

ဘိုကိတ်ပဲသစ်များ အိတ် ၄၀ ကျော် ၅၀ ဝင်ရောက်ပြီး ရန်ကုန်ဝယ်လက်နှင့် နယ်ဝယ်လက် အနည်းငယ်ရှိကြလို့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကာ ဈေးငြိမ်နေပြီး တစ်တင်း ၂၁၀၀၀ ကျပ်ခန့်သာ ရရှိခဲ့ကြပါတယ်။ ပဲလွန်းဖြူသီးနှံကလည်း အဝင်သိပ်မများသလို လက်ကျန်လည်းနည်းတဲ့အတွက် တစ်တင်း ၂၁၀၀၀ ကျပ်ခန့်ဖြင့် ဘိုကိတ်ပဲနှင့် ဈေးတူဖြစ်ကာ လက်လီသမားများ ဝယ်ယူလျက်ရှိခဲ့ပါတယ်။

မတ်လကုန်အတွင်း ပြည်ပဲဈေးကွက်ရဲ့ သီးနှံများထဲမှာ မတ်ပဲဈေးအမြင့်ဆုံးရပြီး၊ ပဲစင်းငုံသီးနှံက ဒုတိယဈေးအများဆုံးဖြစ်ခဲ့ကာ မတ်ပဲသီးနှံက အရောင်းအဝယ်ပိုသွက်ခဲ့သလို ကုလားပဲနှင့်ပဲကြီးသီးနှံမှာလည်း ကုလားပဲကဈေးပိုမြင့်ပေမယ့် ပဲကြီးသီးနှံက ပိုအရောင်းသွက်ပြီး အခြားပဲများကတော့ အရောင်းအဝယ်ပုံမှန်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# မုံရွာကုန်စည်ဒိုင် မတ်လကုန်သီတင်းပတ် ပဲဈေးကွက် Export ပဲဈေးမာ ပြည်တွင်းသုံး ပဲဈေးအေး

မုံရွာကုန်စည်ဒိုင် မတ်လကုန်ပတ် ပဲဈေးကွက်မှာ အဓိက Export ပဲတွေထဲက ငုံနီနဲ့မတ်ပဲတို့ ဈေးမာခဲ့ကြပြီး၊ ပြည်တွင်းသုံး လိုအပ်ချက်မြင့်မားတဲ့ ကုလားပဲမျိုးစုံကလွဲရင် ကျန်ပဲတွေ ဈေးအေးခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာ ကုန်သည်လှောင်လက်ထက် နယ်တောင်သူပဲတွေ အဝင်ရှိခဲ့သလောက် အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်ရက်အိတ် ၁၀၀၀ မှ ၁၅၀၀ ဝန်းကျင်အထိဖြစ်ခဲ့ပြီး၊ တစ်တင်း ၄၆၆၀၀ ကျပ်အထိ ဈေးမာခဲ့တာ တွေ့ရပါတယ်။ မတ်ပဲဈေးကွက်မှာလည်း နယ်အဝင်နဲ့ကုန်သည်အရောင်းပုံမှန်ဖြစ်ခဲ့လို့ တစ်ရက် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခုတစ်ပတ်မှာ တစ်တင်း ၄၉၀၀၀ ကျပ်အထိ အမြင့်ဆုံး ပေါက်ဈေးဖြစ်ခဲ့တယ်လို့ ဈေးကွက်မှ သိရပါတယ်။

အထူးသဖြင့် ပြည်တွင်းဝယ်လိုအားသာရှိခဲ့တဲ့ ကုလားပဲမျိုးစုံဈေးကွက်မှာ ယခုတစ်ပတ်အတွင်း ဆက်လက်ဈေးမြောက်နေပြီး၊ V2 နဲ့ 929 တစ်တင်း ၃၄၅၀၀ ကျပ်အထိ အမြင့်ဆုံးဈေးပေါက်ခဲ့သလို အရောင်းအဝယ်အားဖြင့် တစ်ရက်အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။

ဒေသသုံးပဲဈေးကွက်ထဲမှာတော့ ထောပတ်ပဲဟာ တစ်တင်း ၁၁၅၀၀ ကျပ်အထိ အနိမ့်ဆုံးကျဈေးဖြစ်ခဲ့လို့ သွယ်ဝိုက်ဆက်နွယ်ဈေးကွက်အဖြစ် ပဲနီ (စွန်တာနီ) ဈေးတစ်တင်း ၁၄၁၀၀ ကျပ်အထိကျဆင်းသွားပြီး၊ ပဲနီလုံးကြားလည်း တစ်တင်း ၁၅၁၀၀ ကျပ်အထိ ဈေးအေးကာ နှစ်မျိုးပေါင်း အိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ သတင်းရရှိပါတယ်။

ထွန်းလှိုင်-မုံရွာ

## ချင်း

### အဝင်ပုံမှန်၊ အရောင်းအဝယ်ပုံမှန်ဖြစ်နေတဲ့ ပြည်ချင်းဈေးကွက်

ပြည်ချင်းဈေးကွက်သို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းအသစ်များ ပုံမှန်အဝင်ရှိပြီး၊ ယခုတစ်ပတ်အတွင်းပိဿာသုံးဆယ်ဝင်အိတ် ၂၀၀ ခန့် ပုံမှန်အဝင်ရှိနေပါတယ်။ အဝင်များပေမယ့် ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း မပြောင်းလဲဘဲ ချင်းတစ်ပိဿာ (ရှယ်) ၉၀၀ ကျပ်၊ ၈၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်၊ ၆၀၀ ကျပ်တို့နဲ့ အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ယခုတစ်ပတ်အတွင်း နယ်ဝယ်လက်များ ပုံမှန်အဝယ်ရှိနေပြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်ပိဿာချိန် ၈၀၀ ခန့် တင်ပို့မှုရှိတယ်လို့သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ဟိုပုံးဈေးကွက် ချင်းခြောက်ကို မူဆယ်ဝယ်လက်အဝယ်သွက်

ဟိုပုံးဈေးကွက်ကိုဝင်တဲ့ ချင်းစိုက အရောင်းအဝယ်သိပ်မဖြစ်လို့ တောင်သူတွေ အခြောက်အဖြစ်သာ ပြုလုပ်လာကြပါတယ်။ ချင်း (စို) က ဝယ်လက်ကို စောင့်ရင်းနဲ့ အရောင်းအဝယ်မဖြစ်တော့တာ ကြောင့် ချင်း(ညှံ့)၊ ချင်း (ကောင်း) တွေကိုပါ တစ်ခါတည်းပြုတ်ခြောက် လုပ်လိုက်ရ တယ်လို့ ဈေးကွက်ကသိရပါတယ်။ အစိုဈေးက အညှံ့စဆိုရင် တစ်ပိဿာ ၃၀၀ ကျပ်၊ ထိပ်စ ဆိုရင် ၃၅၀ ကျပ်-၄၀၀ ကျပ်ခန့်သာရှိပြီး၊ ဝယ်လက်လည်းမရှိလို့ အခြောက်ပြုလုပ်ကြပါတယ်။ ဟိုပုံးချင်းခြောက်တွေကိုတော့ မူဆယ်ဝယ်လက်တွေက ဝယ်ယူနေ ပြီး တစ်ပိဿာ ၂၀၀၀ ကျပ် ဈေးပေါက်နေပါတယ်။ ချင်းခြောက်ကလည်း ဈေးကွက်မှာ အဝင်ပုံမှန်ရှိသလို အရောင်းကလည်း ပုံမှန်ရှိနေပါတယ်။ မူဆယ်ဝယ်လက်တွေက တစ်ပတ်အတွင်းမှာ ချင်းခြောက်ပိဿာချိန်ပေါင်း ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ချင်းစိုက ပုံမှန်အဝင်ရှိနေပြီး ပြည်တွင်းသုံးနဲ့ လျှောင်လက်တွေ ဝယ်ယူနေလို့ အရောင်းသွက်လာတယ်လို့ သိရပါတယ်။ ရန်ကုန်၊ တပ်ကုန်း၊ နေပြည်တော် စတဲ့ မြို့တွေက ဈေးပတ်သမားတွေက အလှူရာသီဖြစ်တာကြောင့် ချင်းထိုးဖို့အတွက် ဝယ်ယူမှုရှိသလို၊ လျှောင်လက်တွေဖြစ်တဲ့ စစ်တွေ၊ ပြည်၊ မုံရွာ စတဲ့မြို့တွေကလည်း အဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းချင်းစို ပိဿာချိန်ပေါင်း ၁ ဒသမ ၂၅ သိန်းနဲ့ ချင်းခြောက်ပိဿာချိန် သုည ဒသမ ၇ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်းစိုတစ်ပိဿာ ပေါက်ဈေးက အနိမ့်ဆုံး ၃၅၀ ကျပ်မှ အမြင့်ဆုံး ၆၀၀ ကျပ်၊ ချင်းခြောက်က အနိမ့်ဆုံး ၁၈၀၀ ကျပ်မှ အမြင့်ဆုံး ၂၂၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ကြက်သွန်

### ပြည်ကြက်သွန်နီ အရည်အသွေးကောင်းလို့ လှောင်လက်ဆွဲ

ယခုတစ်ပတ်အတွင်း ပြည်ကြက်သွန်နီဈေးကွက်ထဲကို ဝင်ရောက်လာတဲ့ ကြက်သွန်နီများမှာ အရည်အသွေးကောင်းမွန်ပြီး အစိုဓာတ်နည်းပါးလာမှုကြောင့် လှောင်လက်သမားများ အဆွဲရှိလာတယ်လို့ သိရပါတယ်။ ဝင်ရောက်မှုအနေနဲ့ မကွေးတိုင်း၊ မန္တလေးတိုင်းအပါအဝင် နယ်စုံမှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၈၅၀၀ ခန့်ရှိပါတယ်။ အရောင်းအဝယ်အားဖြင့် လက်လီဈေးများမှတစ်ဆင့် စားသုံးသူထံသို့ အကြီးအလတ် (ဂွန်) ၄၀၀ ကျပ်နဲ့ တိုက်ရိုက်ရောင်းချလျက်ရှိနေပြီး ပွဲရုံများတွင် ဒေသတွင်း အိတ်ဆွဲသမားများနဲ့ နေ့စဉ် အိတ် ၇၀၀ မှ ၉၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။

သင်္ကြန်နားနီး၍ အလှူအတန်းပြုသူများကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေပါတယ်။ ဈေးနှုန်းမှာလည်း ဝယ်သူအကြိုက် ဖြစ်နေပြီး ပွဲရုံများတွင် တစ်ပိဿာကို လက်ကား(သေး) ၃၀၀ ကျပ်၊ (လတ်) ၃၂၅ ကျပ်၊ (ကြီး) ၃၅၀ ကျပ်တို့နဲ့ လက်လီ (သေး) ၃၅၀ ကျပ်၊ ကြီးလတ် (ဂွန်) ၄၀၀ ကျပ်၊ ရှယ်(သန့်) ၅၀၀ ကျပ်တို့ဖြစ်၍ ဈေးအနည်းငယ်ကျဆင်းကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ-ပြည်**

### စခန်းစုံမှ ကြက်သွန်နီ တင်ပို့

မတ် ၁၉ ရက်မှ ၂၅ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၄၅၈၂၀ တန်ဖိုးရှိတဲ့ ကြက်သွန်နီ ၉၆၄ တန်ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၂၂၈၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၅၁ တန်ကိုလည်းကောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၅၅၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၁၀၀ ကိုလည်းကောင်း အသီးသီး တင်ပို့မှုရှိခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ကြက်သွန်နီ (ရှယ်လတ်) တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေး ၃၀၈၀၄၀-၃၃၈၈၀၀ ကျပ်ရှိပြီး မြဝတီကုန်စည်ဒိုင်မှာတော့ ၃၀၅၆၇၆-၃၃၈၄၁၈ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## နနွင်း

### နနွင်း တန်ချိန် ၇၀၀ ကျော်တင်ပို့

မတ် ၂၀ ရက်မှ ၂၆ ရက်သီတင်းပတ်အတွင်း နနွင်း၃၆၉ ဒသမ၉၅၅ တန်ကို စင်ကာပူသို့ ၁၂၇ ဒသမ ၉၇ တန်နဲ့ မလေး ရှားသို့ ၂၄၁ ဒသမ ၉၈၅ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ တန်ချိန် ၇၀၀ ကျော်အထိရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၃၅၀ ကျော်လောက်တင်ပို့မှုလျော့နည်းခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၄၄၂၇၅ ဝင်ငွေရခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အောင်ပန်းနနွင်းဈေးကွက် ပြည်ပအဝယ်သွက်

အောင်ပန်းဈေးကွက်မှာတော့ နနွင်း (သစ်) တွေဝင်လာပြီး၊ နနွင်း (ဟောင်း) တွေကတော့ ဈေးတက်လာပါတယ်။ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်နဲ့ အင်းလေးအရှေ့ဘက်ခြမ်းက နနွင်းတွေဝင်လာလို့ အရင်လထက်ပိုပြီး အဝင်များလာတယ်လို့ သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေကလည်း ရေကြောင်းမှတစ်ဆင့် ပြည်ပတင်ပို့ဖို့အတွက် ဝယ်ယူနေသလို စစ်တွေမြို့တွေမှလည်း နယ်စပ်စခန်းကနေ တင်ပို့ဖို့အတွက် ဝယ်ယူနေတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ တစ်ပတ်အတွင်း နနွင်းပိဿာချိန် ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းကတော့ နနွင်းအသစ် တစ်ပိဿာ ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်နဲ့ အဟောင်း တစ်ပိဿာကို အနိမ့်ဆုံး ၁၇၅၀ ကျပ်မှ အမြင့်ဆုံး ၂၂၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ နနွင်းကပုံမှန်အဝင်ရှိနေပါတယ်။ ငါးရက်တစ်ဈေးကို ပိဿာချိန် တစ်သောင်းပတ်ချာလည်ခန့် အဝင်ရှိနေပြီး၊ ရောင်းအားကလည်း တစ်သောင်းခန့်ရှိတယ်လို့ သိရပါတယ်။ ဟိုပုံးနနွင်းကိုတော့ ရန်ကုန်ဝယ်လက်တွေက အဓိကဝယ်ယူနေပါတယ်။ အဟောင်းလက်ကျန်ကနည်းနေပါပြီ။ ဝယ်လက်တွေက အသစ်နဲ့ အဟောင်းကိုမျှပြီး ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်ဟိုပုံးဈေးကွက်မှာ နနွင်း (သစ်)က တစ်ပိဿာ ၁၆၀၀ ကျပ်ရှိပြီး၊ အဟောင်းကတော့ ၁၈၅၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### နနွင်းတက် ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ ၁၉ ရက်မှ ၂၅ ရက်တာ သီတင်းပတ်တွင် ကန်ဒေါ်လာ ၁၀၉၃၉၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၁၄၈ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က ၂၁၄ တန်ခွဲ တင်ပို့ခဲ့တာမို့ မူဆယ်နယ်စပ်ကနေ နနွင်းတက်တင်ပို့မှု ပုံမှန်ရှိတယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေး ၈၄၅၆၀၀-၉၀၆၇၅၀ ကျပ်ဈေးအထိ ရှိပါတယ်။ နနွင်းတက်ကို တစ်ဖက်တရုတ်နိုင်ငံမှာ ဆေးဖော်ဖို့နဲ့ အမှုန့်ပြုလုပ်ဖို့ ဝယ်ယူနေတာကြောင့် ပုံမှန် အရောင်းအဝယ်ရှိနေတာလို့ ကုန်စည်ဒိုင်တွေကတစ်ဆင့် သိရပါတယ်။ နနွင်းခါးကတော့ ဈေးချိုပြီး နည်းနည်းချင်းစီပဲ အဝယ်ရှိနေပါတယ်။

**မော်မော်အောင်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၂၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ မတ် ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၅၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၅ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက နှစ်တန်နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မတ် ၁ ရက်မှ ၂၅ ရက်အတွင်းမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၅၃၈ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၈၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းကတော့ မတ် ၁ ရက်မှ ၂၅ ရက်အတွင်းမှာ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရှိရပါတယ်။

**ခင်မြနွယ်**



## မန်ကျည်း



### ကြို့ပင်ကောက် မန်ကျည်း ယခုနှစ် အထွက်လျော့

ပဲခူးတိုင်းဒေသကြီး အနောက်ကြို့ပင်ကောက်မြို့နယ်တွင် မန်ကျည်းသီးကို သီးခြားစိုက်ပျိုးခြင်းမဟုတ်ဘဲ မိမိတို့၏ ခြံမြေအတွင်း ပေါက်နေသည့် မန်ကျည်းပင်များမှ အသီးများရင့်မှည့်ချိန်တွင် လှုပ်ခြွေ၍ ရရှိသည့် မန်ကျည်းသီးများကို အခွံချွတ်ပြီး မန်ကျည်းသီး အဝယ်ဒိုင်များသို့ သွားရောက်ရောင်းချကြပါတယ်။ အဝယ်ဒိုင်များမှ ဝယ်ယူ၍ မန်ကျည်းသီး ပွဲရုံ ၅ ရုံသို့ စုပေါင်းပေးသွင်းကြပါတယ်။ ပွဲရုံများအနေဖြင့် ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့ရာတွင် ယခင်နှစ် မန်ကျည်းသီးပေါ်စ ဇန်နဝါရီမှာ တစ်ပိဿာ ၅၀၀ ကျပ်ဈေး၊ မတ်တွင် ၄၅၀ ကျပ်ဈေးသာ ပေးဝယ်ပြီး မိုးဦးကျသည်နှင့် ဈေးချကြပါတယ်။ တစ်မြို့လုံးအနေဖြင့် နှစ်တစ်ပတ်လည် ပိဿာချိန် ၉၀၀၀ ခန့်ကို တင်ပို့ခဲ့ကြပါတယ်။ ယခုနှစ် မန်ကျည်းသီးပေါ်စ ဇန်နဝါရီလဆန်းတွင် ၆၀၀ ကျပ်ဈေး ဝယ်ယူခဲ့ပြီး မတ်လတွင် ၇၅၀ ကျပ်ဈေးနဲ့ ဝယ်ယူလျက်ရှိပါတယ်။ ယခုနှစ်တွင် မန်ကျည်းသီးထွက်ရှိမှု နည်းသဖြင့် ယနေ့အထိ ပိဿာချိန် ၅၀၀၀ ခန့်ကို ပြည်မြို့ရှိ တောင်ကုတ်ပွဲရုံများသို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်းနှင့် ထပ်မံဝယ်ယူရရှိသော မန်ကျည်းသီးများကိုလည်း ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရပါတယ်။

**ခင်ခင်ထိုက်-လက်ပံတန်း**

### မန်ကျည်းတန်ချိန် ၁၃၀၀ ကျော် တင်ပို့

မတ် ၂၀ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၁၃၆၃ တန်ကို ပင်လယ်ရေကြောင်းလမ်းမှတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ ၄၉၅တန်၊ ပါကစ္စတန်သို့ ၇၄၃ တန်၊ စင်ကာပူသို့တန် ၅၀ ၊ ဗီယက်နမ်သို့ တန် ၅၀ နဲ့ ထိုင်းသို့ ၂၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် မလေးရှားသို့ တင်ပို့မှုပိုခဲ့ပေမဲ့ ပါကစ္စတန်၊စင်ကာပူနဲ့ ဗီယက်နမ်သို့ တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



# တရုတ်နိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်

သိန်းမြင့်ဝေ

## စတင်တည်ထောင်ပုံနှင့် ပိုင်ဆိုင်မှုပုံစံ

တရုတ်နိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (Export-Import Bank of China) ကို တရုတ်အစိုးရက အပြည့်အဝပိုင်ဆိုင်သော နိုင်ငံတော်ပိုင်ဘဏ်အဖြစ် ၁၉၉၄ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယင်းဘဏ်၏ နိုင်ငံတကာချေးငွေအဆင့်အတန်း သတ်မှတ်ချက်များ (International credit ratings) သည် နိုင်ငံတော်က သတ်မှတ်ထားသော အမျိုးသားချေးငွေနှုန်းထားများနှင့် ကိုက်ညီမှုရှိပါသည်။ အစိုးရက အပြည့်အဝ ပိုင်ဆိုင်သောကြောင့် ပို့ကုန်သွင်းကုန်ဘဏ် တည်ထောင်ဖွင့်လှစ်ခြင်း၏ အရင်းအနှီး ရရှိမှုပုံစံ (Capital financing) မှာ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေကြေးဖြင့် ဖြည့်ဆည်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဘဏ်ဌာနချုပ်သည် တရုတ်နိုင်ငံ၏ အုပ်ချုပ်မှုမြို့ဖြစ်သော ပေကျင်းမြို့ (Beijing) တွင် တည်ရှိသည်။

## ရည်ရွယ်ချက်

တရုတ်နိုင်ငံပို့ကုန်သွင်းကုန်ဘဏ် တည်ထောင်ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များမှာ တရုတ်စက်ပစ္စည်းနှင့် အီလက်ထရောနစ်ထုတ်ကုန်များ တင်ပို့တင်သွင်းခြင်း၊ စက်ပစ္စည်းကိရိယာများ အစုလိုက် တင်ပို့တင်သွင်းခြင်း၊ နည်းပညာမြင့်မားသည့်ထုတ်ကုန်သစ်များ တင်ပို့တင်သွင်းခြင်းကို အဆင်ပြေချောမွေ့စေရန်၊ ပြည်ပနိုင်ငံများတွင် သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသော တရုတ်ကုမ္ပဏီများ၏ စီမံကိန်းများနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အပါအဝင် နှိုင်းယှဉ်အားသာမှု (Comparative advantages) ရှိသော တရုတ်ကုမ္ပဏီများကိုကူညီရန်၊ တရုတ်နိုင်ငံနှင့် ပြည်ပနိုင်ငံများ၏ ဆက်ဆံရေး၊ နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်တို့ဖြစ်သည်။

## လုပ်ငန်းနယ်ပယ်များ

ဘဏ်၏ လုပ်ငန်းနယ်ပယ်များ (Business Scopes) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပို့ကုန်ချေးငွေနှင့်သွင်းကုန်ချေးငွေများ ထုတ်ချေးခြင်း

(ခ) ပြည်ပနှင့်စာချုပ်ချုပ်ဆိုဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်း များသို့ ချေးငွေထုတ်ချေးခြင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးများသို့ ချေးငွေထုတ်ချေးခြင်း

(ဂ) တရုတ်အစိုးရ၏ အတိုးနှုန်းသက်သာသော ချေးငွေ (Chinese government's concessional loan) ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း

(ဃ) နိုင်ငံတကာအာမခံချက်များပေးခြင်း (International guarantee)

(င) နိုင်ငံတကာနှင့် ပြည်တွင်း ငွေပေးငွေယူ ကိစ္စရပ်များ ဆောင်ရွက်ခြင်းနှင့် ကုမ္ပဏီများ၏ အပ်နှံငွေများ လက်ခံခြင်း

(စ) ပြည်တွင်းနှင့် နိုင်ငံတကာ အရင်းအနှီးဈေးကွက်နှင့် ငွေကြေးဈေးကွက်များအတွင်း ရန်ပုံငွေများ မြှင့်တင်ပေးခြင်း

(ဆ) ယွမ်အသုံးပြုသော ဘဏ်အချင်းချင်း အပြန် အလှန် ငွေကြေးထုတ်ချေးခြင်း/ချေးယူခြင်းနှင့်ဘွန်း ငွေကြေး စာချုပ်များ (Bonds) ကို ပြန်လည်ဝယ်ယူခြင်း

(ဇ) နိုင်ငံခြားငွေကြေး အရောင်းအဝယ်ပြုလုပ်ခြင်း

(ဈ) ဘဏ်နှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းများ အတွက် ချေးငွေပြန်လည်ပေးဆပ်နိုင်ခြေ ရှိ/မရှိ စုံစမ်းစစ်ဆေးခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ တန်ဖိုးဖြတ်ခြင်းနှင့် သက်သေ အထောက်အထားပေးခြင်း

(ည) အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်းများတွင် ငွေကြေးထည့်ဝင်ခြင်း

## ဘဏ်ခွဲများနှင့်ကိုယ်စားလှယ်ရုံး

၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံပို့ကုန်သွင်းကုန်ဘဏ်သည် ပြည်တွင်း ဘဏ်လုပ်ငန်းခွဲပေါင်း ၁၈ ခုနှင့် ပြည်ပဘဏ်ကိုယ်စားလှယ်ရုံးသုံးရုံးထိ တိုးတက်လာခဲ့သည်။ ပြည်ပဘဏ်ကိုယ်စားလှယ်ရုံး သုံးရုံး၏ အမည်များမှာအာဖရိကတောင်ပိုင်းနှင့် အရှေ့ပိုင်းကိုယ်စားလှယ်ရုံး (Representative Office for Southern & Eastern Africa)၊ ပဲရစ်ကိုယ်စားလှယ်ရုံး (Paris Representative Office) နှင့် စိန့်ပီတာစဘတ်ကိုယ်စားလှယ်ရုံး (St. Petersburg Representative Office) တို့ဖြစ်ကြပါသည်။ လက်ရှိကာလတွင် တရုတ်ပို့ကုန်သွင်းကုန်ဘဏ်သည် ပြည်တွင်းပြည်ပဘဏ် လုပ်ငန်းများ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်သော ဘဏ်ပေါင်း ၅၀၀ ကျော် တည်ထောင်ထားရှိသည်။

## ထိပ်တန်းအလုပ်အမှုဆောင်များ

ဘဏ်၏ထိပ်တန်းအလုပ်အမှုဆောင်များ (Top executives) တွင် သဘာပတိနှင့် ဥက္ကဋ္ဌရာထူး (Chairman and President) သည် အမြင့်ဆုံးဖြစ်သည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ငါးဦး၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးနှင့် လက်ထောက်ဥက္ကဋ္ဌဟူ၍ စုစုပေါင်း ရှစ်ဦးပါဝင်သည်။

## ဘဏ်ဖွဲ့စည်းပုံ

တရုတ်နိုင်ငံပို့ကုန်သွင်းကုန်ဘဏ်၏ ဖွဲ့စည်းပုံ (Organization of Bank) တွင် ဒါရိုက်တာအဖွဲ့နှင့် ကြီးကြပ်ရေးအဖွဲ့ဟူ၍ အဓိကအကျဆုံးနှင့် အရေးအကြီးဆုံး အဖွဲ့ကြီးနှစ်ဖွဲ့ရှိသည်။ ဒါရိုက်တာအဖွဲ့၏လက်အောက်တွင် သဘာပတိနှင့်ဥက္ကဋ္ဌဟူသောရာထူးရှိပြီး သဘာပတိနှင့်ဥက္ကဋ္ဌ၏ လက်အောက်တွင် ဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲများရှိသည်။ ကြီးကြပ်ရေးအဖွဲ့၏ လက်အောက်တွင် မဟာဗျူဟာကော်မတီ၊ စာရင်းစစ်ဆေးရေးနှင့် ကြီးကြပ်ရေးကော်မတီစသည့် ကော်မတီများရှိသည်။ ဘဏ်၏ ဖွဲ့စည်းပုံဇယားချပ်ကို အောက်တွင် ဖော်ပြ ထားပါသည်။

တရုတ်နိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်၏ ဖွဲ့စည်းပုံဇယားချပ်

Organization Chart of Ex-Im Bank of China



## ခတ်ဆီ/ဒီဇယ်

### ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၂၀၀ ကျော်ဝင်

မတ် ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၆၁၈၈၇၃၀တန်ဖိုးရှိ ဒီဇယ် ၁၄၀ဒသမ၄၉၄တန်နဲ့ ကန်ဒေါ်လာ ၃၇၁၈၀၄၅ တန်ဖိုးရှိ ခတ်ဆီ ၆၅ဒသမ ၂၇၉ တန်ကိုတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၄၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်ဒီဇယ်အဝင်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၉၀ ကျော်အဝင်လျော့ခဲ့သလို ယခင်တစ်ပတ်ခတ်ဆီအဝင်မှာ တန်ချိန် ၁၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၂၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဒီဇယ်ရော ခတ်ဆီပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ခတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ခတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)ဈေးငြိမ်နေပြီး အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာဒီဇယ် ၄၈၀ ကျပ်၊ အောက်တိန်း (92) ၅၂၀ ကျပ်၊ အောက်တိန်း(95) ၆၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၃၀ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပြင်ပပီပါဈေးများမှာ ဒီဇယ်ရော ခတ်ဆီပါဈေး အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ မတ် ၂၈ ရက် ဒီဇယ်ဝယ်ဈေး ၉၀၀၀၀ ကျပ်၊ ရောင်းဈေး ၉၆၀၀၀ ကျပ်ဈေးရှိခဲ့ပြီး မတ် ၂၉ ရက်တွင် ဝယ်ဈေးငြိမ်နေသော်လည်း ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီပီပါဈေးမှာ မတ် ၂၈ ရက်တွင် ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရောခတ်ဆီပါ တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာခတ်ဆီ တစ်လီတာ ၆၂၀ ကျပ်၊ အောက်တိန်း (92) ၄၉၀ကျပ်၊ ဒီဇယ် ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၅၀ကျပ်၊ အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၂၈ ရက် ဒီဇယ်ဝယ်ဈေး ၁၀၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၃၀ ရက်မှာ ဝယ်ဈေး ၁၀၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၃၀၀၀ ကျပ် ဈေးရှိခဲ့တယ်လို့ သိရပါတယ်။ မတ် ၂၈ ရက် ခတ်ဆီဈေး မှာ ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ရောင်းဈေး ၁၃၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးက ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင်ဈေးကျလာပေမဲ့ ခတ်ဆီဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များတွင် တစ်ဂါလန် ဈေးမှာ ဒီဇယ် ၂၁၀၀ကျပ်၊ ဓါတ်ဆီ ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ခတ်ဆီတစ်ဂါလန် ၃၃၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၈၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက ဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ဒီဇယ်တစ်ဂါလန် ၂၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 1-4-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 38.11 | -0.23 | -0.60 |
| Brent Crude Futr (USD/bbl) | 40.17 | -0.16 | -0.40 |
| Gasoline Rbob Fut (Cent/gal) | 144.42 | -0.25 | -0.17 |
| Natural Gas Futr (USD/MMBtu) | 1.95 | 0.00 | 0.26 |
| Heating Oil Futr (Cent/gal) | 118.76 | 0.21 | 0.18 |

# သင်္ကြန်ကာလနီးကပ်လာ၍ ပြည်တွင်းငွေလဲနှုန်းများ ကျဆင်း

မြန်မာတို့၏ရိုးရာသင်္ကြန်ကာလ နီးကပ်လာသဖြင့် ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"သင်္ကြန်ကာလလည်းနီးလာတော့ ဈေးကျမယ်လို့ ခန့်မှန်းထားတဲ့အတွက် ပြန်ထုတ်ရောင်းတဲ့သူတွေ များလာတယ်။ ကားတင်သွင်းတဲ့သူတွေလည်း နည်းသွားတဲ့အတွက် ဈေးကွက်ထဲမှာ ဝယ်လိုအား နည်းလာပြီး ရောင်းလိုအားက များလာတဲ့အတွက် ဈေးကျလာရတာပါ။ သင်္ကြန်ရောက်ဖို့က တစ်ပတ်ပဲလိုတော့တာဆိုတော့ တချို့လုပ်ငန်းတွေ ရပ်ဖို့စိုင်းပြင်းနေကြပြီ။ အစိုးရသစ်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို စောင့်ကြည့်နေကြတဲ့သူတွေရှိနေတော့ ဈေးကွက်ထဲမှာ အဝယ်နည်းသွားတယ်။အဲဒါကြောင့် ဈေးကျလာရတာပါ။ သင်္ကြန်ပြီးတဲ့အထိ ဈေးကျနေမှာပါ"ဟု ငွေလဲကောင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရန်ကုန်မြို့၏ ငွေလဲကောင်တာများတွင် မတ် ၂၈ရက်က ရောင်းဈေး ၁၂၁၁ ကျပ်၊ ဝယ်ဈေး ၁၂၀၇ ကျပ်ရှိခဲ့ပြီး မတ် ၃၀ ရက်တွင် ရောင်းဈေး ၁၂၀၇ကျပ်၊ ဝယ်ဈေး ၁၂၀၄ကျပ်သို့ ကျဆင်းခဲ့သည်။ ထို့နောက် မတ် ၃၁ ရက်တွင် ဆက်လက်ကျဆင်းလာခဲ့ပြီးရောင်းဈေး ၁၂၀၁ ကျပ်၊ ဝယ်ဈေး ၁၁၉၇ကျပ်ရှိခဲ့ သည်။ ဧပြီလ ၁ရက်တွင် ရောင်းဈေး ၁၁၉၈ ကျပ်၊ ဝယ်ဈေး ၁၁၉၄ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

# ပြည်တွင်းရွှေဈေးများ အနည်းငယ် ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ကျဆင်းလာခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာမှုကြောင့် ယခုကဲ့သို့ ရွှေဈေးနှုန်းများ ကျဆင်းသွားရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်ခဲ့သည်။

"ပြည်တွင်းရွှေဈေးက ဒီတစ်ပတ်ထဲမှာ ကျလာတယ်။ ဒါပေမယ့် အများကြီး ကျသွားတာမျိုးတော့ မဟုတ်ပါဘူး။ ဒီတစ်ပတ်ထဲမှာ ငါးထောင်နီးပါးလောက်တော့ ကျသွားတယ်။ ငွေလဲနှုန်းက ကျသွားတော့ ပြည်တွင်းရွှေဈေးတွေလည်း လိုက်ပြီးကျသွားတာပဲ။ နောက်ပြီး စတော့ဈေးကွက်မှာ အက်ဖ်အမ်အိုင်ရဲ့ ရှယ်ယာဈေးတွေ တက်လာတော့ ရွှေဝယ်ရောင်းလုပ်နေတဲ့သူတွေ စတော့ဘက်ကို လှည့်သွားတယ်။ ရွှေဘက်မှာ အဝယ်ရော အရောင်းရော အေးသွားတယ်။ ဒီတစ်ပတ်ထဲမှာ ဈေးအတက်အကျကလည်းရှိတယ်။ ဒီတစ်ပတ် ဈေးစဖွင့်စဉ်က ကျဈေးနဲ့ဖွင့်ခဲ့ပေမယ့် နောက်ရက်တွေကျတော့ ပြန်တက်လာတယ်။ တချို့ကလည်း ဈေးအတက်မှာ ရွှေကိုထုတ်ရောင်းပြီး စတော့ဘက်ကို လှည့်သွားကြတော့ ဈေးကျသွားပြီး အရောင်းအဝယ် အေးသွားတဲ့သဘောပါ။ အရောင်းအဝယ် အေးသွားလို့ ဈေးကျလာတာပါ" ဟု ရွှေကုန်သည်ဦးလှမြင့်က ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးသည် မတ် ၂၈ ရက်က ကျပ် ၇၈၅၅၀၀ ရှိပြီး မတ် ၃၀ ရက်တွင် ကျပ် ၇၈၉၀၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့ပြီး မတ် ၃၁ ရက်တွင် ကျပ် ၇၈၆၀၀၀ သို့ ကျဆင်းခဲ့သည်။ ဧပြီ ၁ရက်တွင် ကျပ် ၇၈၄၅၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မတ် ၂၈ ရက်က ၁၂၁၇ ဒေါ်လာရှိခဲ့ပြီး မတ် ၃၀ ရက်တွင် ၁၂၃၈ ဒေါ်လာသို့မြင့်တက်ခဲ့သည်။ ဧပြီ ၁ရက်တွင် ၁၂၃၄ ဒေါ်လာသို့ အနည်းငယ်ကျဆင်းခဲ့သည်။

**မယ်သီတာ**



## Currency Exchange Rate

April 1, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 78.34 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.47 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.36 |
| I DR | Indonesia Rupiahs | 13175.07 |
| JPY | Japan Yen | 112.26 |
| MYR | Malaysia | 3.89 |
| PKR | Pakistan Rupees | 104.73 |
| PHP | Philippines Pesos | 46.00 |
| RUB | Russia Rubles | 67.12 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1149.96 |
| LKR | Sri Lanka Rupe | 146.68 |
| THB | Thailand Baht | 35.11 |
| GBP | United Kingdom Pounds | 0.70 |
| VND | VietnamDon | 22286.61 |

*Source : xe.com*

## World Gold Price

March, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 28 | 1212 | 1213 | 1213 |
| 29 | 1213 | 1213 | 1213 |
| 30 | 1239 | 1239 | 1239 |
| 31 | 1228 | 1229 | 1229 |
| 1 | 1230 | 1231 | 1231 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 28-3- 2016 | 785.00 | 785.00 |
| 29-3- 2016 | 787.00 | 785.50 |
| 30-3- 2016 | 788.50 | 787.60 |
| 31-3- 2016 | 785.00 | 784.00 |
| 1-4-2016 | 784.00 | 782.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ် ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6 .51 | 35.38 | 78.31 | 66.72 |
| 29 | 6. 51 | 35.40 | 78.08 | 66.62 |
| 30 | 6 48 | 35.20 | 78.27 | 66.32 |
| 31 | 6 .46 | 35.21 | 78.40 | 66.17 |
| 1 | 6.47 | 35.11 | 78.34 | 66.36 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 28 - March | 15.23 | 1823.81 | 1477.50 | 5062.85 | 949.00 |
| 29 - March | 15.13 | 1798.27 | 1488.70 | 5022.30 | 946.00 |
| 30- March | 15.44 | 1797.82 | 1502.59 | 4966.53 | 970.00 |
| 31 - March | 15.30 | 1793.57 | 1507.30 | 4920.61 | 968.00 |
| 1 - April | 15.41 | 1851.58 | 1540.45 | 4992.06 | 979.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် နှစ်သောင်းကျော်သာဝင်

မတ် ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၇၈၈၀၄၃ တန်ဖိုးရှိ ဘိလပ်မြေ ၂၁၈၆၀ ဒသမ ၇၆၅ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံမှ တန်ချိန်၈၀၀ ဒသမ ၈၄၅၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၅၅ ဒသမ ၆၀ တန်၊ စင်ကာပူမှ ၁၀၅၀၄ ဒသမ ၃၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၀၅၀၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနဲ့ ထိုင်းနိုင်ငံမှ အများဆုံးဝင်လာပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာတန်ချိန် ကိုးသောင်းကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ခုနစ်သောင်းကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

မတ် ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၂၁၈၆၀ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၉၂၄၆၆ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၇၀၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၂၈၇၇ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၄၃၈၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၁၈၄၉၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ကောင်းပေမယ့် ဈေးကငြိမ်နေဆဲပဲလို့ သိရပါတယ်။ ဒီအချိန်က ပွင့်လင်းရာသီဖြစ်တာကြောင့်နဲ့ သင်္ကြန်ပိတ်ရက်အမီ လုပ်ငန်းများ ပြီးအောင်လုပ်နေတာကြောင့် အရောင်းအဝယ်က ယခင်တစ်ပတ်ထက် ရောင်းအားကောင်းနေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြို့ကလေး) ၄၉၅၀ ကျပ်၊ စိန် (ထိုင်း) ၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်နဲ့ အေသုံးလုံးက ဈေးနည်းနည်းမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ၇၇၀၀ကျပ်၊ အပါချီ ၄၉၀၀ ကျပ်၊ ကမ္ဘောဇ ၄၇၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်း အဝယ်ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း)က ဈေးနည်းနည်းတက်ပြီး မြင်းခေါင်းကဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၈၅၀ကျပ်၊ အပါချီ ၅၃၀၀ ကျပ်၊ မြင်းခေါင်း ၅၃၀၀ ကျပ်၊ ဆင်(မြန်မာ) ၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် မြေဩဇာ အဝင်လျော့

မတ် ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၀၅၆၀၁၄ တန်ဖိုးရှိ မြေဩဇာ၃၇၈၁ ဒသမ ၀၄၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၉၆၉ ဒသမ ၁၅ တန်၊ အမေရိကမှ ၁၀၉ဒသမ ၅၁ တန်၊ ဗီယက်နမ်မှ တန်ချိန် ၂၁၀၊ တရုတ်နိုင်ငံမှ တန်ချိန် ၁၁၁၀ နဲ့ စင်ကာပူမှ၁၃၈၂ဒသမ ၃၈၁ တန် တင်သွင်းခဲ့ပါတယ်။ ဝင်လာခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ဩဂဲနစ်၊ အမိုးနီးယမ်းဆာလဖိတ်တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာတန်ချိန် ၆၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၂၃၆၀ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေး

မတ် ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှမြေဩဇာ တန်ချိန် ၃၇၈၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင် မှာတန်ချိန် ၆၀၄၂ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှယခု တစ်ပတ်မြေဩဇာ အဝင်မှာ ၂၂၁၁၈ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၃၂၃၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၂၁၇ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ် အရောင်း သွက်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲအသေးက ၅၀၀ ကျပ်၊ ကွန်ပေါင်း၁၅ ပတ်လည် (အစိမ်း) က ၃၀၀ ကျပ် (ပန်းရောင်) က ၂၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီလိုဈေးတက်ရတာကလည်း အရောင်းသွက်လို့မဟုတ်ဘဲ ကုမ္ပဏီဈေးတက်လို့သာ ဈေးတက်ခဲ့ခြင်းဖြစ်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၇၈၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** နွေသီးနှံအတွက် မြေဩဇာ အသုံးပြုနေတာကြောင့် အရောင်းအဝယ်က ပုံမှန်ရှိပါတယ်။ဈေးကွက်ထဲ ယူရီးယားက ဈေးငြိမ်နေပေမယ့် တီစူပါက ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(နေရှက်လေ့-တရုတ်)၂၂၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်)၂၂၀၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်)၁၈၉၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅(နေရှက်လေ့) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီစိုက်ပျိုးချိန်လည်း မရောက်သေးတာကြောင့် အရောင်းပါးတယ်။ ဒီတစ်ပတ်မှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃၊ ယူရီးယား၊ တောင်သူမတို့က ဈေးနည်းနည်းတက်လာပြီး အာမိုကဈေးကျ လာကာ ကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၄၂၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၄၂၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၇၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၂၁၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၀၄၀၀ ကျပ်၊ ယူရီးယား ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၆၈၀၀ ကျပ်၊ တီစူပါ ၁၈၃၀၀ ကျပ်၊ တောင်သူမ ၁၄၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား-ပုလဲ၊ တီစူပါ ၁၀း၁၀း၅ က ဈေးမြင့်ခဲ့ပြီး တီစူပါ ၁၂%၊၁၆%၊ ပိုတက်က ဈေးကျလာခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၀၀၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၁၇၀၀ ကျပ်၊ တီစူပါ၁၂% (တရုတ်)၁၁၅၀၀ ကျပ်၊တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅(တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ၁၅၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၅၅၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၄၅၀၀ ကျပ်၊ ယူရီးယား(ယူအေအီး ) ၁၈၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ၊ နို့မှုန့် အဝင်ပို

မတ် ၂၀ ရက်မှ ၂၆ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၁၇၉၈၈ တန်ဖိုးရှိနို့ဆီ ၂၁၈ ဒသမ ၈၈ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီ တစ်မျိုးသာ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ၁၂ တန်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၀၀ နီးပါး ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နယူးဇီလန်မှ နို့မှုန့် ၁၇၉ ဒသမ ၂ တန်၊ ဖိလစ်ပိုင်မှ ၂၅ ဒသမ ၄၇၅ တန်၊ စင်ကာပူမှ ၃၂ ဒသမ ၇၄၃တန်တင်သွင်းခဲ့ပါတယ်။ စုစုပေါင်း နို့မှုန့်အဝင်မှာ ၂၃၇ ဒသမ ၄၁၈ တန် ရှိခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၁၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၃ မှ ၂၅/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၃ မှ ၁၈/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၀၀·၆၈ | ၁၇၉၄·၂၅ | (+) ၁၄·၄၃ |
| ၂။ | လွယ်ဂျယ် | ၁၃၉၉·၀၀ | ၉၂၅·၀၀ | (+) ၄၇၄·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၆၄၇၄·၅၀ | ၃၃၉၂·၀၀ | (+) ၃၀၈၂·၅၀ |
| ၅။ | တာချီလိတ် | ၁၀၀၅၇·၀၀ | ၅၇၅၀·၀၀ | (+) ၄၃၀၇·၀၀ |
| ၆။ | မြဝတီ | ၁၀၂၈·၅၀ | ၁၅၀၂·၅၄ | (+) ၁၅၂၅·၉၆ |
| ၇။ | ကော့သောင်း | ၁၅၁၇၀·၀၀ | ၁၀၉၃၈·၀၀ | (+) ၄၂၃၂·၀၀ |
| ၈။ | မြိတ် | ၄၉၄၀·၀၀ | ၈၀·၀၀ | (+) ၄၈၆၀·၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၄၂၈၇၇·၆၈ | ၂၄၃၈၀·၇၉ | (+) ၁၈၄၉၅·၈၉ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၃ မှ ၂၅/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၃ မှ ၁၈/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၀၉၃၉·၅၀၀ | ၂၁၃၆၇·၀၀၀ | (-) ၄၂၇·၅၀၀ |
| ၂။ | လွယ်ဂျယ် | ၉၀·၀၀၀ | ၆၂·၅၀၀ | (+) ၂၇·၅၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | ၂၈·၅၀၀ | (-) ၂၈·၅၀၀ |
| ၅။ | မြဝတီ | ၆၈၉·၀၀၀ | ၃၈၇·၇၅၀ | (+) ၃၀၁·၂၅၀ |
| ၆။ | ကော့သောင်း | - | ၄၉၀·၀၀၀ | (-) ၄၉၀·၀၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၃၀၀·၀၀၀ | ၉၀၀·၀၀၀ | (-) ၆၀၀·၀၀၀ |
| | စုစုပေါင်း | ၂၂၀၁၈·၅၀၀ | ၂၃၂၃၅·၇၅၀ | (-) ၁၂၁၇·၂၅၀ |

တင်တင်ထွန်း MIRT

## နှမ်း/မြေပဲ

### တရုတ်နယ်စပ်နဲ့ ထိုင်းနယ်စပ်မှနှမ်းတင်ပို့

မတ် ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှမ်းဖြူ ၂၀၇ တန်နဲ့ နှမ်းနက် ၁၆၈ တန်ကို ကန်ဒေါ်လာ သုည ဒသမ ၄၅၀ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းနက် ၃၇၃ တန်သာတင်ပို့ခဲ့ပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၉၂၀၀ တန်ဖိုး ရှိနှမ်းနက် ၂၈ တန်တင်ပို့ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတစ်ဝိုက်မှ နှမ်းများ မန္တလေးကုန်စည်ဒိုင်သို့ ရောက်ရှိနေပြီး မတ်လတတိယပတ်ရဲ့ ကုန်စည်ဒိုင်ပေါက်ဈေးများအရ နှမ်းဖြူတစ်တန် ၁၂၃၈၂၅၃ ကျပ်၊ နှမ်းညိုတစ်တန် ၁၀၆၁၂၇၂ ကျပ်၊ နှမ်းနက် တစ်တန် ၁၆၃၉၃၆၈ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေကြောင်း၊ နေ့စဉ်နှမ်းရောင်စုံ သုံးတင်းဝင်အိတ် ၁၃၀၀ ခန့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

### ပြည်ဆီထွက်သီးနှံဈေးကွက်တွင် မြေပဲဆန်အိတ်များ အဝင်လျှိုင်နေ

ပြည်ဆီထွက်သီးနှံ ရောင်းဝယ်ရေးပွဲရုံများတွင် ကံမ၊ မင်းတုန်း၊ ရွှေတောင်၊ ပေါက်ခေါင်းမြို့နယ်များမှ ဆောင်းမြေပဲဆန်အိတ်တွေ အဝင်များနေပါတယ်။ တစ်ရက်ကို အိတ် ၂၀၀၀ ကျော်ပုံမှန်အဝင်ရှိနေပါတယ်။ တစ်ပတ်ထက်တစ်ပတ် အဝင်ပိုများလာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ ဒေသအတွင်း ဆီစက်သမားတွေကလည်းလှောင်လက်အဖြစ် အဆွဲများပြီး နယ်တင်ပို့မှုလည်းရှိကာ အရောင်းအဝယ်သွက်နေပါတယ်။ နှမ်းဈေးကွက်မှာတော့ နှမ်းအဝင်မရှိ တော့ဘဲ နှမ်းဈေးနှုန်းပေါက်ဈေးတွေ အနည်းငယ်မျှသာ ကျနေပါတယ်။ ယခုတစ်ပတ် ဆီထွက်သီးနှံ ပေါက်ဈေးနှုန်းတွေက တော့ နှမ်းတစ်တင်း (နှမ်းနီ) ၂၆၆၀၀ ကျပ်၊ (နှမ်းနက်) ၃၈၃၀၀ ကျပ်နဲ့ (စမုံနက်) ၅၀၀၀၀ ကျပ်ဈေးတို့ဖြစ်ပြီး၊ မြေပဲဆန်တစ်ပိဿာဈေး (ဆီဆန်အဖြူ) ၂၁၀၀ ကျပ်၊ (ဆီဆန်အနီ) ၂၀၀၀ ကျပ်၊ (လုံးဆန်အဖြူ) ၂၆၀၀ ကျပ်နဲ့ (လုံးဆန်အနီ) ၂၃၅၀ ကျပ်တို့ပေါက်လျက်ရှိပါတယ်။ ရန်ကုန်နဲ့မန္တလေးသို့ (လုံးဆန်အိတ်) ၁၅၀၀ ခန့် တင်ပို့လျက်ရှိနေကြောင်းလည်း သိရပါတယ်။ မြေပဲဆန်အိတ်တွေ အဝင်များနေပေမယ့် အရောင်းအဝယ်အကုန် ဖြစ်နေတာကြောင့် ဈေးအတက်ဘက်မှာရှိနေတာ တွေ့ရပါတယ်။ လှောင်လက်သမားများအားလုံးလည်း အရည်အသွေးကောင်း မြေပဲဆန်များဖြစ်နေတာကြောင့် လှောင်စများကို ဦးစားပေးဝယ်ယူနေကြောင်းလည်း သိရပါတယ်။ **ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

# မလေးရှားနိုင်ငံသုံးငွေကြေး ရင်းဂစ်ခိုင်မာမှုကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်း

မလေးရှားနိုင်ငံသုံး ငွေကြေးရင်းဂစ်ခိုင်မာမှုကြောင့် ဈေးနှုန်းများ ကျဆင်းတဲ့အတွက် ရက်ပေါင်းများစွာ မြင့်တက်လာခဲ့တဲ့ စားအုန်းဆီကြိုရောင်းဈေးကလည်း မတ် ၃၀ ရက်မှာ ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ပါတယ်။

စားအုန်းဆီဈေးနှုန်းက နှစ်စမှ မတ်လအထိ ကာလအတွင်း ၈ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပြီး မတ် ၂၉ ရက်မှာ တစ်တန်ကို ၂၇၉၃ ရင်းဂစ်အထိရောက်ရှိခဲ့ရာ နှစ်နှစ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ အခြားဟင်းရွက်ဆီဈေးနှုန်းများ မြင့်တက်မှုနဲ့အတူအယ်လ်နီညိုရာသီဥတုပုံစံကြောင့် အထွက်နှုန်း ကျဆင်းနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေကြောင့်လည်း စားအုန်းဆီဈေးနှုန်းကို မြင့်တက်စေခဲ့တာ ဖြစ်ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်မှာ (Bursa Malaysia Derivatives Exchange) မှာ ဇွန်အတွက် ဖြန့်ချိမယ့် စားအုန်းဆီကြိုရောင်းဈေးက ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၇၄၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၉၈ ဒေါ်လာ) နှုန်းရှိခဲ့ရာ တစ်လနီးပါး ကာလအတွင်း အနိမ့်ဆုံးနှုန်းအဖြစ် ကျဆင်းခဲ့တာ ဖြစ်ပါတယ်။

ရောင်းချမှုပမာဏမှာ ၂၅ တန်ရှိအတွဲပေါင်း ၄၄၈၂၃ တွဲအထိရောက်ရှိခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း နေ့စဉ်ပျမ်းမျှရောင်းချရနှုန်းဖြစ်တဲ့ ၄၄၆၀၀ တွဲထက်သာလွန်ခဲ့တာကို တွေ့ရပါတယ်။

“ဒီနေ့ ဈေးကွက်မှာ ရင်းဂစ်က အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုမြင့်တက်မှုကြောင့် ဈေးနှုန်းတွေ ဆက်တိုက်မြင့်တက် ရာကနေ ပြန်ကျဆင်းလာတာဖြစ်ပါတယ်”လို့ ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးမှ ပြောပါတယ်။

ငွေကြေးမူဝါဒတင်းကျပ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး သတိထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ယခုရက်ပိုင်းအတွင်းမှာ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က ကြေညာခဲ့ပါတယ်။ ဒီကြေညာချက်ထွက်ပေါ်လာပြီးနောက်ပိုင်း အမေရိကန်ဗဟိုဘဏ်အတိုးနှုန်း မြင့်တင်ပေးမယ့်အလားအလာ နှေးကွေးလာတဲ့အတွက် ထွန်းသစ်စအာရှငွေကြေးများ တန်ဖိုးမြင့်တက်လာခြင်းနဲ့ အတူ ရင်းဂစ်တန်ဖိုးလည်း မြင့်တက်လာခဲ့ပါတယ်။ ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက ၁ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၃ ဒသမ ၉၃၈၀ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ ရင်းဂစ်တန်ဖိုးက ခုနစ်လအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ စားအုန်းဆီကိုရောင်းဝယ်ရာမှာ ဈေးနှုန်းသတ်မှတ်တဲ့အခါ ရင်းဂစ်ကိုအသုံးပြုပါတယ်။ ရင်းဂစ်တန်ဖိုးမြင့်တက်လာတဲ့အခါ တခြားနိုင်ငံခြားငွေကြေးကို ကိုင်ဆောင်ထားတဲ့ကုန်သည်တွေအတွက် စားအုန်းဆီဈေး မြင့်တက်သွားနိုင်ပါတယ်။

စားအုန်းဆီဈေးက အမြင့်ဆုံးနှုန်းဖြစ်တဲ့ (Resistance Price) က တစ်တန် ၂၇၇၆ ရင်းဂစ်နှုန်းကို ဖောက်ထွက်မြင့်တက်နိုင်ခြင်းမရှိတဲ့အတွက် အနိမ့်ဆုံးဈေးနှုန်း (Support Price) ဖြစ်တဲ့ တစ်တန်ကို ၂၇၁၆ ရင်းဂစ်နှုန်းအထိ ကျဆင်းနိုင်တယ်လို့ စာရင်းအင်းများကို အခြေခံပြီး ဈေးနှုန်းအခြေအနေကို လေ့လာဆန်းစစ်နေတဲ့ ရိုက်တာဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်တွေဖြစ်တဲ့ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ (Chicago Board of Trade) မှာ မေလအတွက် ပဲပုပ်ဆီကြိုရောင်းဈေးက သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ စက်တင်ဘာလအတွက် ပဲပုပ်ဆီကြိုရောင်းဈေးက သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပါတယ်။ **ဉာဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၁-၄-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၄၀၀၀ | △ | ၁၇၀၀ | ၂၀၀၀ | △ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၆၃၅ | ၁၈၀၀ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၂၀၀ | ▽ | ၁၇၈၀ | ၂၀၀၀ | △ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၆၇၀ | ၁၈၅၀ | △ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၂၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၈၀ | ၁၉၃၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၄-၂၀၁၆ US$/Ton

| အမျိုးအစား | မတ်လစတုတ္ထပတ် | မတ်လပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၆၄.၅၀ | ၆၆၅.၅၀ | △ |
| RBD P.Olein | ၆၅၁.၀၀ | ၆၇၆.၀၀ | △ |
| RBD P.Strarin | ၆၀၉.၀၀ | ၆၃၀.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁- ၄ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၂၉.၉၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၈၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၀၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၈၈.၈၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၄.၀၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၉၅.၀၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁-၄-၂၀၁၆နေ့(CIF ဈေး Cloud Point 8 ˚C Max ၇၇၀ ဒေါ်လာ၊ FOB ၇၄၅ ဒေါ်လာနှင့် USD ဈေး ၁၂၁၆ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၁-၄- ၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၁၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲရှိနိုင်ပါသည်။

# ပြောင်းလဲရမှာက ကျွန်တော်တို့အားလုံးပါ



|နေကျော်ဆန်း၊ TPD |

တစ်ချိန်က အိန္ဒိယနိုင်ငံ၏ ကြီးကျယ်မြင့်မြတ်သော ခေါင်းဆောင်တစ်ဦးဖြစ်သည့် မဟတ္တမဂန္ဒီ ဆိုခဲ့တဲ့စကားတစ်ခုရှိသည်။ You must be the change. You wish to see in the world. ကမ္ဘာကြီးကို ပြောင်းလဲဖို့မြင်တွေ့လိုလျှင် သင်သာပြောင်းလဲရမှာပါတဲ့။ ကျွန်တော်တို့ရဲ့ စိတ်နေစိတ်ထားတွေ၊ တွေးခေါ်မျှော်မြင်မှုတွေ၊ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်တွေ၊ စည်းကမ်းလိုက်နာမှုတွေ၊ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားတတ်မှုတွေ၊ အများအကျိုးကို ရှေးရှုနိုင်မှုတွေ၊ တာဝန်ယူလိုစိတ်၊ တာဝန်ခံလိုစိတ် စတာတွေကို လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲရမှာသည် ကျွန်တော်တို့ ကိုယ်တိုင်သာဖြစ်ကြောင်း ပြောဆိုခဲ့တဲ့ စကားတစ်ခွန်းဖြစ်ပါသည်။ နေစကြဝဠာအတွင်းရှိ ကမ္ဘာကြီးက ဒီအတိုင်းသွားနေတာဖြစ်သည်။ လူသားများ၏ တွေးခေါ်မှုများသာ တဖြည်းဖြည်း ပြောင်းလဲတိုးတက်ဖြစ်ပေါ်လာခဲ့ပြီး နည်းပညာအသစ်များဖြင့် ဖန်တီးခဲ့ခြင်းကြောင့်သာ ကျွန်တော်တို့ရဲ့ ကမ္ဘာကြီး ဖွံ့ဖြိုးစည်ပင်သာယာလာနေခြင်းဖြစ်သည်။ ထိုသို့ဖြင့် လူသားများ၏ နေထိုင်မှု ခေတ်စနစ်များသည်လည်း တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။ အခုဆိုရင် အများက ပြောဆိုနေကြသည်။ ကမ္ဘာကြီးကို ရွာကြီး တစ်ရွာတဲ့။ ဆက်သွယ်မှုကွန်ရက်များက စက္ကန့်နှင့်အမျှ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနေခြင်းကို ပြောဆိုနေခြင်းဖြစ်သည်။ စဉ်းစားစရာရှိသေးသည်။

ကမ္ဘာကြီးအတွင်း မှီတင်းနေထိုင်နေကြသည့် နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများဖြစ်တည်လာသလို တချို့နိုင်ငံများသည် ဖွံ့ဖြိုးဆဲအဆင့်မျှသာ ဖြစ်နေကြသေးသည်။တချို့နိုင်ငံများဆိုရင် ဆင်းရဲနေကြဆဲဖြစ်သည်။ နိုင်ငံအများ ဒီလိုဖြစ်တည်နေကြရခြင်းသည် နိုင်ငံများ၏ စီမံအုပ်ချုပ်ပုံစနစ်၊ သယံဇာတ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှုအင်အား၊ တက်ညီလက်ညီ ပူးပေါင်းပါဝင်နိုင်မှု၊ ခေါင်းဆောင်နိုင်မှု၊ ကောင်းမွန်သည့်အစိုးရ၊ နိုင်ငံသားများ၏ လိုက်ပါပြောင်းလဲနိုင်မှု စသည့်အချက်များကြောင့်ဟု ပညာရှင်များက ပြောဆိုနေကြခြင်းဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးသော၊ စီးပွားရေးကောင်းမွန်သော၊ ငြိမ်းချမ်းသာယာသော နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ ကျွန်တော်တို့အားလုံး ပြောင်းလဲဖို့လိုလာပြီဟု ဆိုချင်ပါသည်။ခေတ်နဲ့မလျော်ညီသည့် စနစ်များ၊ စီမံခန့်ခွဲမှုအစီအမံများ၊ စီးပွား ရေး၊ လူမှုရေး အစီအမံများကိုတော့ တက်လာတဲ့အစိုးရသစ်မှ အခင်းအကျင်းသစ်များဖြင့် ပြောင်းလဲစီမံဆောင်ရွက်တော့မည်။ ကျွန်တော်တို့အနေဖြင့် ကျွန်တော်တို့ရဲ့စိတ်ဓာတ်တွေကိုသာ ပြောင်းလဲကြရမှာ ဖြစ်သည်။ တကယ်လည်း ပြောင်းလဲချိန်တန်ပါပြီ။

ရှေးရိုးဆိုစကားများရှိသည်။ လေ့နံ့ခါးထစ်တဲ့။ အမေမှာတဲ့ဖွဲဆန်ကွဲနဲ့မလဲ။ သေချင်တဲ့ကျား တောပြောင်း ဆိုတဲ့ စကားများဖြစ်သည်။ ပြောင်းလဲဖို့ကို ဝန်လေးနေခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲဖို့ ရှေးရိုးအစွဲများက ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် ရှိနေသေးသည်။ ကမ္ဘာ့ပညာရှင်ကြီးများက ဆိုသည်။ အပြောင်းအလဲလုပ်ရမှာကို မကြောက်ပါနဲ့တဲ့။ တိုးတက်လိုစိတ် ရှိဖို့သာလိုသည်တဲ့။ ကျွန်တော်တို့လူမျိုးများသည် စွန့်စားရမှာကို ကြောက် သည်။ အားနာတတ်သည်။ အမှန်စဉ်းစားကြည့်တော့ ကျွန်ုပ်တို့ကမှ ကမ္ဘာကြီးကို မပြောင်းလဲနိုင်တာ။ ဒီတော့ကိုယ့်ကိုယ်ကိုသာ ပြောင်းလဲရမှာဖြစ်သည်။ ထို့အတူ အားလုံးလိုက်ပါပြောင်းလဲဖို့လည်းလိုသည်။

ကျွန်တော်တို့ သွားနေခဲ့တာက ပါရဒိုင်းအဟောင်းနဲ့သာလည်ပတ်နေခဲ့ကြသည်။ ပြောင်းလဲဖို့စိတ်မကူး။ စာအုပ်ကြီးတိုင်း ဖြစ်နေကြသေးသည်။ ပါရာဒိုင်းဆိုတာကို အဓိပ္ပာယ်ဖွင့်ရရင် စည်းမျဉ်းစနစ်

acwfeYa v smfn D n fpepfrsm;?

pDeYGt pD rHm;? pDyGa&;? v Ira&;

t pD rHm; ukdwmhw ufv mwb

t p&opfrSt cif t usifopfrsm;jzifh

ajymif;vJpDHaqmif&Gufawmhrnf

uReftawmfwdk aejzifhuReftawmfwdkU

pdwf"mwftawGudkomajymif;vJu&rS

jzpfonf/wu,fvnf;ajymif;vJcsdefwefyDyD

တစ်ခုကို လက်ကိုင်ထားပြီး လုပ်ဆောင်နေသည့် သဘောကို ပါရာဒိုင်းဟုခေါ်သည်။ ပါရာဒိုင်းသည် သတ်မှတ်ထားသော စည်းမျဉ်းတစ်ခုဖြစ်သည်။ ပါရာဒိုင်းစည်းမျဉ်း စနစ်တစ်ခုသည် ဖွံ့ဖြိုးတိုးတက်မှုရေစီးကြောင်းနဲ့ လိုက်လျောညီထွေမှုမရှိပါက ပါရာဒိုင်းအသစ်တစ်ခုသို့ ပြောင်းလဲဆောင်ရွက်ကြသည်။ ထိုသို့ ပြောင်းလဲတော့မည်ဆိုရင် ကိုယ့်နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေး ပါရာဒိုင်း၊ စီးပွားရေးပါရာဒိုင်း၊ လူမှုရေးပါရာဒိုင်း စတဲ့အခင်းအကျင်းသစ်များ ဖော်ထုတ်ကြစမြဲဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်လိုသည့်နိုင်ငံတိုင်း ပြောင်းလဲဆောင်ရွက်ကြသည်။ ထိုပါရာဒိုင်းအခင်းအကျင်းသစ်များနဲ့အတူ ကျွန်တော်တို့အားလုံး လိုက်ပါပြောင်းလဲကြရမည်ဖြစ်သလို ကျွန်တော်တို့ရဲ့ မှားယွင်းနေတဲ့ အကျင့်စာရိတ္တများကို ပြောင်းလဲကြရမည်ဖြစ်သည်။

ကျွန်တော်တို့ရဲ့လူ့ဘောင် ဖွံ့ဖြိုးတိုးတက်လာနေခြင်းသည် တကယ်တော့ ပြောင်းလဲမှုတွေကြောင့်သာ ဖြစ်သည်။ ကျွန်တော်တို့ တိုးတက်ကြီးပွားဖို့အတွက် ကျွန်တော်တို့၏ မှားယွင်းနေသော အတွေးအခေါ်၊ အမူအကျင့် စိတ်ဓာတ်များကိုပြုပြင်ရန် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။ ထိုသို့ ကျင့်ကြံကြရာတွင် စိတ်ဝင်တစားလေးစားလိုက်နာဖို့လည်းလိုသည်။ ကျွန်တော်တို့လူမျိုးသည် အစုအဖွဲ့ဖြင့်ဆောင်ရွက်မှုအားနည်းပြီး ညီညွတ်မှုမရှိကြတာများသည်။ ပြောရရင် မနာလိုစိတ်ကများသည်။ အခြားသူတစ်ဦးတစ်ယောက်အား ချီးမွမ်းလျှင်မကြိုက် မိမိကိုသာ ချီးကျူးစေလိုသည်။ မုဒိတာ မပွားနိုင်ခြင်းဖြစ်သည်။ ဝန်ထမ်းများကို ကြည့်ရင်သိနိုင်သည်။ ထိထိ ရောက်ရောက် ကြိုးစားချင်စိတ်နည်းသည်။ အခြား သူတစ်ပါးမလုပ်လျှင် မိမိလည်းမလုပ်ချင် နေသာသလို အချောင်ခိုတာများသည်။ အတွေးအခေါ်နဲ့ တီထွင်ဖန်တီးခြင်း၊ ကြံဆခြင်းများ အားနည်းသည်။ မိရိုးဖလာ ရှေးရိုးစွဲများက များသည်။ ပြုပြင်ပြောင်းလဲမှုလုပ်ရန် လိုအပ်သည့်အသိပညာ အတွေ့အကြုံရှာဖွေဖို့ အားနည်းသည်။ ကံကိုပုံချတတ်သည့် သဘောသဘာဝရှိသည်။ အောင်မြင်ရင်လည်းကံ။ရှုံးနိမ့်ရင်လည်း ကံကိုပဲပြောကြသည်။ အရာရာကို တစ်ဖက်သတ်အမြင်ဖြင့် သုံးသပ်ကြသည်။ မိမိရဲ့အမြင်နှင့် မတူပါက အားမပေးဘဲ အပြစ်ရှာကြံပြောဆိုကြတာလည်းရှိသည်။အာဏာပါဝါပြချင်သည်။ သူများတွေရဲ့အကြောင်းကို စိတ်ဝင်တစားရှာကြံ၍ အပိုစကားများဖြင့် အချိန်ဖြုန်းနေကြတာများသည်။ တတ်သိသူများကလည်း ပညာကို မျှဝေဖို့ အားနည်းသည်။ တလွဲမာန်မာနက များသည်။ လူတော်လူကောင်းများ ပေါ်ထွန်းလာအောင် အားပေးမှုနည်းသည်။စေ့ဆော်တိုက်တွန်းမှုနည်းသည်။ မိမိကိုယ်တိုင်သာ ဆရာကြီး လုပ်နေချင်ကြသည်။ ငါတကော ကောနေတာက အဆိုးဆုံးဖြစ်သည်။ ချစ်ခင်ရိုသေမှုမျိုးကို မလိုလား။ မိမိကိုရိုသေဖို့ အကြောက်တရားဖြင့်သာ ဦးတည်စီမံကြသည်။ ဒါတွေ ပြုပြင်ကြရမည် ဟုထင်ပါသည်။ ပြုပြင်ပြောင်းလဲဖို့ အချိန်တန်နေပြီ မဟုတ်ပါလား။ မကြာမီ နှစ်သစ်ကို ရောက်တော့မည်။ ကျွန်တော်တို့ ပြောဆိုနေကြတာရှိသည်။ နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့တဲ့ ။ နှစ်ဟောင်းက အညစ်အကြေးတွေ ထားခဲ့ကြတော့တဲ့။ အခု လာမည့်နှစ်သစ်က ထူးသည်။ နှစ်သစ်နဲ့အတူ အစိုးရအဖွဲ့အစည်းအသစ်ကလည်း နိုင်ငံတာဝန်ကို စတင်တာဝန်ယူတော့မည်။ ကျွန်တော်တို့အားလုံး အစိုးရအသစ်၏ ပြုပြင်ပြောင်းလဲမှု အခင်းအကျင်းသစ်များဖြင့် ချီတက်ကြရတော့မည်။ ကျွန်တော်တို့အားလုံး လိုက်ပါဆောင်ရွက်ကြရတော့မည်။ဒီတော့ ကျွန်တော်တို့အားလုံး လိုက်ပါပြောင်း လဲနိုင်အောင် ပြင်ဆင်ထားမှ တော်ကာကြမည်။ အတွေးအခေါ် ဆရာကြီးတစ်ဆူဖြစ်သည့် အရစ္စတိုတယ်က ပြောဖူးသည်။ နိုင်ငံကို ကျောက်များ၊ သစ်များဖြင့် တည်ဆောက်၍ မရနိုင်ပါဘူးတဲ့။ နိုင်ငံသားတို့၏ အကျင့်စာရိတ္တတို့ဖြင့်သာ နိုင်ငံကို တည်ဆောက်နိုင်ပါသည်တဲ့။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်း

နိုင်ငံတော်အစိုးရသစ်သည် ပြောင်းလဲလာသည့်စနစ်သစ်နှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း သိရသည်။ ယခင်အစိုးရလက်ထက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းအတွင်းဝန်ရုံး အပါအဝင် ကုန်သွယ်ရေးဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဟူ၍ ဖွဲ့စည်းကာ ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

သို့သော် ဧပြီလ ၁ ရက်မှ စတင်ဖွဲ့စည်းလိုက်သည့်အစိုးရအဖွဲ့တွင် ပါဝင်လာသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ဌာနများမှာ အမြဲတမ်းအတွင်းဝန်ရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဟူ၍ ဖွဲ့စည်းခဲ့သည်။

ယခုအစိုးရသစ်လက်ထက်တွင် အသစ်ဖွဲ့စည်းလိုက်သည့်ဌာနမှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ပင်ဖြစ်သည်။ ယင်းမြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို ဖွဲ့စည်းရခြင်းမှာ မြန်မာ့ပို့ကုန်များအား ထိရောက်စွာ မြှင့်တင်နိုင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်သည်။ အဆိုပါအဖွဲ့ကို တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီမှ နည်းပညာအကူအညီများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ် သည်။

ယင်းအဖွဲ့ကို ယခင်အစိုးရလက်ထက်ကတည်းက စတင်အခြေပြုခဲ့သော်လည်း ယခုအစိုးရလက်ထက်ရောက်မှသာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ပြီး ဧပြီ ၁ ရက်မှစတင်၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

နေကျော်ဆန်း၊ TPD

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# ရေဆိုးသန့်စင်ရေးစက်ရုံမှ ရေအရင်းအမြစ်တိုးကို ပေကျင်းတွင် တိုးချဲ့သုံးစွဲမည်

တရုတ်နိုင်ငံတွင် တိုးတက်လာသည့်လူဦးရေနှင့် ရေလိုအပ်မှု ပြည့်မီစေရန် ရေအရင်းအမြစ်အသစ်များ ရှာဖွေရာ၌ ရေဆိုးသန့်စင်ရေးစက်ရုံများမှ ရေများကိုတစ်ကျော့ပြန်ပြန်လည် ပြုပြင်မှုကို တိုးမြှင့်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နေရာများ (ဥပမာအားဖြင့် လမ်းများ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့်မြို့တော် စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်များရေလောင်းခြင်းစသည်)၌ သုံးစွဲမည်ဖြစ်ကြောင်း ပေကျင်းရေအာဏာပိုင်အဖွဲ့က ပြောကြားခဲ့ပါသည်။

ပေကျင်းမြို့တော်အတွင်း နှစ်စဉ်ရေသုံးစွဲမှုသည် ၂၀၁၆ ခုနှစ်တွင် လေး ဘီလီယံ ကုဗမီတာရှိပြီး ၂၅ ရာခိုင်နှုန်းမှာ တစ်ကျော့ပြန်လည်သုံးစွဲမှုမှဖြစ်ကြောင်း လွန်ခဲ့သည့်သုံးနှစ်က ရှိခဲ့သော ကုဗမီတာ သန်း ၈၀၀ နှင့် နှိုင်းယှဉ်ပါက များစွာတိုးတက်လာကြောင်း ဖော်ပြထားပါသည်။ ၂၀၂၀ ခုနှစ်တွင် တစ်ကျော့ပြန်အသုံးချသည့် ရေ ၁ ဒသမ ၂ ဘီလီယံ ကုဗမီတာအပါအဝင် ရေလိုအပ်ချက် စုစုပေါင်း ၄ ဒသမ ၃ ဘီလီယံကုဗမီတာအထိ တိုးမြင့်လာနိုင်ကြောင်း၊ သို့ဖြစ်ရာ ရေဆိုးသန့်စင်ရေးစက်ရုံအသစ်များမှ သန့်ရှင်းပြီး အရည်အသွေးကိုက်ညီသည့် ရေကို တိုးမြှင့်ထုတ်လုပ်သုံးစွဲမည်ဖြစ်ပြီး ရေဆိုးသန့်စင်သည့်စက်ရုံ၁၇ ရုံကို ထပ်မံတည်ဆောက်နေကြောင်း သိရှိရပါသည်။

ရေရှည်၌မြို့တော်ရေပေးဝေမှု လုံလောက်စေရန် ထိရောက်သည့် ရေသုံးစွဲမှုမူဝါဒကို ကျင့်သုံးမည် ဖြစ်ပြီး အချို့သောလုပ်ငန်းများ ဥပမာ ရေသုံးစွဲမှုများသည့် ကားရေဆေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးလုပ်ငန်းများ၌လည်း တစ်ကျော့ပြန်ပြုပြင်ပြီးရေကို သုံးစွဲရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ်မှစတင်၍ ပေကျင်း ၌ ရေလိုအပ်ချက်ပြည့်မီစေရန် ရေပေးဝေရေးစီမံကိန်း (South to North Water Diversion Project) ဖြင့် ယန်စီမြစ်မှ ရေကို အသုံးပြုနေပြီး စုစုပေါင်းရေပေးဝေမှု၏ ၂၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

လုံလောက်စွာ ရေပေးဝေမှုအပြင် ရေညစ်ညမ်းမှုမှာလည်း တရုတ်၌ အရေးပေါ်ဖြေရှင်းရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ ယခုအခြေအနေတွင် မြို့တော်ရှိ မြစ်ချောင်း ၁၄၄ ခုမှာ အဆမတန် ညစ်ညမ်းနေသည့်အတွက် စက်ရုံ၊ အလုပ်ရုံနှင့်လူနေအိမ်များမှ မြစ်ချောင်းများသို့ တိုက်ရိုက်ရေစွန့်ပစ်သည့် ပြဿနာအား ဖြေရှင်းရန်ညစ်ညမ်းရေစွန့်ပစ်မှုတားဆီးသည့် သုံးနှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရေထုညစ်ညမ်းမှုကို လျှော့ချသည့် ရည်မှန်းချက်ပန်းတိုင်ကို ပြည့်မီရန်မြို့တော်၏ ရေဆိုးသန့်စင်မှုစနစ်အဆင့်ဆင့်ကိုလည်း တိုးတက်အောင် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်၌ ရေဆိုးသန့်စင်နိုင်မှုနှုန်းမှာ ၉၅ ရာခိုင်နှုန်းကျော်ရောက်ရှိအောင် မျှော်မှန်းထားကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## ပေကျင်း မြေအောက်မီးရထားလမ်းကွန်ရက်စနစ်တစ်ခုလုံးအား လာမည့်နှစ်အနည်းငယ်အတွင်း တရုတ်နည်းပညာဖြင့်သာဆောင်ရွက်မည်

လာမည့်နှစ်အနည်းငယ်အတွင်း ပေကျင်း၏ မြေအောက်ရထားလမ်းကွန်ရက်စနစ်တစ်ခုလုံးအား တရုတ်နိုင်ငံ၏ Hard-ware နှင့် Software နည်းပညာများဖြင့်သာ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း Beijing Rail Traffic Control Center ဒါရိုက်တာ Zhan Minghui က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တရုတ် ရထားပို့ဆောင်ရေးကွန်ရက်သည် ၂၀၂၀ ခုနှစ်တွင် နှစ်ဆကျော်အထိ တိုးတက်လာနိုင်ကြောင်း၊ ယခု ၅၅၄ ကီလိုမီတာမှ နောင်လေးနှစ်တွင် ၉၉၉ကီလိုမီတာ အထိတိုးချဲ့တည်ဆောက်မည်ဟု ခန့်မှန်းထားကြောင်း၊ ပေကျင်းမြေအောက်ရထားအသုံးပြုမှုမှာ နေ့စဉ် လူဦးရေ ၁၀ သန်းကျော်၊ပြည်သူ့သယ်ယူပို့ဆောင်ရေး၏ ၄၈ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပါသည်။ ပေကျင်း၏ မြေအောက်မီးရထားလမ်းပို့ဆောင်ရေးကွန်ရက်၏ အဓိကဦးစားပေးစနစ်မှာ လုံခြုံစိတ်ချရမှုနှင့် ထိရောက်မှုဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ပြည်တွင်းနည်းပညာနှင့် ပစ္စည်းကိရိယာများကိုသာ တပ်ဆင်အသုံးပြုနိုင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အဆိုပါမူဝါဒကို သမ္မတရှီကျင်းဖျင့်မှ လွန်ခဲ့သည့် နှစ်နှစ်ကတည်းက ချမှတ်ထားခဲ့ခြင်းဖြစ်ပြီး မြေအောက်မီးရထားလမ်းစနစ်သည် ဘေးကင်းစိတ်ချရမှုရှိပြီး အဆင်ပြေစွာ သွားလာနိုင်ရမည်ဖြစ်ကြောင်း၊ ထိရောက်သည့် ဝန်ဆောင်မှုပေးနိုင်ရမည့်အပြင် ပြည်သူအားလုံး အသုံးပြုနိုင်စေရန်အတွက် ဈေးနှုန်းသက်သာမှုလည်း ရှိရန် ဆောင်ရွက်ပေးရမည်ဟု လမ်းညွှန်ထားကြောင်းပြောကြားခဲ့ပါသည်။

ပေကျင်းမြူနီစီပယ်သယ်ယူပို့ဆောင်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက မြေအောက်မီးရထားလမ်းစနစ် ထိရောက်မှုရှိစေရန်အတွက် ရထားတစ်စင်းနှင့် တစ်စင်းကြားအချိန်ကွာဟမှုအချိန်ကို လျှော့ချသွားမည်ဖြစ်ပြီး ယခုလက်ရှိတွင် မြေအောက်မီးရထားလိုင်းလေးလိုင်းသည် လူသွားလူလာများသည့် အချိန်အတွင်း ရထားတစ်စင်းနှင့်တစ်စင်းကြား တစ်မိနစ်နှင့် ၄၃ စက္ကန့်ရှိကြောင်း၊ အချိန်တိကျမှန်ကန်မှုမှာ ၉၉ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ငါးခူ (Siluriformes)ငါးမျိုးစိတ် တင်ပို့ခွင့်ရရှိမည်

၂၀၁၅ခုနှစ် နိုဝင်ဘာအတွင်း အမေရိကန်နိုင်ငံ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်စစ်ဆေး ရေးလုပ်ငန်းမှ ထုတ်ပြန်ခဲ့သော အမေရိကန်နိုင်ငံသို့ ငါးခူ အပါအဝင် ငါးခူမျိုးစိတ်များတင်သွင်းမှုနှင့်စပ်လျဉ်းသည့် စည်းမျဉ်း သတ်မှတ်ချက် များသည် ၂၀၁၆ခုနှစ် မတ်လတွင် စတင်အသက်ဝင်မည်ဖြစ်ပြီး အဆိုပါနေ့ရက်မှစ၍ အသွင်ကူးပြောင်းရေးကာလ စတင်မည်ဖြစ်ကာ အချိန်၁၈ လရရှိမည် ဖြစ်ပါသည်။ အဆိုပါနေ့ရက်မှစ၍ catfish အပါအဝင် ငါးခူ (Siluriformes) ငါးမျိုးစိတ်ဝင်ဆိုင်ရာ စစ်ဆေးမှုကို အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုဌာန(FDA)မှ ဆောင်ရွက်ခြင်းပြုတော့မည် မဟုတ် ဘဲ၊ အမေရိကန်နိုင်ငံ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စစ်ဆေးရေးလုပ်ငန်း (FSIS) မှသာ စစ်ဆေးဆောင်ရွက်မည် ဖြစ်ကြောင်းသိရှိ ရပါသည်။

အသွင်ကူးပြောင်းရေး ကာလအတွင်း ပြည်ပမှ တင်သွင်းလာသည့် Siluriformes ငါးမျိုးစိတ်များအား ပြန် လည်စစ်ဆေးခြင်း၊ နမူနာဓါတ်ကြွင်းစစ်ဆေးမှုများကို အနည်းဆုံးသုံးနှစ်လျှင်တစ်ကြိမ် အမေရိကန်နိုင်ငံတွင် အလျဉ်းသင့်သလို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

ထို့အပြင် အသွင်ကူးပြောင်းရေးကာလ ပြီးဆုံးပြီးနောက် အမေရိကန်နိုင်ငံသို့ ဆက်လက် တင်ပို့လိုသည့် နိုင်ငံများသည် ယင်းကာလအတွင်း Equivalency determination လျှောက်ထားရန် လိုအပ်ပါသည်။ ယင်းသို့ လျှောက်ထားပြီးစီးကြောင်း စာရွက်စာတမ်းများ တင်ပြနိုင်ပါက FSIS မှ သက်ဆိုင်ရာလုပ်ငန်းတွင် On-site audit အပါအဝင် လိုအပ်သော Equivaleny evaluation ဆောင်ရွက်နေစဉ်အချိန်မှာပင် ကုန်စည်ဆက်လက်တင်ပို့ခွင့်ရှိမည်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသို့ Siluriformes တင်သွင်းခွင့်ရရန် အရည်အချင်းပြည့်မီသည့် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၁၃ ခု၏ စာရင်းကို အမေရိကန်နိုင်ငံ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စစ်ဆေးရေးလုပ်ငန်းမှ ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## မဲခေါင်မြစ်ကြောင်းတစ်လျှောက်နိုင်ငံများ၏ မိုးခေါင်ရေရှားမှုပြဿနာ ဖြေရှင်းရာတွင် တရုတ်နိုင်ငံကကူညီမည်

၂၀၁၅ခုနှစ်ကုန်မှစ၍ မိုးခေါင်ရေရှားမှု အခက်အခဲနှင့် ရင်ဆိုင်နေရသည့် မဲခေါင်မြစ်တစ်လျှောက် ဒေသများအတွက် အရေးပေါ်ရေလိုအပ်မှုကို တရုတ်နိုင်ငံမှ ဧပြီ ၁၀ ရက်မှစတင်၍ ကူညီပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားပါသည်။ တရုတ်နှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်နိုင်ငံများသည် ရင်းနှီးခင်မင်သည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အားလျော်စွာ အခက်အခဲများ ကို အတူတကွ ကူညီဖြေရှင်းရမည် ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။ မဲခေါင်မြစ်အောက်ပိုင်း ဒေသ



ဖြစ်သည့် ဗီယက်နမ်တွင်ဖြစ်ပေါ်နေသော ရေရှားပါးမှုအခက်အခဲကိုဖြေရှင်းနိုင်ရန် ယူနန်ပြည်နယ်ရဲ့ ယင်ဟောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ရေကို တိုးမြှင့်ပံ့ပိုးပေးရန် တောင်းဆိုခဲ့ကြောင်းလည်း သိရှိရပါသည်။

မဲခေါင်မြစ် အပေါ်ပိုင်းဖြစ်သည့် တရုတ်နိုင်ငံဘက်ခြမ်းရှိ လန်ချန်းမြစ်သည် အင်ဒိုချိုင်းနားကျွန်းဆွယ် ငါးနိုင်ငံ(လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်) အတွက် အရေးပါသည့် ရေအရင်းအမြစ်ဖြစ်ပြီး အဆိုပါ ငါးနိုင်ငံ၏ ရေရှားပါးမှုပြဿနာအတွက် ကူညီပေးသွားမည် ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဆက်လက်ပြောကြား ထားပါသည်။

၂၀၁၅ခုနှစ်နိုဝင်ဘာလကယူနန်ပြည်နယ်တွင်ကျင်းပသည့် အစည်းအဝေး၌ မဲခေါင်ဒေသ နိုင်ငံခြားရေးဝန်ကြီးများမှ ရေအရင်းအမြစ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်အတွက် လန်ချန်း-မဲခေါင် ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်စနစ်တစ်ခုချမှတ်ခဲ့ကြကြောင်း၊ ထိုလုပ်ငန်းစဉ်အရ တရုတ်သည် အိမ်နီးချင်းနိုင်ငံများနှင့်ရေအရင်းအမြစ်နှင့် သဘာဝဘေးအန္တရာယ် ကိုင်တွယ်ဖြေရှင်းမှုဆိုင်ရာကိစ္စများ၌ လက်တွေ့ကျကျပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ ရေရှားပါးမှုအခက်အခဲကို ကူညီဆောင်ရွက်ခြင်းသည် အိမ်နီးချင်း မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ တာဝန်ယူမှုကို ပြသသည့်လက္ခဏာကောင်းတစ်ခုလည်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**



## ဘုရင့်နောင်စျေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ စျေးစွာလာ

ဘုရင့်နောင်စျေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဘက်မှ ဝယ်လိုအားပုံမှန်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက စျေးမြင့်လာပြီးတစ်တန်ကို ၁၅၇၀၀၀၀ ကျပ်စျေးဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် လှောင်လက်တွေထံမှာ ပစ္စည်းရှိနေပြီး စျေးကောင်းရမှ ထုတ်ရောင်းမှုတွေရှိနေကြောင်း စျေးကွက်အခြေအနေကို စောင့်ကြည့်နေကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) ကိုတော့ အိန္ဒိယဘက်မှ ဝယ်လိုအား ပြန်လိုက်လာတာကြောင့် စျေးအနည်းငယ်မြင့်လာပြီး တစ်တန်ကို ၁၄၄၀၀၀၀ ကျပ်စျေးဖြင့် အရောင်းအဝယ်နေ့စဉ်ဖြစ်ခဲ့ကြောင်း စျေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××

## ပခုက္ကူစျေးကွက်မှာ ကုလားပဲစျေးမာ

ပခုက္ကူစျေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကိုမြို့ခံပဲခွဲစက်များက ဝယ်လိုအားများသလို ရောင်းသူကုန်သည်များကလည်း တက်စျေးမှာ အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၇၆၀ ကျပ် (တစ်တန်ကို ၁၀၇၇၈၀၆ ကျပ်) ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၇၅၀ ကျပ်(တစ်တန်ကို၁၀၇၁၆၈၂ ကျပ်) စျေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဟသ်ာတစျေးကွက်မှာ မတ်ပဲနှင့် ပဲလွန်းဖြူကို ရန်ကုန်အဝယ်ပုံမှန်ရှိ

ဟသ်ာတစျေးကွက်မှာ ဒီတစ်ပတ် မတ်ပဲကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါစျေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၈၀၀ ကျပ် (တစ်တန်ကို ၁၇၁၇၄၈၈ ကျပ်) စျေးဖြင့်နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၉၈၀ ကျပ် (တစ်တန်ကို ၆၀၀၁၄၂ ကျပ်) စျေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ပြည်စျေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ စျေးစွာ

ပြည်စျေးကွက်မှာ မတ်ပဲအနေဖြင့်နယ်စုံမှ တစ်ရက်ကိုအိတ် ၁၀၀၀ ကျော်ဝင်ရောက်နေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် စျေးမြင့်လာပြီး တစ်ပိဿာကို ၂၇၃၅ ကျပ် (တစ်တန်ကို ၁၆၅၄၄၂၆ ကျပ်) စျေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို အိန္ဒိယအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက စျေးမြင့်လာပြီး တစ်ပိဿာကို ၂၃၂၅ ကျပ်(တစ်တန်ကို၁၄၂၃၈၀၆ ကျပ်) စျေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော စျေးနှုန်းများနှင့် စျေးကွက်အခြေအနေ (၄-၄-၂၀၁၆)

ခင်မောင်မောင်အုန်း

## မကွေးစျေးကွက်မှာ ကုလားပဲနှင့် ပဲစင်းငုံနီ စျေးမြောက်

မကွေးစျေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကိုမြို့ခံပဲခွဲစက်များနှင့် လှောင်လက်များက ဝယ်လိုအားပြန်လိုက်လာတာကြောင့် စျေးတရိပ်ရိပ်မြင့်တက်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၇၆၀ ကျပ် (တစ်တန်ကို ၁၀၇၇၈၀၆ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၇၅၀ ကျပ် (တစ်တန်ကို ၁၀၇၁၆၈၀ ကျပ်) စျေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မန္တလေးစျေးကွက်မှာ မတ်ပဲနှင့် ကုလားပဲစျေးမာ

မန္တလေးစျေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) တွေ စျေးကွက်ထဲဝင်ရောက်မှုပုံမှန်ရှိသလို အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအား ပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက စျေးမြင့်လာပြီး တစ်ပိဿာကို ၂၄၁၇ ကျပ် (တစ်တန်ကို ၁၄၈၀၁၄၆ ကျပ်) စျေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားသွက်တာကြောင့် စျေးမြင့်လာပြီး တစ်ပိဿာကို ၁၇၀၇ ကျပ် (တစ်တန်ကို ၁၀၄၁၀၆၀ ကျပ်) စျေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××



## တောင်ကြီးစျေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး အစာစပ်ပုံမှန်အဝယ်ရှိ

တောင်ကြီးစျေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၄၃၅ ကျပ်စျေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ရှစ်သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## လားရှိုးစျေးကွက်မှာ ပြောင်းကို တရုတ်အဝယ် ပုံမှန်ရှိ

လားရှိုးစျေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၃၀ ကျပ်စျေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၁ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မူဆယ်စျေးကွက်မှာ ပြောင်းအဝင်ပိုလာ စျေးတန့်

မူဆယ်စျေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်းတန်ချိန် ၁၄၀၀၀ နီးပါးဝင်ရောက်ခဲ့ပေမယ့် တရုတ်ဘက်မှာ အဖမ်းအဆီးတချို့ ရှိတာကြောင့် ပြောင်းအရောင်းအဝယ်ထင်သလောက်မဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုက ၅၀ ကီလိုတစ်အိတ်ကို ၈၅ ယွမ်မှ ၈၈ ယွမ်ကြား စျေးတန့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မုံရွာစျေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်အေး၊ ကုလားပဲ၊ ပဲစင်းငုံနီနှင့် မတ်ပဲစျေးမြင့်လာ

မုံရွာစျေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ဝယ်လိုအားအေးနေကြောင်း ကုလားပဲဖြူလုံးကြီးကိုတော့ ပဲခွဲစက်များရဲ့ ဝယ်လိုအားသွက်မှုကြောင့် စျေးသိသာစွာ မြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၁၆ ကျပ် (တစ်တန်ကို ၁၁၁၂၀၀ ကျပ်) စျေးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုတော့ ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်များက အဝယ်ဆိုတာကြောင့် တစ်ပိဿာကို ၂၃၅၀ ကျပ် (တစ်တန်ကို ၁၄၃၉၀၁၆ ကျပ်) စျေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီကိုတော့ ဒီတစ်ပတ်မှာ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပြန်လိုက်လာတာကြောင့် စျေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၃၁၅ ကျပ် (တစ်တန်ကို ၁၄၁၇၆၈၂ ကျပ်) စျေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## အောင်လံစျေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲ အရောင်းအဝယ် ပုံမှန်ဖြစ်

အောင်လံစျေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က စျေးပေးအဝယ်ရှိသလို ဝယ်လိုအားပါ ပြန်လိုက်လာတာကြောင့် စျေးမြင့်လာပြီး တစ်ပိဿာကို ၂၃၁၅ ကျပ် (တစ်တန်ကို ၁၄၁၇၆၈၂ ကျပ်) စျေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်နှင့် လှောင်လက်များက ဝယ်လိုအားများတာကြောင့် အမြင့်စျေးမှာရှိနေပြီး တစ်ပိဿာကို ၁၇၅၀ ကျပ် (တစ်တန်ကို ၁၀၇၁၆၈၀ ကျပ်) စျေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ရေစကြိုစျေးကွက် ကုလားပဲ အရောင်းအဝယ်သွက်

ရေစကြိုစျေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်) သစ်တွေ ဝင်ရောက်မှုပုံမှန်ရှိသလို ပဲခွဲစက်တွေကလည်း ဝယ်လိုအားများနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၇၃၀ ကျပ် (တစ်တန်ကို ၁၀၅၉၄၃၄ ကျပ်) စျေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# ရှမ်းပြည်နယ်ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့်ဂျာမနီနိုင်ငံဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ တို့ ပူးပေါင်းလေ့လာရေး အလုပ်ရုံဆွေးနွေးပွဲ ၃/၂၀၁၆ ကို မတ် ၁၆ ရက်က တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တောင်ကြီးရက်ကန်းကျောင်းနဲ့ ဖိတ်ကြားထားသူ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို စားသုံးသူရှုထောင့်၊ ဘဏ္ဍာရေးရှုထောင့်၊ ရုံးလုပ်ငန်းစဉ်ရှုထောင့်နဲ့ လေ့လာမှုနဲ့ တိုးတက်မှုရှုထောင့်များဖြင့် အဓိကဆွေးနွေးခဲ့ကြပါတယ်။

ရှုထောင့် အလိုက်ဆွေးနွေးခဲ့ကြတဲ့ အကြောင်းအရာများမှာ ရှမ်းပြည်နယ်သည် စားသုံးသူကို အထူးအခြေပြုပြီး ရင်းနှီးမြှုပ်နှံမှုအတွက် လွယ်ကူချောမွေ့တဲ့ အနေအထားဖြင့် ကိုယ်ပိုင်စီးပွားရေးစတင်ရန်နဲ့ လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် မိမိတို့မျှော်မှန်းချက်များ အောင်မြင်စေရန် စားသုံးသူများရဲ့ အမြင်များ၊ ဘဏ္ဍာရေး အရအောင်မြင်မှုရရှိရန် ရှယ်ယာဝင်များရဲ့ အမြင်နဲ့သဘောထားများ၊ ရှယ်ယာဝင်များနဲ့ စားသုံးသူများ စိတ်ကျေနပ်စေရန် ကျွမ်းကျင်ပိုင်နိုင်မှုရှိရမည့် လုပ်ငန်းစဉ်များ၊ မျှော်မှန်းချက်ကို အောင်မြင်စေရန် ပြောင်းလွယ် ပြင်လွယ်စေသော စွမ်းရည်နှင့် တိုးတက်အောင် မိမိတို့ စွမ်းရည်ကို ထိန်းသိမ်းရန်နည်းလမ်းများနဲ့ ရှမ်းပြည်နယ်ရဲ့ စီးပွားရေးလုပ်ဆောင်နိုင်မှုဝန်းကျင် အနေအထားများအရ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိသည့် ရပ်ဝန်းတစ်ခုအနေဖြင့် စီမံခန့်ခွဲခြင်းနဲ့ တိုင်းတာခြင်းတို့အတွက် အရေးကြီးသော ရှမ်းပြည်နယ်အတွင်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း စတင်လိုသောပြည်သူများအခြေအနေ ရှမ်းပြည်နယ်အတွင်းရှိ အဓိကကျသည့် ကဏ္ဍများမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ရောင်းဝယ်မှုများအပေါ် ဆွဲဆောင်နိုင်မှု အခြေအနေ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲအတားအဆီးများ လျော့နည်းစေရေးနှင့် ပိုမိုအကျိုးရှိစေရန်အတွက် ပုဂ္ဂလိက၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အထများကို ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

**မင်းအောင် -တောင်ကြီး**

# မွန်ပြည်နယ် ရာမညကုန်သွယ်မှု ဗဟိုဌာန ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီး ဌာနသည် စီးပွားရေးနှင့်ကုန်သွယ်မှု သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဝန်ဆောင်မှုပေးရန် ဦးတည်ချက်ထား၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကုန်သွယ်မှုဗဟိုဌာနများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင် မြန်မာကုန်သွယ်မှု ဗဟိုဌာနကိုလည်းကောင်း၊ မန္တလေးမြို့တွင် ရတနာပုံကုန်သွယ်မှုဗဟိုဌာနကိုလည်းကောင်း၊ မြစ်ကြီးနားမြို့တွင် မနောမြေကုန်သွယ်မှုဗဟိုဌာကိုလည်းကောင်း၊ မုံရွာမြို့တွင် ဇေယျာကုန်သွယ်မှုဗဟိုဌာနကိုလည်းကောင်း၊ ပုသိမ်မြို့တွင် ဧရာကုန်သွယ်မှုဗဟိုဌာနကို လည်းကောင်း၊ မကွေးမြို့တွင် ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနကိုလည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ပြီး ယခုရာမည ကုန်သွယ်မှုဗဟိုဌာနကို မွန်ပြည်နယ် မော်လမြိုင်မြို့၊ အမှတ် (၄) ကမ်းနားလမ်း၊ ရွှေတောင်ရပ်၌ မတ် ၂၆ ရက်တွင်ဖွင့်လှစ်ခဲ့ပါတယ်။

အဆိုပါဖွင့်လှစ်ပွဲသို့ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်း၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှရှိန်နှင့် အမှုဆောင်များ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြပါ တယ်။

ရှေးဦးစွာ မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက “ရာမညကုန်သွယ်မှုဗဟိုဌာန” ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအား ရှင်းလင်း ပြောကြားပြီး ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးနှင့် ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးတို့က ရာမညကုန်သွယ်မှုဗဟိုဌာနအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များ “ရာမညကုန်သွယ်မှုဗဟိုဌာန”အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး နံနက်စာလက်ဖက်ရည်နှင့် မုန့်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပါတယ်။

ယခုဖွင့်လှစ်ခဲ့သော “ရာမညကုန်သွယ်မှုဗဟိုဌာန”တွင် မွန်ပြည်နယ်၏ ဒေသထွက်ကုန်များဖြစ်သော ဆန်၊ စပါး၊ ပဲမျိုးစုံ၊ သစ်သီးဝလံ၊ ရော်ဘာ၊ ဆေးတံ၊ တုတ်ကောက်၊ ရိုးရာအသုံးအဆောင်၊ အဝတ်အထည်များ၊ လမ်းခင်း ကျောက်ပြားများ၊ ယိုစုံများ၊ ငါးခြောက်များ၊ ဟင်းခတ်မဆလာများ၊ ရော်ဘာသားဆက်တီများ ခင်းကျင်း ပြသထားကြောင်း သတင်းရရှိပါတယ်။

**အောင်လွင် - မော်လမြိုင်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စီးပွားရေးလုပ်ငန်းအမျိုးအစား ပြင်ဆင်သတ်မှတ်တဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၂)ပါ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအနက် ခွင့်မပြုတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းနဲ့ သီးခြားပြဋ္ဌာန်းထားတဲ့ အခြေအနေတစ်ရပ်ရပ်နဲ့ ဆောင်ရွက်ခွင့်ပြုတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစား စာရင်းတို့အား ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ခွင့်မပြုတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားများ ၁၂ ခု စာရင်း၊ နိုင်ငံသားနဲ့ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုတဲ့ စီးပွားရေးလုပ်ငန်း ၂၇ ခုစာရင်း၊ သီးခြားပြဋ္ဌာန်းထားတဲ့ အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုတဲ့ စီးပွားရေးလုပ်ငန်း ၆၄ခု စာရင်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ နဲ့ မတ်လ ၂၁ ရက်နေ့က ထုတ်ပြန်လိုက်တယ်လို့ သတင်းရရှိပါတယ်။

သီးခြားပြဋ္ဌာန်းထားတဲ့ အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားကို သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ဖြင့် နိုင်ငံသားနဲ့ ဖက်စပ်စနစ်နဲ့သာ ဆောင်ရွက်ခွင့်ပြုတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစား ၄၂-ခုနဲ့ အခြားကန့်သတ်ချက်ဖြင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုတဲ့ စီးပွားရေးလုပ်ငန်း အမျိုးအစား ၂၂-ခု ဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများရဲ့ သဘောထားမှတ်ချက်နဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းအမျိုးအစား ၄၂ခု ရှိပြီး အခြားကန့်သတ်ချက်ဖြင့် ဖက်စပ်စနစ်နဲ့ လုပ်ဆောင်ခွင့်ရှိတဲ့ စီးပွားရေးလုပ်ငန်း ၂၂ခုကို အမိန့်ကြော်ငြာစာမှာ ဖော်ပြထားပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများရဲ့ သဘောထား မှတ်ချက်ဖြင့် နိုင်ငံသားနဲ့ ဖက်စပ်စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုတဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပါက သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ထောက်ခံချက်များရယူ၍ လုပ်ငန်းများဆောင်ရွက်ရန်ဖြစ်ကြောင်းသိရပါတယ်။

အမိန့်ကြော်ငြာစာမှာပါဝင်ခြင်းမရှိတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားများအနက် လုပ်ငန်းသဘာဝအရ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုချက်ရယူရန်လိုအပ်တယ်လို့ ကော်မရှင်က သုံးသပ်တဲ့ လုပ်ငန်းမှအပ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်းအပြည့်ဖြင့် ခွင့်ပြုနိုင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုသဘောသက်ရောက်ခြင်းမရှိတဲ့ ဝန်ဆောင်မှု လုပ်ငန်းများကိုမူ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရရှိမှုသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနဲ့ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာ ၄၉/၂၀၁၄ ကိုလည်း ဤအမိန့်စာကြော်ငြာစာနဲ့ လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း ဖော်ပြထားပါတယ်။

**MIRT**

# ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ ပြည်ပကုမ္ပဏီနဲ့ချိတ်ဆက်ပြီး ခေတ်မီစပါးအခြောက်ခံစက်များရောင်းချလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စက်များတွင် ခေတ်မီစပါး အခြောက်ခံစက်များကို အသုံးပြု လျက်အရည်အသွေးကောင်း သီးနှံများ ရရှိပြီးဆန်ကြိတ် ခွဲထုတ်လုပ်ရာတွင် ဆန်အဆင့်အတန်းမြင့်မားလို့ ဈေးကွက်ဝေစု ပိုမိုရရှိစေရန်အတွက် တရုတ် (တိုင် ပေ)နိုင်ငံထုတ် ခေတ်မီစပါးအခြောက်ခံစက်များကို ဧရာပုသိမ်ကုမ္ပဏီ၊ ကိုယ်စားလှယ်ယူ ရောင်းချပေး လျက်ရှိကြောင်း သိရပါတယ်။

တရုတ် (တိုင်ပေ) နိုင်ငံရှိ SAN SHWE Agricultural Machinery Science and Technology Co.Ltd. မှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံရှိ Golden Thurain Linn Agricultural Machi nery and Technology Trading Co.Ltd မှတင်သွင်း၍ ပြည်တွင်းတွင် ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဧရာပုသိမ် ကုမ္ပဏီတိုင်းအတွင်း ကိုယ်စားလှယ်ယူကာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ စပါးအခြောက်ခံစက် အမျိုးအစားများမှာ ၃ တန်ခွဲ၊ ၁၂ တန်၊ တန် ၃၀ နဲ့ တန် ၁၃၀ အထိ အမျိုးမျိုးရှိပြီး ၃ တန်ခွဲစက်ကို လူကြိုက်များလို့ ၁၂ တန်စပါးအခြောက်ခံစက်ကိုလည်း စိတ်ဝင်တစား လာရောက်လေ့ လာဝယ်ယူလျက်ရှိပါတယ်။ ဝယ်ယူတဲ့စက်ပိုင်ကို ကုမ္ပဏီပညာရှင်များက လိုက်လံတပ်ဆင်ပေးပြီး အသုံးပြုနည်းများကိုလည်း စက်မောင်း အော်ပရေတာများကို သင်ကြားပေးခဲ့ပါတယ်။ ထိုစက်ကို အသုံးပြုခြင်းဖြင့် အစိုဓာတ်လျှော့ချ နိုင်သည်သာမက အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ၊ အမှိုက်၊ အညာများကိုပါ မှုတ်ထုတ်လိုက်တဲ့အတွက် စပါးကိုလမ်းပေါ်မှာ လှန်းတာထက် ပိုမိုသန့်စင်သွားကြောင်း၊ ယခင်စပါးကို ကားလမ်းဘေး မိရိုးဖလာလှန်းရာမှာ တွေ့ကြုံရသော နေရာအခက်အခဲနဲ့ လုပ်အားကို လည်းလျှော့ချနိုင်ကြောင်း၊ ထိုစပါးအခြောက်ခံစက်များကို ကမ္ဘောဒီးယား၊ ဗီယက် နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံများမှာလည်း ဝယ်ယူအသုံးပြုလျက် ရှိကြောင်း၊ ထိုစပါးအခြောက်ခံစက်များကို ဝယ်ယူ လိုပါက အရောင်းမြှင့်တင်ရေး ကာလဖြစ်သည့် မတ်လမှ မေလအတွင်း အရစ်ကျစနစ်နဲ့ ရောင်းချပေးသွားမှာဖြစ်ကြောင်းသိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ- ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်၊ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ် ကုန်သွယ်ရေး စခန်းတို့မှ မတ်လ ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၁၃၅ သန်း တန်ဖိုးရှိရေထွက်ကုန် ၂၀၈၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၁၃၂ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၆၉ တန်နီးပါး၊ ကဏန်း ၃၁ တန်ကျော်၊ ပုစွန် နှစ်တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေး စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၄၃၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၄၁၂ တန်ကျော်၊ ပုစွန်ငါးတန်ကျော်၊ အခြားရေထွက်ပစ္စည်း ကိုးတန်ကျော်၊ ပင်လယ်ငါးရှဉ့် သုံးတန် ကျော်၊ ကင်းမွန်သုံးတန်ကျော်၊ ရေဘဝဲ တစ်တန်ကျော်နဲ့ ကဏန်း တစ်တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀၆၃ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၅၆၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၃၁၀ တန်ကျော်၊ ငါးမှုန့်တန် ၂၁၀၊ ရေငန်ပုစွန် ၁၉ တန်နီးပါး၊ ကဏန်းအသေး(အသေ)နှစ်တန်ကျော်၊ ကင်းမွန်တစ်တန်ကျော်နဲ့ သဲကဏန်း တစ်တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀၈၁ တန်နီးပါးလျော့နည်း တင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

# မတ်လ ၂၅ ရက်အထိ ကန်ဒေါ်လာ သန်း ၅၀၀၀ ကျော် ကုန်သွယ်မှုလိုငွေပြနေ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် မတ်လ ၂၅ ရက်ထိ ပို့ကုန် တင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၇၇၀ သန်း ကျော်၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ ကန်ဒေါ်လာ ၁၆၁၄၂ သန်းကျော် ဖြစ်သဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၂၆၉၁၂ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၅၃၇၂ သန်းကျော်ပြနေပါတယ်။

ကာလတူနဲ့နှိုင်းယှဉ်ပါက ပြည်ပ ပို့ကုန်ပမာဏ ကန်ဒေါ်လာ၁၁၅၇ သန်းကျော်၊ သွင်းကုန်ပိုင်းတွင် ကန်ဒေါ်လာ ၁၅၇ သန်းကျော် လျော့နည်းခဲ့ပါတယ်။ ပို့ကုန်ပိုင်းလျော့နည်းရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်၊ သတ္တုတွင်းထွက်နဲ့ စက်မှုကုန်ချောအုပ်စုများ ယခင်နှစ် ကာလတူထက် လျော့နည်းတင်ပို့ခဲ့ခြင်း၊ သွင်းကုန်ပိုင်း လျော့နည်းရခြင်းမှာ လုပ်ငန်း သုံးကုန်ကြမ်းပစ္စည်း အသွင်း လျော့နည်းခဲ့လို့ ဖြစ်ပါတယ်။

ပြည်ပပို့ကုန်တင်ပို့မှုတွင် ကာလတူထက် ပင်လယ်ရေကြောင်း တင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၈၈ သန်းကျော် လျော့နည်းခဲ့တဲ့အတွက် နယ်စပ်ကုန်သွယ်မှု တင်ပို့မှု ၂၃၁ သန်းကျော် ပိုမိုခဲ့သော်လည်း ပို့ကုန်တင်ပို့မှု ၁၁၅၇ သန်းကျော် လျော့နည်းခဲ့ရခြင်းဖြစ်ပါတယ်။

သွင်းကုန်တင်သွင်းမှုတွင် ကာလတူထက် ကန်ဒေါ်လာ ၃၃၃ သန်း ကျော် လျော့နည်းခဲ့တဲ့အတွက် နယ်စပ်ကုန်သွယ်မှုက ကန်ဒေါ်လာ ၁၇၁ သန်း ကျော်ပိုမိုခဲ့သော်လည်း သွင်းကုန်စုစုပေါင်း၁၅၇ သန်းကျော် လျော့နည်းခဲ့ရခြင်းဖြစ်ပါတယ်။

**MIRT**

# မြိတ်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ် ကာလတူထက်ပါရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် မတ်လ အတွင်း ကန်ဒေါ်လာ ၁၀ ဒသမ ၁၅၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၉၅၄၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ပါက တန်ဖိုး ကန်ဒေါ်လာသုည ဒသမ ၃၅၇ သန်း၊ တန်ချိန် ၉၁၇ တန်ကျော်၊ ယမန်နှစ် ကာလတူနဲ့နှိုင်းယှဉ်ပါက တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၂၃၂ သန်း၊ တန်ချိန် ၂၆၉၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ မတ်လအတွင်း တင်ပို့ခဲ့သော ရေထွက်ကုန်များမှာ ငါးမျိုးစုံ ၆၆၂၈တန်ကျော်၊ ပုစွန် ၁၄၅ တန်ကျော်၊ငါးမှုန့် ၂၆၄၆ တန်ကျော်၊ ကင်းမွန်(အခွံချွတ်)၁၆ တန်ကျော်၊အေးခဲကဏန်းပျော့ ၅၇၆ ကီလိုဂရမ်၊ငါးအသားလွှာ ၂၄ တန်၊ ကဏန်းနီ ၂၅ တန်ကျော်၊ပုစွန်ခြောက် နှစ်တန်ကျော်၊ကင်းမွန် ၁၂ တန်ကျော်၊ ကဏန်းသေး(အသေ) လေးတန်ကျော်၊ သဲကဏန်း နှစ်တန်ကျော်၊ ကင်းမွန်ခေါင်း ခုနစ်တန်ကျော်နဲ့ ကင်းမွန်ခြောက် ၂၇တန်ကျော် အသီးသီးတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# ဘဏ္ဍာနှစ် ပထမ ၁၁ လကျော် ကာလအတွင်း ကန်ဒေါ်လာသန်း ၁၂၀ ကျော်တန်ဖိုးရှိသစ်သီးဝလံများ တင်ပို့ထားပြီးဖြစ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် မတ်၂၅ ရက်အထိ ၁၁ လကျော်ကာလမှာ ပြည်ပသို့ ကန်ဒေါ်လာ သန်း ၁၂၀ ကျော်တန်ဖိုးရှိ သစ်သီးဝလံ အမျိုးမျိုး ၇၂၆၅၂၇ တန်ကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။ ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂ ဒသမ ၃၆၉ သန်း၊ တန်ချိန်အားဖြင့်၂၀၂၉၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ယခုဘဏ္ဍာနှစ်အတွင်း သစ်သီးဝလံ တင်ပို့နိုင်ခဲ့မှု အခြေအနေကို ဖော်ပြပေးလိုက်ရပါတယ်-

| သစ်သီးအမျိုးအစား | တန်ဖိုး | တန်ချိန် |
|---|---|---|
| | | ကန်ဒေါ်လာသန်း |
| ဖရဲသီး | ၅၆.၄၄၈ | ၅၂၈၉၆၀.၉၄၀ |
| သခွားမွှေး | ၁၅.၀၇၄ | ၇၃၈၉၉.၀၀၀ |
| သရက်သီး | ၉.၆၂၃ | ၂၈၂၈၀.၆၈၃ |
| အခြားသစ်သီး ဝလံများ | ၂၆.၆၁၃ | ၉၃၁၀၀.၁၀၈ |

**MIRT**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေဘဝဲနဲ့ ပင်လယ်ငါးရှဉ့်များ တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် မတ် ၁၉ ရက်မှ ၂၅ ရက်တာ ကာလအတွင်း ရေဘဝဲ တစ်တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း၊ပင်လယ်ငါးရှဉ့်သုံးတန်ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်း တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ရေဘဝဲ ၁၁၇ ကီလိုဂရမ် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ပင်လယ်ငါးရှဉ့် ၅၆ ကီလိုဂရမ် လျော့နည်း တင်ပို့ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် မတ် ၁ ရက်မှ ၂၅ ရက်တာကာလတွင် ရေဘဝဲ ၇ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၁၂ သန်း၊ ပင်လယ်ငါးရှဉ့် ၁၆ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# ပြည် မန်ကျည်းမှည့်ဈေးကွက် ပုံမှန်အဝင်ရှိပြီး ရခိုင်သို့ ပုံမှန်တင်ပို့

ယခုမတ်လနောက်ဆုံးပတ် ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ ကမြိုင်၊ ပန်းတောင်း၊ ဥသျှစ်ပင်၊ ကျီးသဲစတဲ့ ဒေသများမှ ထွက်ရှိတဲ့ မန်ကျည်းမှည့်အိတ်တွေ ပြည်ပွဲရုံသို့ ဝင်ရောက်နေတာတွေ့ရပါတယ်။ တစ်နေ့လျှင် ပိဿာနှစ်ဆယ်ဝင်အိတ် ၁၀၀ ခန့် အဝင်ရှိပြီး ဒေသတွင်း မန်ကျည်းမှည့်များကတော့ ပွဲရုံများသို့ ပိဿာချိန် ၁၀၀၀ ကျော် ပုံမှန်အဝင်ရှိနေပါတယ်။ အရောင်းအဝယ်မှာလည်း လက်လီအရောင်းသမားများနဲ့ ရခိုင်ဝယ်လက်တို့မှ နေ့စဉ်အဝယ်ပုံမှန်ရှိနေပြီး ပိဿာချိန် ၇၀၀၊ ၈၀၀ တင်ပို့နေရကြောင်းသိရပါတယ်။ မန်ကျည်းမှည့်ဈေးကွက် ကတော့ မနှစ်ကထက်စာရင် အထွက်နည်းပြီး ဈေးကွက်အရောင်းအဝယ်ရှိနေတာကြောင့် ဈေးမာနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့်တစ်ပိဿာ ပွဲရုံပေါက်ဈေး ၁၈၀၀ ကျပ်နဲ့ လက်လီဒေသတွင်း ပေါက်ဈေးကတော့ ၂၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**နီနီဝင်း-ပြည်**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြိတ်ကုန်သွယ်ရေးစခန်းမှ ငါးမှုန့် ကန်ဒေါ်လာ ၁၈ သန်းကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ဧပြီမှ ၂၀၁၆ မတ်အတွင်း ကန်ဒေါ်လာ ၁၈ ဒသမ ၆၉၀ သန်း တန်ဖိုးရှိ ငါးမှုန့် ၂၄၇၂၀ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ လအလိုက် တင်ပို့နိုင်မှုကို ဖော်ပြပေးလိုက်ပါတယ်-

| စဉ် | လအမည် | တန်ချိန် | တန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁။ | ဧပြီ (၂၀၁၅) | ၁၇၁၀ | ၁. ၂၄၇ |
| ၂။ | မေ | ၁၄၅၅ | ၁. ၀၁၂ |
| ၃။ | ဇွန် | ၂၀၈၅ | ၁. ၄၅၃ |
| ၄။ | ဇူလိုင် | ၁၇၀၅ | ၁. ၁၇၂ |
| ၅။ | ဩဂုတ် | ၉၆၀ | ၀. ၇၂၆ |
| ၆။ | စက်တင်ဘာ | ၁၆၉၀ | ၁. ၂၆၃ |
| ၇။ | အောက်တိုဘာ | ၁၃၈၀ | ၀. ၀၁၁ |
| ၈။ | နိုဝင်ဘာ | ၁၅၆၀ | ၁. ၀၉၅ |
| ၉။ | ဒီဇင်ဘာ | ၂၀၇၀ | ၁. ၄၃၆ |
| ၁၀။ | ဇန်နဝါရီ (၂၀၁၆) | ၄၀၉၀ | ၃. ၅၆၁ |
| ၁၁။ | ဖေဖော်ဝါရီ | ၃၃၆၈. ၇၆၀ | ၂. ၆၂၄ |
| ၁၂။ | မတ် | ၂၆၄၆. ၅၆၀ | ၂. ၀၉၀ |

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ငါးမှုန့် အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# ဖေ့စ်ဘွတ်ခ်ပေါ်မှ ရင်ဖွင့်သံများ

|မျိုးသူ၊ ကုန်သွယ်မြှင့်|

ကျွန်တော်တို့ နိုင်ငံတွင် facebook ကို တွင်တွင်ကျယ်ကျယ် သုံးလာကြသည်မှာ သိပ်မကြာလှသေးပါ။ ယင်းလူမှုကွန်ရက်ကို တီထွင်သူ ဇူကာဘတ်သည် ငယ်ရွယ်သူ တစ်ယောက်ဖြစ်သော်လည်း၊ သူ၏လူမှုကွန်ရက်တွင် likeလုပ်ရန်သာ ထားရှိပြီး၊ မကြိုက်နှစ်သက်ကြောင်းပြဆိုသည့် သင်္ကေတကို မထားသည်မှာများစွာ အမြော်အမြင်ရှိသည်ဟု ထင်ပါသည်။ ထိုကဲ့သို့ မကြိုက်ကြောင်း သင်္ကေတ မပါသော်လည်း၊ Comment ခေါ် မှတ်ချက်ပေးသည့်ကဏ္ဍ ပါနေသဖြင့် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ထောက်ခံမှု၊ ကန့်ကွက်မှု၊ ငြင်းခုံမှုများကို တွေ့ရသည့်အပြင် ရန်ဖြစ်မှုများကိုပါ တွေ့နေရပါသည်။ ထို့ပြင် messenger and chat box များရှိနေသဖြင့် ဆက်သွယ်မှု ပိုမိုလွယ်ကူလာပြီး နဖူးစာနတ် မြားနတ်မောင်ပါ အလုပ်ရှုပ်ရသည်များ ဖြစ်ပေါ်လာပါသည်။ မည်သို့ပင်ဖြစ်စေ ကောင်းခြင်း၊ ဆိုးခြင်းများသည်မည်သည့် လုပ်ငန်းတွင်မဆိုရှိသကဲ့သို့ facebook ပေါ် တွင်လည်း တွေ့နေရပါသည်။ အထူးသဖြင့် သတင်းအချက်အလက်များအား ဖုံးကွယ်ရန် မတတ်နိုင်တော့ဘဲ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မြင်တွေ့လာနေပါသည်။ ရင်တွင်းမှ မကျေနပ်သံ၊ မကျေလည်သံများကိုလည်း မြင်တွေ့နေရပါသည်။

ကျွန်တော်တို့ ဝန်ထမ်းများအတွင်းတွင်လည်း ရုံးလုပ်ငန်းများ၊ သာရေး၊ နာရေး သတင်းများ၊ ခရီးထွက် သွားလာသည့်သတင်းများ၊ ပြည်တွင်း၊ ပြည်ပ သွားလာမှုများဖြင့် ယခင်က အဆက်အသွယ် ပြတ်နေသော မိတ်ဆွေများ အကြောင်းများကို facebook ကြောင့် သိလာရသည်၊ပြန်လည်ပြီးတွေ့ဆုံကြရသည်၊ စုစည်းရန်လည်း လွယ်ကူ လာသည်။ ဝန်ထမ်းများ ရုံးတွင် လာဘ်ပေးလာဘ်ယူမှုများကိုလည်း လုပ်ရန် ခက်ခဲလာသည်၊ ဆက်ဆံရေး မပြေလည်ပါကလည်း၊ ချက်ချင်းပင် facebook ပေါ် တင်လာသည်များပါတွေ့လာသည်။ တစ်နည်း ပြောရလျှင် transparency ခေါ်သော ပွင့်လင်းမြင်သာမှုများကို တွေ့နေရပါသည်။ တင်ပြသူ၏ စိတ်နေစိတ်ထားများလည်း ထင်ဟပ်နေတတ်ပါသည်။ တင်ပြသူ၏ အမြင်သာ ဖြစ်သော်လည်း တစ်ခါတစ်ရံ ရင်တွင်း ခံစားချက်များကို မြင်နေရပါသည်။ အထူးသဖြင့် ရာထူးတိုးကိစ္စများတွင် ဝန်ထမ်းများ၏ ခံစားချက် တော်တော်များများသည် အထက်လူကြီးက မမှန်မကန် လုပ်ကိုင်သည် သို့မဟုတ် မျက်နှာလိုက်သည် သို့မဟုတ် လာဘ်စားသည်ဟု ထင်မြင်နေခြင်းပင် ဖြစ်ပါသည်။ အများဆုံး ထင်မြင်မှုမှာ ခေါက်ရိုးကျိုးနေသော အယူအဆ ဖြစ်သည့် မျက်နှာလိုက်သည် သို့မဟုတ် လက်သင့်ရာစားတော်ခေါ် သည်ဟူသော နီးစပ်ရာ တပည့်တပန်းကိုသာ ရာထူးတိုးပေးသည်ဆိုသော အယူအဆ ဖြစ်သည်။ ယင်း အယူအဆများသည် လူတို့၏ မူလစိတ်ဖြစ်သော မိမိ မှန်သည်ဟူသော အယူအဆမှ လာကြသည်ကို တွေ့နေရပါသည်။ facebook ပေါ်တွင် ရေးသားသည့် အခါတွင်လည်း ငါဒီရာထူးမှာ နှစ်ပေါင်းများစွာ ကြာအောင် လုပ်နေသော်လည်း ရာထူးတိုးတိုင်း ငါမပါဘူး၊ ငါ့လောက် service မရှိသူ တွေတောင် ငါ့ကို ကျော်တက်နေပြီ၊ ဘာမှလည်း တော်တာ မဟုတ်ဘူး စသဖြင့် တွေးတတ်ပါသည်။ ယင်းအချက်များသည် မိမိကိုယ်ကို ဗဟိုပြု အတွေးအခေါ်မှ လာသည်ကို တွေ့နိုင်ပါသည်။

လူသည် မွေးရာပါအတွေးအခေါ်ရှိထားသည့် သတ္တဝါဖြစ်ပြီး၊ မိမိ အမှန်ဟူသောဝါဒ တစ်နည်းအားဖြင့် အတ္တအခြေခံ အတွေး အခေါ်သည် လူတိုင်းတွင် ဖြစ်တတ်ပါသည်။ အတ္တအခြေခံအတွေးသည် မည်သည့် ကိစ္စတိုင်းတွင်မဆို ပါစမြဲဖြစ်ပါသည်။ လူတိုင်းသည် အတ္တကို ကျော်ရန် မလွယ်ကူသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်သဖြင့် ငါသာအမှန်ဆိုသည်ကို ဆွဲကိုင်တတ်ကြပါသည်။ ယင်းအတွေးအခေါ် အယူအဆများကို ပညာချွန်းဖြင့် အုပ်ကာ ဆင်ခြင်သုံးသပ်မှုရသည်ဟု ကြားဖူးပါသည်။ ထို့ကြောင့် တင်ပြလိုသည်မှာ ဝန်ထမ်းများအတွက် အကြီးဆုံး မျှော်လင့်ချက်ကြီး တစ်ခုမှာ ရာထူးတိုးတက်ရေးသာ ဖြစ်ပါသည်။ အချိန်တန်လျှင် ရာထူးတိုးရမည်ဟု စွဲမြဲ မှတ်ယူထားတတ်စမြဲဖြစ်ပါသည်။ အလုပ်ဆို ကျားထက်ကြောက်သော်လည်း၊ ရာထူးတိုးမပါလျှင် မျက်နှာညိုပြီး၊ အထက်လူကြီးကို အမျက်သိုသောဝန်ထမ်းများကို အများအပြား မြင်ဖူးကြမည် ထင်ပါသည်။ သို့ရာတွင် ရာထူးတိုးရန် အချိန်တန်ပြီဟု မိမိ မှတ်ယူသော အချိန်ကို ကျော်လွန်သွားလျှင်လည်းကောင်း၊ မိမိနှင့် အတူတူအလုပ်ဝင်သူများ၊ သက်တူရွယ်တူများ ရာထူးတိုးလျှင်လည်းကောင်း၊ မိမိလည်း ရာထူးလိုက်တိုးလိုကြပြီး၊ ရာထူးမတိုးပေးသော အထက်အရာရှိကို ရန်လုပ်လိုခြင်းများ ဖြစ်ပေါ်လာပါသည်။ အနည်းဆုံး အတင်းတော့ တုပ်ကြပါတော့သည်။ ရာထူးမတိုးခဲ့လျှင် ဘာကြောင့်၊ မည်သည့်အကြောင်းကြောင့် ရာထူး မတိုးသည်ကိုတွေးလျှင် မည်သို့တွေးတတ်ပါသလဲ၊ ငါသည်လုပ်သက် ရှိပြီ ဖြစ်သည်၊ လုပ်ရည်ကိုင်ရည်လည်းရှိပြီဖြစ်သည်၊ အခြားသူ တော်တော်များများထက်လည်း ငါက တော်သည်၊ သို့ပါလျက် ရာထူးတိုးတွင် မပါဝင်ခဲ့ဟု တွေးတတ်ပါသည်။

ရာထူးတိုးပေးနိုင်သော၊ ရာထူးတိုးပေးရန် ထောက်ခံမှုပြုလုပ်ပေးနိုင်သော အရာရှိကြီးများအနေဖြင့် စဉ်းစားတတ်သည်မှာ မိမိတို့ဌာနမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် မည်မျှ ရှိသည်ကို အဓိကထားပြီး စဉ်းစားကြပါသည်။ အရည်အချင်းပိုင်းကို ရာထူးအဆင့် အလိုက်စဉ်းစားကြပါသည်။ လက်ရှိခေတ်အခြေအနေအရ နိုင်ငံတကာသုံး ဘာသာစကား တတ်ကျွမ်းမှုနှင့် ကွန်ပျူတာ ကျွမ်းကျင်မှု နှစ်ခုကို အဓိကထားပြီး ကြည့်ကျသည်များလည်းရှိပါသည်။ ထိုသို့ ကြည့်လာကြသည့်အခါ လုပ်သက်များပြားပြီး၊ အသက်လည်း ၅၀ နှစ်ဝန်းကျင်ရှိ ဝန်ထမ်းများမှာ ဖြတ်သန်းခဲ့ရသော ခေတ်နှင့် စနစ်များကြောင့် ကျွမ်းကျင်ရာ လုပ်ငန်းများမှာ တွင်ကျယ်မှု မရှိတော့ဘဲ နောက်တန်းသို့ ရောက်သွားပြီး၊ မိမိတို့ လက်လှမ်းမီသည့် ဘာသာ စကားနှင့် ကွန်ပျူတာက အဓိက ဖြစ်လာသည့်အခါ ရာထူးတိုးတက်ရေးနှင့် အလှမ်းဝေးရမည်ကဲ့သို့ ဖြစ်လာပါသည်။ သို့ရာတွင် "အတွေ့အကြုံများသည် အစားထိုး မရ သည့် ရတနာများ ဖြစ်သည်" ဟူသော စကားဖြင့် တိုင်းတာရန်လည်း လိုအပ်နေပါသေးသည်။ သို့ဖြစ်၍ လုပ်သက်များပြားသော ဝန်ထမ်းများ၊ အမိန့်နာခံမှုအားကောင်းသည့် ဝန်ထမ်းများ၊ အလုပ်ကို မည်သည့် အသက်အရွယ်တွင်မဆို ကြိုးကြိုးစားစား လုပ်ကိုင်သော ဝန်ထမ်းမျိုးကို မည်သည့် လူကြီးမဆို ချစ်ပါသည်။ လူကြီးပြောသမျှ ခေါင်းညိတ်မှ လက်ခံသည်၊ အလိုလိုက် အကြိုက်ဆောင်မှ သဘောကျပြီး ရာထူးတိုးရေးတွင် စဉ်းစားသည်ဆိုသည်ကို လက်ရှိတွင် မည်သည့်အထက်အရာရှိမျှ လက်မခံတော့ပါ။ သို့ရာတွင် မိမိမျက်စိတွင် သေချာပေါက် အလုပ်ကြိုးစားသူနှင့် အဝေးမှ အလုပ်ကြိုးစားသူတစ်ဦးကို ယှဉ်ပြိုင်ရွေးချယ်ရမည်ဆိုပါက မိမိ သေချာပေါက် သိသည့် အလုပ်ကြိုးစားသူကိုရွေးချယ်တတ်ပါသည်။ ကျွန်တော်လည်း ဖေ့စ်ဘွတ်ခ် ပေါ်တွင် တွေ့ရသော ဘာကြောင့် ရာထူးမတိုးသေးတာလဲဆိုသည့် ဆောင်းပါးလေးတစ်ခုမှ အလုပ်ကြိုးစားသူတို့ အမူအကျင့်ဆိုသည့် အချက်ငါးချက်ကို ပြန်လည်မျှဝေခြင်းပါသည်။ ယင်းတို့မှာ-

(က) အလုပ်တွေ အများကြီးရှိတဲ့အခါ အလုပ်ကို စောစော လာပြီး၊ အလုပ်တွေ မြန်မြန်ပြီးအောင် မည်သူ၏ တိုက်တွန်းချက်မှ မပါဘဲ ကြိုးစားအားထုတ်ခြင်း၊

(ခ) အလုပ်တွေ လက်စသတ်တဲ့ အထိ အလုပ်မှ နောက်ကျပြီး နေတတ်ခြင်း၊

(ဂ) ကိုယ်လုပ်တဲ့ အလုပ်ကို ပထမအကြိမ်မှာ မကောင်းသေး ဘူးဆိုလျှင် မကောင်းမချင်း၊ မပျင်းမရိ၊ မညည်းမညူ နောက်ထပ်ပြန်လုပ်ဖို့အသင့်ဖြစ်နေတတ်သည်။ကိုယ်လုပ်တဲ့အလုပ်ကို အကောင်း ဆုံးဖြစ်စေချင်သူ၊

(ဃ) အလုပ်ကို ထိထိမိမိ လုပ်နိုင်ဖို့ သက်ဆိုင်သည့်သင်တန်း များကို မခိုမကပ် လိုလိုလားလား တတ်မြောက်ကျွမ်းကျင်သည်အထိ တက်ရောက်တတ်သူ၊

(င) အလုပ်ပို ရှိလာလျှင် မညည်းမညူ တာဝန်ယူတတ်သူ၊ အဆင်သင့်ရှိသူ။

ဤဆောင်းပါးလေးမှာ ပြည့်စုံမည် မထင်ပါ။ ငြင်းဆန်စရာများလည်း ရှိနေပါလိမ့်မည်။ သို့သော် ရာထူးတိုးသူ အများစုမှာ အမှန်တကယ် ကြိုးစားသူများတွင် ပါဝင်နေပါသည်။ စုန်းပြူးများလည်း ရာထူးတက်သည့်ထဲ ပါနိုင်ပါသည်။ သို့သော် အလွန် နည်းပါသည်။ ကျွန်တော် အပါအဝင် ရာထူးမတိုးသူများအားလုံးသည် မိမိတို့ ကိုယ်ကို ဘာလိုအပ်နေသလဲဟု အရင်တွေးပြီး ပြုပြင်သွားလျှင် အသက် ၆၀ မတိုင်မီ သင့်တင့်သော ရာထူးများ တိုးတက်ရရှိလာနိုင်မည်ထင်ပါကြောင်း မျှဝေလိုက်ပါသည်။

■

## ဟိုတယ်လုပ်ငန်းဆိုင်ရာအလုပ်အကိုင်ပြပွဲကျင်းပ

ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းဆိုင်ရာသီးသန့်အလုပ်အကိုင်ပြပွဲကို မတ် ၂၇ရက်က ရန်ကုန်မြို့ရှိ MICT Park တွင် Work.com.mm က ကြီးမှူး၍ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲတွင် ဟိုတယ်လုပ်ငန်းဆိုင်ရာအလုပ်အကိုင်ရှာဖွေသူပေါင်း ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်အကိုင်ပြပွဲကြီးကို ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းကြီးများအတွက် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များပံ့ပိုးပေးနိုင်ရန်၊ ပွင့်လင်းလာသည့်မြန်မာ့ခရီးသွားလုပ်ငန်းအား တစ်ဖက်တစ်လမ်း မှ ပံ့ပိုး ပေးနိုင်ရန်ဟူသည့်ရည်ရွယ်ချက်များ ဖြင့်ကျင်းပပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ယင်းပြပွဲကြီးတွင်ပြည်တွင်းပြည်ပ အခြေစိုက်ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းကြီးများမှ ဝန်ထမ်းလိုအပ်ချက်အလိုက် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။အဆိုပါအလုပ်အကိုင်ပြပွဲတွင်ကြီးတွင် Hiton Nay Pyi Taw မှ Main Sponsor အဖြစ် အဓိကပါဝင်ကူညီပံပိုးပေးထားပြီး Max Hotel Group , Hotel Amara နှင့် Chatrium အစရှိသော ဟိုတယ်လုပ်ငန်းစုများနှင့်တကွ အခြားသော ဟိုတယ်ကြီးများ၊ ညှော်ခံကျွေးမွေးရေးဝန်ဆောင်မှုနှင့် စားသောက်ဆိုင်လုပ်ငန်းအပါအဝင် စုစုပေါင်းလုပ်ငန်း ၁၂ခုမှ ဝန်ထမ်း များခေါ်ယူခဲ့ကြောင်း သိရသည်။

ယင်းသို့ အလုပ်အကိုင် အခွင့်အလမ်းများဖော်ဆောင်ပေးအပ်နိုင်ရန်အတွက် အဆိုပါဝက်ဘ်ဆိုက်မှ သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက်နှင့် ရာသီအလိုက် သီးသန့်အလုပ်အကိုင်ပြပွဲများ ကျင်းပပြုလုပ်သွားရန် စီစဉ်ပေးသွားမည်ဖြစ်ကာ နယ်ပယ်စုံလုပ်ငန်းစုံမှ အလုပ်ရှာဖွေသူများ အဆင်ပြေစေရန် လုပ်ဆောင် ပေးခြင်းဖြစ်ကြောင်း၊ work.com.mm အနေဖြင့်လည်း နိုင်ငံ၏ပြောင်းလဲလာသည့် လူမှုရေးစီးပွားရေးအပေါ်မှီတည်၍ ဝင်ရောက်လာမည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ပြည်ပအခြေစိုက် လုပ်ငန်းကြီးများအတွက် နိုင်ငံတကာစံချိန်မီ အလုပ်ခေါ်စာများ၊ လူ့စွမ်းအား အရင်း အမြစ်များ အဆင်သင့်ပံ့ပိုးပေးနိုင်ရန် ယခုကဲ့သို့ အလုပ်အကိုင်ပြပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်း work.com.mm မှ သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမန်နေဂျာ မဇင်မာသက်မွန်က ပြောသည်။

# SJEC (FUJI)

*Professional Conveyance to All Levels*



## SJEC (FUJI) Products

- Machine Roomless Elevators
- Passenger Elevators
- Observation Elevators
- Stretcher Elevators (Hospital Lifts)
- Service Elevators (Cargo Lifts)
- Escalators
- Passenger Conveyors
- Dumbwaiters

> Sold over 500 units nation wide.

> Installed, maintained and serviced by most experienced engineers & technicians trained abroad.

> Provide one year warranty and free service

**HAN YOMA**

Head Office : No.11/12, Bahosi Complex, Bogyoke Aung San Road, Lanmadaw Township, Yangon.
Tel: 95-1-211392~4, Fax: 95-1-225955, 225974, Email: elm.fil@gmail.com
Mandalay Office : No.117, 34th St., Between 77th & 78th St., Chan Aye Thar San Tsp., Mandalay.
Tel : 95-2-39631~2, Fax : 95-2-64997, E-mail: mdyfortune78@gmail.com
Naypyitaw Office: No.139, Thiri Yadanar Shopping Complex, Naypyitaw.
Tel : 95-67-421183, 421184, 421186, 420949 Fax : 95-67-421184
E-mail: fortune.npt@gmail.com

GLOBAL WORLD INSURANCE CO.,LTD

# Marine Cargo Insurance

- Life Insurance
- Fire Insurance
- Comprehensive Motor Insurance
- Cash In Safe Insurance
- Cash In Transit Insurance
- Fidelity Guarantee Insurance
- Special Travel Insurance
- Health Insurance

Hot Line : 09 - 33087771, 793087771

No(80), Bo Aung Kyaw Road, Bo Ta Htaung Township, Yangon, Myanmar.

KYN **KAUNG YA NANT** SYN

INTERNATIONAL TRADING CO.,LTD.

## SWAN YA NANT CO., LTD.



No.18/1(A), Thirimingalar Street, Aung Chan Thar Ward,
Sanchaung Tsp., Yangon, Myanmar.
TEL: 095-1-512631, Fax: 095-1-510160, 95-9-448012236, 95-9-73007738
EMAIL: ohnmarkhaingmba@gmail.com/nmoks.sms@gmail.com
WEBSITE: www.kaungyanant.com

RGS **Royal Greensmart Co.,ltd**

သြဂ်ဲနစ်ဓာတ်မြေသြဇာ

KYN
KAUNG YA NANT INTERNATIONAL TRADING CO.,LTD

SYN
SWAN YA NANT CO.,LTD

No.18/1(A), Thirimingalar Street, Aung Chan Thar Ward,
Sanchaung Tsp., Yangon, Myanmar.
TEL: 095-1-512631, Fax: 095-1-510160, 95-9-448012236, 95-9-73007738
EMAIL: ohnmarkhaingmba@gmail.com/naymyooo.kyn@gmail.com
WEBSITE: www.kaungyanant.com

# Heaven Group of Companies

## Our Services



Real Estate
Building & Construction
Project Management
Engineering & Construction
Consultancy Services
Mechanical, Electrical
Pulmbing Services





No.5,Zagarwar Street,4th Quarter,Aye Yeik Mon Housing,
Hlaing Township,Yangon 11051,Myanmar .
Hot line +95 9 793922296,Tel: +95 1 681230,680420,680173
Fax: +95 1 680736,Website:www.hevengroupofcompanies.com.
Email:enquiry.heaven@heavengroupofcompanines.com.
equiry.heaven@gmail.com.

# မြန်မာ့မဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

**MYANMA PIVOT CONSTRUCTION CO., LTD.**







No.1104,Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon,Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com

# UNIQUE BROTHERS CO., LTD.

## (EXPORT- IMPORT)

## AGENT & DISTURIBUTOR OF

## M.J Biopharm Pvt.Ltd.

No.100-102,52th Street,Yangon,Myanmar.
Tel: 01-290055,9010243 Fax:0951-290055
E-mail:ubwin@mptmail.net.mm

# Essentia

800 g



Product of Thailand

**Essentia Refined Sugar (800 g)**

- Essentia (သန့်စင်ပြီးသကြား)
- သဘာဝအတိုင်း ပေါင်းခံ ထုတ်လုပ်ထားသဖြင့် ကျန်းမာရေးနှင့် အထူးညီညွတ်သည်။
- ဓာတုချိုဆေးများအသုံးမပြုပါ။
- Product of Thailand

25 Kg

**Essentia Wholemilk Powder (25 Kg)**

- Product of New Zealand
- (မလိုင်ပြည့်နို့မှုန့်)
- ကော်ဖီမှုန့်၊ ရေခဲမုန့်၊ ဒိန်ချဉ်၊ နို့များတွင်အသုံးပြုနိုင်ပါသည်။





Product of New Zealand

ကိုယ်စားလှယ်ယူလိုသူများလည်း ဆက်သွယ်နိုင်ပါသည်။

**Daily Essentials Co., Ltd.**
No.(67), Bo Soon Pat Street, Pabedan Township, Yangon, Myanmar.
Ph: 01-243316, 09-32307757, 09-5158826, 09-5179101
Email: dailyessentials23@gmail.com

## ပြောင်း



### မူဆယ်မှ ပြောင်းတင်ပို့မှု အနည်းငယ်လျော့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ် ၁၉ ရက်မှ ၂၅ ရက် တာသီတင်းပတ်တွင် ကန်ဒေါ်လာ ၂ ဒသမ ၈၆၈ သန်း တန်ဖိုးရှိ ပြောင်း ၁၂၂၅၇ တန် တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်က ၁၆၁၆၅ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ပြောင်းတင်ပို့မှု ၃၉၀၈ တန်လျော့နည်းသွားခဲ့ပါတယ်။

ပြောင်းတစ်တန်ကို မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ၂၈၃၁၂၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၂၈၄၆၇၉ ကျပ်သို့ ဈေးမြင့်တက်လာတာကို တွေ့ရပါတယ်။ တရုတ်ဘက်မှာ ပြောင်းသီးနှံကို အဖမ်းအဆီးရှိတာရယ်၊ ယွမ်ဈေး မတည်ငြိမ်တာရယ်နဲ့ ကုန်သယ်ကားခတွေ ဈေးတက်တာရယ်ကြောင့် ပြောင်းအရောင်းအဝယ် လျော့နည်း သွားရခြင်းဖြစ်တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### တရုတ်သို့ ပြောင်းကြိတ်ဖတ် ပုံမှန်တင်ပို့

မတ်လတွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၀၁၂၈၄ တန်ဖိုးရှိ ပြောင်းကြိတ်ဖတ်မှုန့် ၁၂၃၉ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလတူ ဖေဖော်ဝါရီမှာတော့ ၅၀၂ တန်သာတင်ပို့ခဲ့ပါတယ်။ ပြောင်းကြိတ်ဖတ်မှုန့် တစ်တန်ရဲ့ လိုင်စင်ဈေးမှာ (ငွေလဲနှုန်းအရ) ဖေဖော်ဝါရီမှာ ၇၈-၈၁ ဒေါ်လာရှိပြီး ယခုမတ်မှာ ၈၁-၈၂ ဒေါ်လာခန့်ရှိတယ်လို့ မူဆယ် ကုန်စည်ဒိုင်မှ သိရပါတယ်။ ပြောင်းကြိတ်ဖတ်ကို တစ်ဖက်တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုပါတယ်။ **မော်မော်အောင်**

## ဂျုံ

### စစ်ကိုင်းတိုင်းဒေသကြီးမှ ဆောင်းစိုက်ဂျုံများ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂျုံကို ၂ ဒသမ ၁ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ အဆိုပါလျာထားချက်အနက် ၁ ဒသမ ၇၇ ဧကသိန်းစိုက်ပျိုးပြီးဖြစ်လို့ ၈၄ ဒသမ ၂၆ ရာခိုင်နှုန်းစိုက်ပျိုးပြီးကြောင်း သိရပါတယ်။ ဖေဖော်ဝါရီလ ဒုတိယပတ်မှာ အထွက်လှိုင်ပြီး မုံရွာဈေးကွက်သို့ နေ့စဉ် အိတ်ရေ ၃၀၀၀ ခန့် အလုံးအရင်းဝင်ရောက်ပြီဖြစ်ပါတယ်။ ဂျုံဖြူသန့်နဲ့ ဂျုံထွက်တိုး နှစ်မျိုးစိုက်ပျိုးပြီး လက်ရှိဈေးမှာ ဂျုံဖြူသန့် တစ်တင်း ၁၆၀၀၀ ကျပ်၊ ဂျုံထွက်တိုး တစ်တင်း ၁၂၅၀၀ ကျပ် ဈေးရှိကြောင်း သိရပါတယ်။ ဂျုံကိုဒေသတွင်း လုပ်ငန်းသုံး ဂျုံစက်များမှ ဝယ်ယူမှုရှိသလို Diamond Star၊ ဦးကြူ စတဲ့ ဂျုံစက်ကြီးများ အမှာအော်ဒါအရ ဝယ်ယူတဲ့ကုန်သည်များလည်းရှိကြောင်း သိရပါတယ်။ ဂျုံသီးနှံဟာ ပြည်တွင်း ဈေးကွက်သာရှိပြီး ပဲမျိုးစုံသီးနှံများလောက် ဈေးမမြင့်တဲ့အတွက် ဂျုံစိုက်တောင်သူ နှစ်စဉ်လျော့နည်းလာကြောင်း ကုန်သည်တစ်ဦးက ပြောပြပါတယ်။ **အောင်မင်း-တန့်ဆည်**

### ဂျုံတင်သွင်းခြင်းအပေါ် သွင်းကုန်စည်းကြပ်ကာလနဲ့ နှုန်းထားကို အိန္ဒိယအစိုးရက သုံးလထပ်တိုးသတ်မှတ်

ပြည်ပမှ ဂျုံတင်သွင်းခြင်းကို အိန္ဒိယနိုင်ငံက သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းစည်းကြပ်သွားမည်ဖြစ်ပြီး စည်းကြပ်ကာလကို ဧပြီမှစ၍ ဇွန် ၃၀ ရက်အထိ သုံးလထပ်မံတိုးမြှင့်သတ်မှတ်လိုက်တယ်လို့ မတ် ၂၉ ရက်မှာ အိန္ဒိယအစိုးရက အမိန့်ထုတ်ပြန်လိုက်ပါတယ်။

ယခုလကုန်မှာ ဂျုံရာသီစတင်ပြီဖြစ်၍ ပြည်ပမှသက်သာသောနှုန်းနဲ့ ဂျုံများတင်သွင်းလာနိုင်တာကြောင့် ပြည်တွင်းဂျုံစိုက် တောင်သူများကို အကာအကွယ်ပေးရန်အလို့ငှာ ပြည်ပမှ ဂျုံတင်သွင်းခြင်း အပေါ် ယခုကဲ့သို့ သွင်းကုန်ခွန် စည်းကြပ်ရခြင်းဖြစ်တယ်လို့ သိရပါတယ်။

အိန္ဒိယသည် တရုတ်နိုင်ငံပြီးလျှင် ဂျုံဒုတိယအများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပြီး ယခင်သတ်မှတ်ထားတဲ့ သွင်းကုန်ခွန်နှုန်းထား ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့မြှင့်တင်လိုက်တာလို့ moneycontrol.com အွန်လိုင်း သတင်းမှာ ဖော်ပြထား ပါတယ်။ **CMK**

## ရော်ဘာ

### ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ တန်တစ်ထောင်ကျော်တင်ပို့

မတ်လဆန်းပိုင်းလောက်ကစပြီး ရော်ဘာဈေး အနည်းငယ်မြင့်တက်လာတဲ့အတွက် မြန်မာ့ရော်ဘာတင်ပို့မှု ပိုမိုလာခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ မတ် ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၁၆၃ သန်း တန်ဖိုးရှိ ရော်ဘာ ၁၂၃၉ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ တင်ပို့ခဲ့တဲ့ စခန်းများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ RSS-3 ၃၇၈ တန်၊ RSS-5 တန် ၅၀၀၊ MSR-20 ၈၁ တန်ကျော်၊ MSR-50 တန်၁၀၀၊ မြိတ်ကုန်သွယ်ရေးစခန်းမှ RSS-3 တန် ၅၀၊ MSR-20တန် ၁၀၀ ကျော်၊ တာချီလိတ် ကုန်သွယ်ရေး စခန်းမှ ရော်ဘာစေး တန် ၃၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၂၂ တန်ပိုမိုခဲ့ပါတယ်။ယခုတစ်ပတ်မူဆယ် ကုန်စည်ဒိုင်မှာ RSS-3 တစ်တန်ကို ၁၂၇၅၅၀၅ ကျပ်ဈေးပေါက်ပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၆၉၈၃ ကျပ်ဈေးပိုမိုရရှိပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ် ၂၀ ရက်မှ ၂၆ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၅၆၀ သန်း တန်ဖိုးရှိ ရော်ဘာ ၆၈၃ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ မလေးရှားနိုင်ငံသို့ RSS-3 တန် ၂၄၀၊ ဂျပန်နိုင်ငံသို့ MSR-20 ၁၉၆ တန်၊ စင်ကာပူနိုင်ငံသို့ MSR-20 ၂၄၇ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၂၉၄ တန် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေး အတက်အကျသိပ်မရှိဘဲ ယခင်တစ်ပတ်အတက်ဈေးအတိုင်း ဈေးငြိမ်နေတာကြောင့် မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ထားကြောင်း သိရှိရပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၀၀-၁၁၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀ - ၁၀၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀ - ၁၀၀၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀ -၁၂၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၇၆၀ - ၈၁၀ |

ယဉ်ယဉ်အေး

### မတ်လနောက်ဆုံး သီတင်းပတ်တွင် ဝဥခြောက်တန်ချိန် ၂၀၀ နီးပါးတင်ပို့နိုင်

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ နောက်ဆုံးပတ်တွင် ကန်ဒေါ်လာ သုည ဒသမ ၁၄၃ သန်းတန်ဖိုးရှိ ဝဥခြောက် ၇၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၆ တန်ခွဲသာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ဝဥခြောက် တင်ပို့မှု တန် ၄၀ ခွဲပိုမိုလာပါတယ်။

| ၂၈-၃-၂၀၁၆ မှ ၁-၄-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 271 | 14,899,011.740 |
| 2 | Form D | 47 | 1,964,003.850 |
| 3 | Form E | 8 | 2,116,661.300 |
| 4 | Korea GSP | 8 | 391,835.430 |
| 5 | Form AK | 61 | 3,179,724.078 |
| 6 | Form AJ | 4 | 120,039.200 |
| 7 | Form AI | 80 | 3,724,033.176 |
| 8 | Form AANZ | 3 | 7,265,3.560 |
| 9 | Form DFTP | - | - |
| Grand Total | | 482 | 26,467,962.334 |

၂၀၁၆ ခုနှစ် မတ်လ တစ်လလုံး ဝဥခြောက် ၁၇၂တန်ခွဲအထိ တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ အနီးစပ်ဆုံး ဖေဖော်ဝါရီမှာတော့ ၅၈ တန်ခွဲ သာ တင်ပို့မှုရှိခဲ့ပါတယ်။

ဝဥအစိုကို သချာစွာ လှီးပြီး နေပူတွင် နှစ်ရက်လှန်း၍ လည်းကောင်း၊ အချို့က ပေါင်းခံပြီး အခြောက်ပြုလုပ်၍လည်းကောင်း ဈေးကွက်မှာရောင်းချကြပါတယ်။

“တရုတ်နိုင်ငံကတော့ ဝဥဆိုပြီး ရောဝယ်တယ်။ ဂျပန်နိုင်ငံ ဝယ်လက်က မရဘူး။ သန့်ရှင်းသပ်ရပ်ပြီး အရည်အသွေးမီမှဝယ်တယ်”ဟု ယောနယ်ဒေသခံ တစ်ဦးကပြောပါတယ်။

ယခုအခါ ဝဥခြောက်လုပ်ငန်းတွေ တွင်ကျယ်လာလို့ တောထဲမှာ အလေ့ကျ ပေါက်ရောက်နေတာကို စိုက်ခင်းတွေနဲ့ မြောင်းဘောင်တင်၍ စိုက်လာကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

သင့်ကျန်းမာရေး

# အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ရောဂါ (ဝက်သက်)

ဒေါက်တာလွင်သန့်

**အသက်ရှူလမ်းကြောင်းမှတစ်ဆင့်ကူးစက်တတ်တဲ့ရောဂါများမှာ** ဝက်သက်ရောဂါ၊ ဆုံဆို့ကြက်ညှာ၊ ချောင်းဆိုး၊ ရေကျောက်ရောဂါ၊ နမိုးနီးယားအဆုတ်ရောင်ရောဂါ၊ မျက်စိနာရောဂါ ဖြစ်ပါတယ်။

**ဝက်သက်။** မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်အတွင်း ဝက်သက်အစုလိုက် ၃၄ ကြိမ်ဖြစ်ခဲ့ရာ ဝက်သက်လူနာပေါင်း ၅၀၀ နဲ့ သေဆုံးသူ ခုနစ်ဦးရှိတယ်။ လူကြီး လူငယ်မရွေးဖြစ်နိုင်ပြီး အသက်ငါးနှစ်အောက် ၃၅ ရာခိုင် နှုန်း၊ အသက်ငါးနှစ်မှ ကိုးနှစ်အထိ ၂၇ ရာခိုင်နှုန်းဖြစ်ပွားတယ်။

**ရောဂါကူးစက်ပုံ။** ဝက်သက်ပိုင်းရပ်စ်ဟာ ရောဂါရှိသူ ချောင်းဆိုး၊ နှာချေခြင်းမှတစ်ဆင့် (သို့မဟုတ်) ရောဂါရှိသူနှင့်တိုက်ရိုက်ထိတွေ့ခြင်းမှ ကူးစက်နိုင်ပါတယ်။

**ကာလ။** ရောဂါလက္ခဏာမပြမီ လေးရက်မှ စတင်လို့ ရောဂါပြပြီး၊ လေးရက်အတွင်း အနီစက်ပေါ်လာကာ စုစုပေါင်း ရှစ်ရက်မှ ၁၀ ရက်အတွင်း အခြားသူတစ်ယောက်ကို ရောဂါကူးစက်နိုင်ပါတယ်။ လူကြီး၊ လူငယ်မရွေး ကူးစက်နိုင်ကာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ မတ်လများမှာ အဖြစ်များတယ်။ တစ်နှစ်ပတ်လုံး ကူးစက်ဖြစ်ပွားနေတယ်။

**ရောဂါလက္ခဏာများ။** နှာချေ၊ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ မျက်စိနီခြင်း၊ မျက်နှာနှင့်ခန္ဓာကိုယ်တစ်ကိုယ်လုံး ပျံ့နှံ့ခြင်းနဲ့ ဝမ်းပျက်ဝမ်းလျှောခြင်းတို့ ဖြစ်တယ်။

ဝက်သက်ရောဂါကူးစက်ခံရပါက ခုနစ်ရက်မှ ၁၈ ရက်အထိ ရောဂါလက္ခဏာဖြစ်လေ့ရှိတယ်။ ရောဂါဖြစ်ပွားချိန် ၁၉ ရက်မှ ၂၀ ရက်ထိကြာမြင့်နိုင်ပါတယ်။

**ဝက်သက်ရောဂါစတင်မပေါ်မီ** ကာလနှင့်လက္ခဏာပေါ်ပြီး ရက်အနည်းငယ်အထိ အခြားလူများ ကူးစက်နိုင်တယ်။ သီးသန့်ထားရှိ ကုသခြင်းက အခြားကူးစက်မှုလျော့နည်းစေတယ်။

**နောက်ဆက်တွဲ။** ဝက်သက်ရောဂါဟာ အအေးမိသလို အလွယ်တကူဖြစ်ပွားနိုင်ပြီး ကူးစက်မြန်တယ်။ ဝက်သက်ကြောင့် အာဟာရချို့တဲ့နိုင်သလို၊ အာဟာရချို့တဲ့သူများ ဝက်သက်ပေါက်ရင် အသက်အန္တရာယ်ဖြစ်စေနိုင်တယ်။ အဆုတ်ရောင်ခြင်း၊ အသက်ဆုံးရှုံးခြင်းရှိတယ်။ ရောဂါကြောင့် သေဆုံးနှုန်း သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအတွင်းရှိတယ်။

**ကြိုတင်ကာကွယ်ခြင်း။** ရောဂါရှိသည်ဟု သံသယရှိပါက ဆိုင်ရာအဆောင်များရှိ တာဝန်ရှိသူများအား ချက်ချင်းသတင်းပို့ဖို့၊ အမြန်ဆုံးကုသမှုခံယူဖို့၊ ရောဂါရှိသူသံသယရှိသူများ သီးခြားခွဲထားဖို့၊ တံထွေး၊ သလိပ်၊ စည်းကမ်းမဲ့ထွေးတာ ရှောင်ကျဉ်ဖို့၊ ဖျားနာနေတယ်လို့ သံသယရှိပါက မိသားစုဆရာဝန် (သို့မဟုတ်)သက်ဆိုင်ရာ ဒေသန္တရဆေးခန်းများမှာ ကုသဖို့၊ တစ်ကိုယ်ရည်သန့်ရှင်းမှု ဂရုပြုဖို့၊ ရောဂါသံသယရှိပါက ရေများများသောက်ခြင်း၊ အနားယူခြင်း၊ အာဟာရပြည့်အောင်စားရမယ်။

အသက်ကိုးလနှင့်အသက် တစ်နှစ်ခွဲတို့မှာ ဝက်သက်ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးခြင်းဖြင့် ဝက်သက်ပိုင်းရပ်ကာကွယ်နိုင်ပါတယ်။

# ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူဦးရေ ၁၃သန်းနီးပါး သေဆုံး

ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မသန့်ရှင်းမှုတို့ကြောင့် တစ်နှစ်လျှင် လူပေါင်း ၁၂ ဒသမ ၆သန်းနီးပါးသေဆုံးနေရကြောင်း ကုလသမဂ္ဂ၏ပြောရေးဆိုခွင့်ရှိသူ မစ္စတာစတီဖင် ဒူဂျာရစ်က ပြောကြားခဲ့သည်။

အဆိုပါအရေအတွက်သည် ၂၀၁၂ ခုနှစ်က ကောက်ယူထားခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် တခြားကိစ္စရပ်များကြောင့် လူသေဆုံးသည့်အရေအတွက်၏ လေးပုံတစ်ပုံခန့်ရှိသည်ဟု ဆိုသည်။

“လေထုညစ်ညမ်းမှု၊ ရေထုညစ် ညမ်းမှု၊ မြေဆီလွှာညစ်ညမ်းမှု၊ ဓာတုပစ္စည်းတွေ အလွန်အကျွံသုံးစွဲမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ ခရမ်းလွန် ရောင်ခြည် သင့်မှုစသည့် အမျိုးအစား ပေါင်း ၁၀၀ ကျော်နဲ့ ထိခိုက်ဒဏ်ရာရမှုတွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု တွေဖြစ်နေရပါတယ်။ အဲဒါတွေကြောင့် လူတွေ သေဆုံးနေရတာဟာ ကမ္ဘာကြီးကို လူတွေ အမျိုးမျိုးပုံဖော်နေကြတဲ့အတွက် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးတွေပါပဲ”ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

“ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် နောက်ဆက်တွဲ ဆိုးကျိုးတွေဖြစ်လာနိုင်ပါတယ်။ မသန့်ရှင်းတဲ့ရေကို သောက်သုံးမိခြင်းကြောင့် ကာလဝမ်းရောဂါ၊ ငှက်ဖျားရောဂါ စတဲ့ရေနဲ့ပတ်သက်တဲ့ ရောဂါတွေ ဖြစ်တတ်ပါတယ်။ ကျန်းမာတဲ့လူသားပတ်ဝန်းကျင်ဖြစ်စေဖို့အတွက် ကျန်းမာတဲ့ပတ်ဝန်းကျင်ရှိဖို့ လိုပါတယ်။ ဒါကြောင့် လူသားတို့နေထိုင်တဲ့ ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ကျန်းမာနေဖို့ လိုပါတယ်။ အဲဒီလို ကျန်းမာနေမှ ရောဂါဘယတွေ ကင်းဝေးမှာဖြစ်ပါတယ်”ဟု ကမ္ဘာ့ကျန်းမာရေးဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာဂရက်ချန်းက ပြောကြားခဲ့သည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် အများဆုံးထိခိုက်မှုရှိသည့် အသက်အရွယ်မှာ အသက်ငါးနှစ်အောက်နှင့် အသက် ၅၀နှင့် ၇၅ကြားဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

အသက်ငါးနှစ်အောက် ကလေးငယ် ၁ ဒသမ ၇သန်းနှင့် အသက် ၅၀ မှ ၇၅ကြားအရွယ်ရှိ လူကြီး ၄ ဒသမ ၉ သန်းမှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ဖော်ကြေညာထားသည်။

**မယ်သီတာ**

# ဆူဒန်နိုင်ငံတောင်ပိုင်းတွင် အစားအစာ လုံခြုံစိတ်ချရမှုမရှိ၍ ပြည်သူများ ထွက်ပြေး

ဆူဒန်နိုင်ငံ တောင်ပိုင်းတွင်နေထိုင်ကြသည့် ပြည်သူများသည် အစားအစာ ဘေးကင်းလုံခြုံစိတ်ချရမှု မရှိသဖြင့် နိုင်ငံအတွင်းမှ ထွက်ပြေးခဲ့ကြကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားပြီး ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

“ဆူဒန်နိုင်ငံရဲ့ တောင်ပိုင်းဒေသတွေမှာ အစားအစာ လုံခြုံစိတ်ချရမှု မရှိတာကလည်း တစ်နေ့တခြားမြင့်တက်လာပါတယ်။ ဒ့ါအပြင်ဒေသတွင်း ဆူပူသောင်းကျန်းမှုတွေကလည်း ပိုပြီးဆိုးရွားနေပါတယ်။ ပြီးခဲ့တဲ့ဇန်နဝါရီလအတွင်းကဆိုရင် လူပေါင်း ၃၈၀၀၀ လောက်ဟာ ဆူဒန်နိုင်ငံမြောက်ပိုင်းဒေသတွေကို ထွက်ပြေးခဲ့ကြပါတယ်။ ဒီအခြေအနေတွေဟာ တကယ်ကို စိုးရိမ်စရာဖြစ်လာတဲ့အခြေအနေတွေပါ”ဟု ယူအန်န်အိတ်ချ်စီအာမှ စတီဖင်ဒူရစ်က ပြောကြားခဲ့သည်။

ဆူဒန်နိုင်ငံ၏ ဆင်းရဲမွဲတေမှုအခြေအနေသည် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေသဖြင့် လူသားချင်းစာနာမှုအထောက်အပံ့များ ပေးကြရန်ယူအန်န်အိတ်ချ်စီအာမှ ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းလိုက်ကြောင်း သိရသည်။

“ဆူဒန်နိုင်ငံမှာ သောက်သုံးရေသန့်ရရှိဖို့၊ အစားအစာလုံခြုံစိတ်ချရမှုရှိစေဖို့၊ သန့်ရှင်းတဲ့အစားအသောက်တွေရရှိဖို့၊ ကျန်းမာရေးဝန်ဆောင်မှုတွေရရှိဖို့ ပြည်သူတွေအတွက် နေရေးထိုင်ရေးကိစ္စတွေကိုပါ ဖြေရှင်းပေးနိုင်ဖို့ အစိုးရအနေနဲ့ လုပ်ဆောင်ပေးဖို့လိုပါတယ်”ဟု ယူအန်န်အိတ်ချ်စီအာမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

ဆူဒန်နိုင်ငံအစိုးရ၏ ထုတ်ဖော်ပြောကြားချက်များအရ ဆူဒန်နိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဆူဒန်နိုင်ငံအစိုးရက လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးအဖွဲ့ အနေဖြင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့များ၏ အကူအညီများကို ရယူကြရန် တိုက်တွန်းကြောင်း၊ ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။

ယူအန်န်အိတ်ချ်စီအာနှင့်အခြားအဖွဲ့အစည်း ၃၉ ဖွဲ့တို့ပူးပေါင်း၍ဆူဒန်နိုင်ငံအား စားနပ်ရိက္ခာပြတ်လပ်မှုမှ လွတ်မြောက်စေရန်အတွက် စီမံကိန်းချမှတ်လုပ်ဆောင်မည်ဖြစ်ရာ အဆိုပါစီမံချက်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ပဋိဇီဝဆေး အန္တရာယ်ဘေး အစားအစာမှဖယ်ရှားပေး

မတ် ၁၅ ရက်သည် ကမ္ဘာ့စားသုံးသူ အခွင့်အရေးနေ့ဖြစ်ပါသည်။ ယခုကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့အတွက် ချမှတ်ထားသော ဆောင်ပုဒ်မှာ “ပဋိဇီဝဆေးအန္တရာယ်ဘေး အစားအစာမှ ဖယ်ရှားပေး” ဆောင်ပုဒ်ဖြစ်ပါသည်။ ပဋိဇီဝဆေးအန္တရာယ်ကြီးပုံမှာ အသင့်စား၊ အမြန်စား အစားအစာများတွင် ပဋိဇီဝဆေးဝါးများ ပုံမှန်သုံးစွဲမွေးမြူထားသည့် အသား၊ ငါး၊ ဥများကို စားသုံးခြင်းဖြင့် ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာများ ဖြစ်ပေါ်လာပြီး သာမန်သေးငယ်သော ထိခိုက်ဒဏ်ရာနှင့် သာမန်ကူးစက်ရောဂါများပင် ဆေးမတိုးတော့ဘဲ အသက်ဆုံးရှုံးနိုင်သည့် အခြေအနေသို့ ရောက်ရှိမည်ဖြစ်ပါသည်။ ပဋိဇီဝဆေးယဉ်ပါးမှုသည် ကမ္ဘာ့နေရာအနှံ့တွင် အန္တရာယ်မြင့်မား သောအဆင့်သို့ လျင်မြန်စွာ မြင့်တက်လျက်ရှိနေပါသည်။ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာမှာ ပဋိဇီဝ (ဟော်မုန်းဆေးအပါအဝင်) ဆေးများကို လိုအပ်သည်ထက်ပို၍ အလွန်အကျွံသုံးစွဲနေခြင်းကြောင့် ဖြစ်ပါသည်။ ထိုပြဿနာကို အဆောတလျင် ဖြေရှင်းနိုင်ခြင်းမရှိပါက သာမန်ရောဂါများပင် ဆေးမတိုး၊ ကုသ၍မရတော့ဘဲ ပဋိဇီဝလွန်ခေတ်သို့ မလွဲမသွေရောက်ရှိမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားပါသည်။ အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ချုပ်အနေဖြင့်လည်း ကမ္ဘာတစ်လွှားမှ အသင်းဝင် စားသုံးသူအဖွဲ့များနှင့် လက်တွဲပြီး အသင့်စားအစားအစာများ ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီကြီးများအား ၎င်းတို့ထုတ်လုပ်ရောင်းချသော အသင့်စားအစားအစာများတွင် ပဋိဇီဝဆေးသုံးစွဲမွေးမြူထားသည့် အသား၊ ငါး၊ ဥစားများ သုံးခြင်းကို ရပ်တန့်ရန် တစ်ကမ္ဘာလုံးချီတက်တိုက်ပွဲဝင်သွားမည်ဟု သိရပါသည်။

ပဋိဇီဝဆေး အလွန်အကျွံသုံးစွဲမှုနှင့်ပတ်သက်ပြီး တစ်ကမ္ဘာလုံးက စိုးရိမ်ပူပန်နေကြသော်လည်း စိုက်ပျိုးရေးကဏ္ဍတွင် ၎င်းဆေးဝါးသုံးစွဲမှုသည် ၂၀၃၀ ပြည့်နှစ်တွင် မူလရှိသည်မှ သုံးပုံနှစ်ပုံအထိ မြင့်တက်လာမည်ဟုဆိုကြပါသည်။ ၂၀၁၀ ခုနှစ်က ပဋိဇီဝဆေးသုံးစွဲမှုသည် တန်ချိန် ၆၃၂၀၀ ရှိခဲ့သော်လည်း ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၁၀၅၆၀၀ အထိရှိလာမည်ဟု ဆိုခြင်းပင်ဖြစ်ပါသည်။

ကမ္ဘာ့တစ်ဝန်းထုတ်လုပ်သော ပဋိဇီဝဆေးများ၏ ထက်ဝက်ခန့်ကို စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် အသုံးပြုပြီး အများစုမှာ ရောဂါကုသဖို့ထက် ကြီးထွားနှုန်းမြန်စေရန်နှင့် ရောဂါကြိုတင်ကာကွယ်ရန်အသုံးပြုကြပါသည်။ ဤကဲ့သို့ ကမ္ဘာသူ ကမ္ဘာသားများ၏ ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်ကို ရပ်တန့်နိုင်ရန်နှင့် အနာဂတ်ဆေးဝါးများကို ကာကွယ်ရန်အတွက် လိုအပ်သော ပြောင်းလဲမှုများ လုပ်ဆောင်ရန် အစားအသောက်ထုတ်လုပ်သော ကုမ္ပဏီများအား စည်းရုံးသိမ်းသွင်းနိုင်ရေးမှာ အဓိကကျပါသည်။ အပြည်ပြည်ဆိုင်ရာ စားသုံးသူအဖွဲ့ချုပ် အနေဖြင့် လူသုံးပဋိဇီဝဆေးဝါးများအား စိုက်ပျိုးမွေးမြူရေးစခန်းများတွင် သုံးစွဲနေမှုအလေ့အထများကို အဆင့်ဆင့် လျှော့ချနိုင်ရန် သက်ဆိုင်ရာနိုင်ငံအစိုးရများသာမက ကြီးမားသော ဝယ်ယူမှုစွမ်းအားရှိသည့် ကမ္ဘာ့စားသောက်ဆိုင်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်ပါက ပိုမိုလျင်မြန်စွာလုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်အေး**

# Castrol ၏ မော်တော်ကားနှင့်ပတ်သက်သည့် ထုတ်ကုန်များအား မြန်မာနိုင်ငံတွင် တရားဝင်ဖြန့်ချိသူအဖြစ် MK ဖြန့်ချိရေးအား ရွေးချယ်ခန့်အပ်

ကမ္ဘာပေါ်တွင် လူသိများလှသည့် ချောဆီ အမှတ်တံဆိပ်ဖြစ်သည့် Castrol ၏ထုတ်ကုန်များအား မြန်မာနိုင်ငံတွင် တရားဝင်ဖြန့်ချိသူအဖြစ် MK ဖြန့်ချိရေးကုမ္ပဏီလီမိတက်အား ရွေးချယ်ခန့်အပ်လိုက်ကြောင်း သိရသည်။

Castrol အမှတ်တံဆိပ် ချောဆီများကို Loxley ကုမ္ပဏီလီမိတက်မှ တစ်ဆင့် ထိုင်းနိုင်ငံမှ တင်သွင်းရောင်းချခြင်းဖြစ်သည်။

Castrol အမှတ်တံဆိပ်၊ loxley ကုမ္ပဏီလီမိတက်နှင့် MK အဝတ်အထည်များ ဖြန့်ဖြူးရောင်းချရေး ကုမ္ပဏီတို့၏ သဘောတူညီချက်အရ ကား၊ မော်တော်ဆိုင်ကယ်နှင့် ကုန်တင်ကား များအတွက် Castrol အမှတ်တံဆိပ် အရည်အသွေးမြင့် ချောဆီကို ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

MKဖြန့်ချိရေး၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်သည့် ဦးမြင့်ဦးက "ကမ္ဘာ့အဆင့်မီ အမှတ်တံဆိပ်ဖြစ်တဲ့ Castrol နဲ့လက်တွဲရတာဟာ MK ဖြန့်ချိရေးအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါပဲ။ Castrol Power 1, Castrol MAGNATEC, Castrol CRB တို့လို အထင်ကရ အမှတ်တံဆိပ်တွေကို မြန်မာ့ဈေးကွက်ထဲအထိ ဖြန့်ချိခွင့်ရတဲ့အတွက် အရမ်းကို စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့သည်။







ထို့ပြင် Castrol ၏ကိုယ်စား BP Lubricant ၏ အာရှပစိဖိတ်ဒေသဆိုင်ရာဥက္ကဋ္ဌ မစ္စတာပီတာဝီလ်ဒီနာက "Castrol အနေနဲ့ မြန်မာ့ဈေးကွက်ထဲကိုသူ့ရဲ့ထုတ်ကုန်တွေ ပြန်ရောက်လာမှာဖြစ်တဲ့အတွက် တကယ်ကို ဝမ်းသာမိပါတယ်။ Castrol ဟာ အရင်တုန်းကသူ့ရဲ့မိခင်ကုမ္ပဏီဖြစ်တဲ့ Burmah Oil ကုမ္ပဏီလီမိတက်နဲ့ မြန်မာနိုင်ငံတို့ဟာ သမိုင်းဝင်ဆက်ဆံမှုတွေ ရှိခဲ့ပါတယ်။ Castrol ဟာနည်းပညာပိုင်းမှာ ရှေ့ပြေးနေပြီး အင်ဂျင်နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်တွေနဲ့ကိုက်ညီတဲ့ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေ ဖွံ့ဖြိုးလာစေဖို့အတွက်ဈေးကွက်မှာ ဦးဆောင်နေတဲ့ OEMs စက်မှုလုပ်ငန်းနဲ့လည်း လက်တွဲလုပ်ကိုင်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က Castrol အမှတ်တံဆိပ် ကမ္ဘာ့အဆင့်မီ နည်းပညာနဲ့ အရည်အသွေးမြင့်ထုတ်ကုန်တွေကို မြန်မာပြည်သူတွေ သုံးစွဲလို့ရအောင် လုပ်ပေးဖို့ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် Castrol အမှတ်တံဆိပ်ထုတ်ကုန်များကို လက်လီဆိုင်များ၊ ဝပ်ရှော့များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## Shop.com.mm က ဒုတိယအကြိမ် သကြ်ၤန်အကြိုဈေးရောင်းပွဲကို ဧပြီ ၄ရက်မှ ၂၀ရက်အထိ ကျင်းပမည်

မြန်မာနိုင်ငံ၏အကြီးမားဆုံးသော အွန်လိုင်းရှော့ပင်းတစ်ခုဖြစ်သည့် Shop.com.mm က ဒုတိယအကြိမ် သကြ်ၤန်အကြိုဈေးရောင်းပွဲတော်ကို ဧပြီ ၄ ရက်မှ ၂၀ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း Shop.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရ သည်။

Shop.com.mm ၏ သကြ်ၤန်ဈေးရောင်းပွဲတော်တွင် နာမည်ကြီး အမှတ်တံဆိပ်များဖြစ်သည့် Apple, Samsung, Asus, LG, Phillips, Sony နှင့် Panasonic စသည့် ပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။ Shop.com.mm က မြန်မာနိုင်ငံမှ ပြည်တွင်းဒီဇိုင်နာများနှင့် နိုင်ငံတကာမှ အကောင်းဆုံးနာမည်ကြီး ဖက်ရှင်ပစ္စည်းများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Timberland, John Henry, Springfield, Titan Watches, Giordano နှင့် အခြားဖက်ရှင်ပစ္စည်းများကို ဝယ်ယူပြီး အမှတ်တရလက်ဆောင်များကို ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ အမျိုးသမီးများအတွက် Maybelline အလှကုန်ပစ္စည်းများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ၎င်းဈေးရောင်းပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပစ္စည်းများအားလုံးကို ဧပြီ ၄ ရက်မှစ၍ ၆၀ ရာခိုင်နှုန်းအထိလျှော့ဈေးဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာပလာဇာတွင်ကျင်းပနေသော Shop.com.mm ၏ Promotion Area ကိုလာရောက်လည်ပတ်ခြင်းဖြင့် အထူးလျှော့ဈေးများကို ရရှိနိုင်မည့်အခွင့်အရေးတစ်ခုဖြစ်သည့်အပြင် ဝယ်ယူသူများအနေဖြင့်လည်း မိမိမေးမြန်း စုံစမ်းချင်သည့်အကြောင်းအရာများကို Shop.com.mm ဝန်ထမ်းများအား မေးမြန်းနိုင်ပြီး ဝန်ထမ်းများမှလည်း ဝယ်ယူသူများကို ပျော်ရွှင်ဝမ်းမြောက်စွာ ကူညီဖြေကြားပေးမည်ဖြစ်ပါသည်။

အော်ရီဒူး၏ တရားဝင်အွန်လိုင်း စတိုးကို Shop.com.mm တွင် ဖွင့်လှစ်ထားပြီး သကြ်ၤန်ဈေးရောင်းပွဲတော်တွင်လည်း အဓိကပါတနာအဖြစ် ပူးတွဲပါဝင်သွားမည်ဖြစ်ပါသည်။ အော်ရီဒူး အသုံးပြုသူများကို shop.com.mm ၏ Android နှင့် iOS mobile app ကို အသုံးပြု၍ ဈေးဝယ်ယူရာတွင် အင်တာနက်အသုံးပြုခ ကောက်ခံမည်မဟုတ်ဘဲ အခမဲ့ အသုံးပြုခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# အရောင်းအဝယ်ပြန်ရှိလာသည့် ရန်ကုန်ကားဈေးကွက်

မတ်လနောက်ဆုံးရက်သတ္တပတ် ကုန်ဆုံးခါနီးကာလအတွင်း ရန်ကုန်မြို့ကားဈေးကွက်တွင် အင်ဂျင်ပါဝါကြီးကားများနှင့် ကားလေးများ ပြန်လည်ဈေးကွက်လှုပ်ခတ်လာပြီး အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

လာမယ့်ဘဏ္ဍာနှစ် (ဧပြီလ ၁ ရက်နေ့မှစတင်မည့်) တွင် တိုးမြှင့်ကောက်ခံသွားမည့် ပြည်ထောင်စုအခွန်အကောက်ဥပဒေအရ အခွန်ရာခိုင်နှုန်းတိုးမြှင့်ပေးဆောင်ရမည်ဖြစ်သဖြင့် ယခုမတ်လကုန်မတိုင်မီ မော်တော်ယာဉ်အမည်ပေါက်လက်ဝယ်ရှိသူများ သက်ဆိုင်ရာတန်ဖိုးဖြတ်ရုံးများနှင့် ကညနရုံးများတွင် အလျင်စလိုအမည်ပြောင်းလဲလျက်ရှိကြကြောင်း၊ စာရွက်စာတမ်း မပြည့်စုံမှုကြောင့် ရက်တိုးကြန့်ကြာမှုများရှိလာပြီး အမည်ပြောင်းဦးရေများပြားလာသဖြင့် အခွန်ပြတ်ရုံးများတွင် တင်ပြရမည့်စာရွက်စာတမ်းအမျိုးအစားများအား နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာပေးရသည်အထိ ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

လတ်တလောဈေးကွက်အခြေအနေအရ လှုပ်ခတ်မှုများနေပြီး နယ်ဝယ်လက်များလည်း အများအပြားဆင်းကာ အချိန်မီ ဝယ်ယူ/ထိန်းသိမ်းသည့်အနေဖြင့် တစ်ပြိုင်နက်တည်းအတော်များများ ဝယ်ယူမှုများကြောင့် ရောင်းပန်းလှသလိုဖြစ်လာကြောင်း၊ သို့ရာတွင် ယခုအခြေအနေအတိုင်း ဆက်လက်သွားမည်ဆိုသည်ကို ပြော၍မရသေးဘဲ ဧပြီ ၁ ရက်နောက်ပိုင်းရှေ့ဘဏ္ဍာနှစ်တွင် ပြန်လည်အေးသွားနိုင်သလို အင်ဂျင်ပါဝါ ၁၈၀၀ စီစီနှင့်အထက် ပါဝါကြီးကားများ အခွန်ကောက်ခံမှုနှင့် မူဝါဒကန့်သတ်ချက်များအရ ဈေးမြင့်တက်လာနိုင်ကြောင်း၊ လတ်တလောစလစ်ဈေးတန်းမှာ ၈၀ သိန်းကျော်ချင်နေပြီး ဒီထက်တက်ဖို့အလားအလာရှိကြောင်း ဝယ်ရောင်းသမားအကျိုးဆောင် ကိုမြင့်ကျော်မှ ရှင်းပြသွားသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိဘောက် (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | ဆက်စီ (၂၀၁၀) | ယာယီ | ၁၅၀ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | ဗွစ် (၂၀၀၃) | ယာယီ | ၁၇၅ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | ဟွန်ဒါ/စီအာဗီ (၂၀၀၃) | ယာယီ | ၂၂၅ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | တိုယိုတာ/နွက်ချ် (၂၀၀၃) | ယာယီ | ၁၉၀ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | အာအေဗီ (၄) (၂၀၀၃) | ယာယီ | ၂၄၅ သိန်း | 1.8 ဓာတ်ဆီ |
| ၇။ | ဖီလ်ဒါ (၂၀၀၃) | ယာယီ | ၁၄၅ သိန်း | 1.5 ဓာတ်ဆီ |
| ၈။ | ပါဆို (၂၀၁၀) | 2G | ၈၀ သိန်း | |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၇၇ သိန်း | |

# ကလေးမြို့တွင် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်လှစ်ပြီးစီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပံ့ပိုးမှု၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနတို့မှ ကြီးမှူး၍ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုံရွာ) တို့ ပူးပေါင်းစီစဉ်ကာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု၊ ယိုမျိုးစုံနှင့် ဖျော်ရည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကလေးခရိုင် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက် နေ့နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ ကလေးခရိုင် စီမံခံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ကလေးခရိုင်ဦးစီးမှူးနှင့် လက်အောက်မြို့နယ်များမှ မြို့နယ်တာဝန်ခံများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ အသင်းအဖွဲ့များနှင့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း အင်အား ၈၆ ဦးတက်ရောက်ခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးခင်ဇော်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်း (မုံရွာ) ကျောင်းအုပ်ကြီး ဒေါ်သိန်းဌေးတို့က အမှာစကားပြောကြားခဲ့ပါတယ်။

သင်တန်းကို မတ် ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ပြုလုပ်ခဲ့ပြီး သင်တန်းသို့ ကလေးမြို့နယ် ရေဘေးသင့်မြို့ပေါ်နှင့် ရပ်ကွက်ကျေးရွာများ ဖြစ်သော မြို့သာရပ်ကွက်မှ ခြောက်ဦး၊ ညောင်ပင်သာရပ်ကွက်မှ ကိုးဦး၊ အောင်မင်္ဂလာရပ်ကွက်မှ နှစ်ဦး၊အောင်သစ္စာရပ်ကွက်မှ လေးဦး၊ အောင်ဇေယျရပ်ကွက်မှတစ်ဦး၊ ချမ်းမြေ့အောင်စည်ရပ်ကွက်မှတစ်ဦး၊ ပြင်သာကျေးရွာမှ ၂၄ ဦး၊ ကျောင်းတိုက်ကျေးရွာမှ ၃ ဦး၊ မင်းလှကျေးရွာမှ ၁ ဦး၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၅၁ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါသင်တန်းတွင် သစ်သီးဝလံအခြေခံထွက်ကုန် ၁၆ မျိုး၏ ထုတ်လုပ်မှုနည်းပညာများကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပြီး သင်တန်းမှ ဇီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ ရှားစောင်းလက်ပတ်ဖျော်ရည်၊ သံပရာဖျော်ရည်၊ ခရမ်းချဉ်သီးဆော့၊ မန်ကျည်းဆော့၊ ခရမ်းချဉ်သီးအလုံးယို၊ ကျောက်ဖရုံယို၊ သဘော်သီးချဉ်စပ်ယို၊ သဘော်သီးအချိုယို၊ ဆီးသီးယို၊ မန်ကျည်းတော်ဖီ၊ သံပရာပေါင်း၊ ဂျယ်လီမျိုးစုံ၊ စပျစ်ဝိုင်နှင့် ဂျင်းဝိုင်တို့ကို လက်တွေ့အသုံးချထုတ်လုပ်ခဲ့ကြပါတယ်။

သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ မတ် ၂၈ ရက်မှာ ကလေးခရိုင်၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကလေး ခရိုင် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ ကလေးခရိုင်၊ စီမံကိန်းဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ကလေးခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ သင်တန်း နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း အင်အား ၈၉ ဦးတက်ရောက်ခဲ့ပါတယ်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးဝင်းဆွေ၊ ကလေးခရိုင် ကုန်သွယ်မှုမြှင့်တင်ရေး နှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသက်နိုင်နှင့် သင်တန်းနည်းပြဆရာမကြီး ဒေါ်ခင်မြဆွေတို့မှ သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး၊ သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များအသီးသီးပေးအပ်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရပါတယ်။

**သက်နိုင်-ဟုမ္မလင်း**

## ရှမ်းပြည်နယ်တောင်ပိုင်းမှ ဒေသထွက်ကုန်များ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေးအတွက် တောင်ကြီးဇုန် ဟင်းသီးဟင်းရွက်အစုအဖွဲ့ ဖွဲ့စည်း

ရှမ်းပြည်နယ်တောင်ပိုင်းမှာ စိုက်ပျိုးထွက်ရှိတဲ့ သစ်သီးဝလံ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက်များ ပြည်တွင်း ဈေးကွက်သို့ တင်ပို့ရောင်းချရုံသာမက နိုင်ငံတကာဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နည်းပညာများ အပြန်အလှန်ချိတ်ဆက်ပူးပေါင်းနိုင်ရေး အတွက် တောင်ကြီးမြို့နယ် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ (တောင်ကြီးဇုန်) ကို မတ် ၁၃ ရက်က တောင်ကြီးမြို့နယ် ဘုရားဖြူရပ်ကွက် ပါမိုးနဲ ဘုန်းတော်ကြီးကျောင်းမှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားကို ရှမ်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ် ဦးစီးမှူး ဦးညွန့်ဝေနှင့်တာဝန်ရှိသူများ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်း (ရှမ်းတောင်)မှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများ တက်ရောက်ခဲ့ကြပြီး တောင်ကြီးမြို့နယ် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ (တောင်ကြီးဇုန်)ကို အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၂ ဦးနှင့် ဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။ ထိုသို့ ဖွဲ့စည်းခြင်းဖြင့် အဆိုပါ အစုအဖွဲ့မှ GIZ မှ ပေးသောနည်းပညာများ၊ မျိုးစေ့များနှင့် ဂျပန်နိုင်ငံမှ လာရောက်လေ့လာသော အဖွဲ့များနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားကြမှာဖြစ်ကြောင်း သိရပါတယ်။

**မင်းအောင်-တောင်ကြီး**

## ညောင်ရွှေဇုန် သရက်အစုအဖွဲ့ ပြန်လည်ဖွဲ့စည်း

သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့(ညောင်ရွှေဇုန်) ပြန်လည်ရွေးချယ်တင်မြှောက် ဖွဲ့စည်းခြင်း အခမ်းအနားကို မတ် ၁၇ ရက်က ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး၊ ရှမ်းပြည်နယ်တောင်ပိုင်း သရက်အစုအဖွဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် တောင်သူလုပ်ငန်းရှင်များ၊ စုစုပေါင်း အင်အား ၂၅ ဦး တက်ရောက်ခဲ့ကြပါတယ်။

အခမ်းအနားမှာ သရက်အစုအဖွဲ့ရဲ့ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ ရှေ့လုပ်ငန်းစဉ်များ ၊ လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အားသာချက်၊ အားနည်းချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး သရက်အစုအဖွဲ့ (ညောင်ရွှေဇုန်)ကို အလုပ်အမှုဆောင် ၁၆ ဦးနဲ့ ပြန်လည်ရွေးချယ်တင်မြှောက်ဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။

**မိုးသဥ္ဇာလွင်-တောင်ကြီး**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၄-၄-၂၀၁၆ မှ ၁၀-၄-၂၀၁၆ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတိုင်းတွင် အတိုက်အခံအပြိုင်အဆိုင်တို့သည် ရှိတတ်စမြဲဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းတို့တိုးတက်အောင်မြင်အောင်သူတစ်ပါးထက်သာလွန်အောင်ကြိုးစားလုပ်ဆောင်ရမည်။ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများ မုန့်မျိုးစုံလုပ်ငန်းတို့ အကျိုးပေးအောင်မြင်မှုများရရှိမည်ဖြစ်ပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် ဘဝလက်တွဲဖော်ရတတ်သည့်အခြေအနေသို့ရောက်ရှိနေမည်။ ကျန်းမာရေးတွင် အပူကြောင့်ဖြစ်သော ရောဂါအစာအိမ်၊ လေနာရောဂါတို့ ဖြစ်တတ်ပါသည်။ **ယတြာ။ ။ ဆေးရုံးတွင် အလှူဒါနပြုလိုက်ပါ။**



**တနင်္လာသားသမီးများအတွက်** လောကဓံတရားတို့နှင့်တည်ဆောက်ထားသော စီးပွားရေးလောကတွင် မာယာများနှင့် တန်ဆာဆင်ထားသည်ကို သိနားလည်သဘောပေါက်သည့်အခါ စာနာတတ်သွားပြီးဟုသိရှိခဲ့ရတတ်ပါသည်။ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ရေနှင့် ရေထွက်ပစ္စည်းများအကျိုးပေးပါသည်။ ပညာရေးစီမံခန့်ခွဲမှု အကျိုးပေးမည်။ အချစ်ရေးကံကောင်းနေတတ်ပါသည်။ ချစ်ခင်ကြင်နာတတ်သောသူနှင့် ချစ်သူဖြစ်ရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် လည်ချောင်းနာခြင်း၊ အသံဝင်ခြင်း၊ အသံအိမ်၌ရောဂါဖြစ်တတ်သည်။ အသည်းအဆီဖုံခြင်းရောဂါ၊ အသည်းနှင့်ပတ်သက်သောရောဂါတို့ ဖြစ်တတ်ပါသည်။

**ယတြာ။ ။ ရဟန်းသံဃာတော်များ စာပြန်ပွဲတွင် လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေး ကောင်းလာတတ်သည်။ ဩဇာအာဏာရှိသူက မိမိအားကူညီထောက်ပံ့မှုရှိလာတတ်သည်။ အလုပ်ကိစ္စနှင့်ပတ်သက်၍ ခရီးဝေးသွားရတတ်သည်။ အလုပ်အပြောင်းအလဲ နေရာအပြောင်းအလဲလုပ်ရခြင်းမျိုးလည်းရှိတတ်ပါသည်။ ပညာရေးဖွဲ့ လုံ့လ ဝီရိယကံအားသင့်တင့်မှုကြောင့် အောင်မြင်မှုရရှိတတ်ပါသည်။ အချစ်ရေးတွင် အောင်မြင်မှုများရရှိနေမည်။ ကျန်းမာရေးအနေဖြင့် လူပင်ပန်းစိတ်ပင်ပန်းမှုများကြောင့် ရောဂါဝေဒနာခံစားရခြင်းရှိနေတတ်ပါသည်။ **ယတြာ။ ။ ခရီးသွားသူအား ခရီးစရိတ်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင်လယ်ယာထွက်ကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ သစ်မွှေးများ တင်ပို့ရောင်းချခြင်းလုပ်ငန်းများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများအကျိုးပေးကောင်းနေတတ်ပါသည်။ ပညာဉာဏ်ထွန်းပေါက်မှုအားကောင်းနေမည်။ အချစ်ရေးတွင် ငယ်ချစ်ဟောင်းနှင့် တွေ့ဆုံရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အရိုးအဆစ်များထုံကျင်ကိုက်ခဲခြင်း၊ သွားကိုက်၊ သွားနာရောဂါတို့ဖြစ်တတ်ပါသည်။ **ယတြာ။ ။ သက်ကြီးရွယ်အိုများကို အဟာရလှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတွင် လေလွင့်ဆုံးရှုံးမှုများကြောင့် အမြတ်အစွန်းရရှိရန်အခက်အခဲ ဖြစ်နေတတ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တိုင်းကျမှုအားနည်းနေလိမ့်မည်။ ချစ်သူအချင်းချင်း အထင် အမြင်လွဲမှားမှုရှိမည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်အချဉ်ဖောက်ခြင်း၊ အစာမကြေရောဂါဖြစ်တတ်သည်။ **ယတြာ။ ။ ဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ဖော်ကိုင်ဖက်များ၏ ကျွမ်းကျင်မှုနည်းပါးခြင်း စည်းစနစ်မကျနခြင်းများကြောင့် စီးပွားရေးလုပ်ငန်းရပ်များကိုပြန်လည်စိစစ်၍ ကျွမ်းကျင်သောဝန်ထမ်းများကို အသစ်ပြန်လည်ရွေးချယ်ရတတ်ပါသည်။ အရင်းအနှီးများ မပျောက်ပျက်အောင် အထိန်းအကွပ်များ ပြန်လည်စီမံရတတ်ပါသည်။ ဉာဏ်ရည်ဉာဏ် သွေးထက်မြက်နေမည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင် ရတာမလို လိုတာမရစိတ် တိုင်းမကျမှုများနှင့် အချစ်ရေးတွင် ရွေးချယ်ရခက်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်နှင့်ပတ်သက်သောရောဂါတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ သက်ကြီးရွယ်အို ဆေးဝါးငွေကြေးလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ကိုင်ဆောင်ရွက်ရာတွင် အပြိုင်အဆိုင်အတိုက်အခံများနှင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း မိမိ၏ကြိုးစားမှုကို ကျော်လွှား၍မရဖြစ်တတ်ပါသည်။ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ လောင်စာဆီများနှင့် စီးပွားရေးအကျိုးပေးပါသည်။ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်သောကြောင့် ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် လူချစ်လူခင်ပေါများသည်နှင့်အမျှ အလွန်တပ်မက်စွဲလန်းစွာဖြင့် ချစ်ခင်တတ်သည့် ချစ်သူရရှိတတ်ပါသည်။ ကျန်းမာရေးတွင် ဇာက်ကြောတက်ခြင်း၊ ခါးကိုက်ခါးနာဝေဒနာ ခံစားရမှုရှိနေတတ်ပါသည်။ **ယတြာ။ ။ ဘုရားတွင် ဆီမီးကပ်လှူပါလိုရာဆုတောင်းပါ။**

# အင်းတော်က တောင်သူလယ်သမားများ၊ မွေးမြူရေးလုပ်ငန်းရှင်များ နေပီယာမြက် စိုက်ပျိုးဝင်ငွေတိုး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်မှာ နေပီယာမြက်ကို တောင်သူများစတင်စိုက်ပျိုးလာပါတယ်။ နေပီယာမြက်မှာ ကြံပင် ပြောင်းပင်များနဲ့တူပြီး တိရစ္ဆာန်အစားအစာဖြစ်ပါတယ်။ ရိုးရိုးမြက်ထက် အသားဓာတ်၊ ပရိုတင်းဓာတ်ပိုမိုပါဝင်လို့ တိရစ္ဆာန်များ ပိုမိုကြီးထွားစေပါတယ်။ တစ်ခါစိုက်ထားပါက ၇ နှစ်အထိ ရိတ်သိမ်းအသုံးပြုနိုင်တဲ့အတွက် နှစ်ရှည်အကျိုးအမြတ်များရှိလို့ တောင်သူများ၊ လုပ်ငန်းရှင်များ စိတ်ဝင်စားစိုက်ပျိုးလာတယ်လို့ သိရပါတယ်။

မူရင်းဒေသက ထိုင်းနိုင်ငံ ပန်ချောင်မြို့နယ် တိရစ္ဆာန်အစားအစာသုတေသနစိုက်ပျိုးရေးခြံက ဖြစ်တယ်လို့ သိရပါတယ်။ တစ်ဧကကုန်ကျစရိတ် လေးသိန်းရှိပါတယ်။ စိုက်ပျိုးပြီး တစ်လခွဲနှစ်လဆို စတင်ရိတ်သိမ်းအသုံးပြုလို့ရပါပြီ၊ တစ်ဧကအထွက်တန် တစ်ရာကျော်ထွက်ပါတယ်။ နေပီယာမြက်လှည်းတစ်စီးကို ကျပ်ငါးထောင်ရှိတာကြောင့်



တစ်နှစ် ၄၅ သိန်းကျော် ဝင်ငွေရှိပါတယ်။ ကျောက်ပန်းတောင်းမြို့နယ်က နေပီယာမျိုး တစ်ပိုင်း ၂၅ ကျပ်နဲ့ ဝယ်ခဲ့ပြီး ကျွန်တော့်အခင်း နှစ်ဧကမှာ စိုက်ပျိုးထားပါတယ်။ မျိုးလိုအပ်တဲ့ တောင်သူများကိုလည်း ရောင်းပေးပါတယ်။ ဗန်းမောက်၊ ကသာ၊ ထီးချိုင့်၊ မိုးညှင်းမြို့နယ်များက မျိုးလာဝယ်ကြပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေကြပါပြီ နို့စားနွား၊ အသားတိုးနွား၊ ဝက်စာအဖြစ် အများဆုံး အသုံးပြုကြပါတယ်။

ခြောက်လအထိ အလှောင်ခံတဲ့အတွက် မွေးမြူရေးလုပ်ငန်းရှင်များ တစ်နှစ်စာ လှောင်ကြတယ်”လို့ ပဲခူးကျေးရွာတောင်သူ ဦးဇော်သက်ထူးက ပြောပါတယ်။

နေပီယာမြက်ကို မိုးအကုန်ဆောင်းအကူး နိုဝင်ဘာလမှာ စတင်စိုက်ပျိုးရပါတယ်။ စတင်စိုက်ပျိုးချိန်ကုန်ကျစရိတ် လေးသိန်းကျော်ရှိပေမယ့် နောင် ခုနစ်နှစ်အထိ ရိတ်သိမ်းရောင်းချနိုင်ပါတယ်။ နောက်နှစ်များမှာ မြေဩဇာ ရိတ်သိမ်းစရိတ်သာ ကုန်တဲ့အတွက် ဝင်ငွေကောင်းတဲ့ စိုက်ပျိုးရေးဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ အင်းတော် နေပီယာမြက်ကို စိုက်ပျိုးပြီး တိရစ္ဆာန်များအား စီးပွားဖြစ် မွေးမြူပါက ဒေသတွင်း အလုပ်အကိုင်များ ရရှိကြပြီး စီးပွားရေးတိုးတက်လာမယ်လို့ ၎င်းထံက သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ဒေသထွက် သီဟိုဠ်ပြည်ပပို့ကုန်ယခင်နှစ်ထက် ဈေးနှုန်းမြင့်တက်ရောင်းဝယ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရဲ့ဒေသထွက် နှစ်ရှည်သီးနှံ ပြည်ပပို့ကုန်သီဟိုဠ်မှာ နှစ်စဉ် ဖေဖော်ဝါရီလမှ စတင်၍ ဈေးကွက်သို့ ဝင်ရောက်ပြီး ဧပြီ၊ မေ၊ မိုးရွာသွန်းချိန်ရောက်လျှင် သီဟိုဠ်စေ့မှာ မိုးထိပါက အရောင်မှာ မည်းသွားပြီး၊ ဈေးကွက်တွင် အရောင်းအဝယ်မရှိတော့ကြောင်း၊ လက်ရှိပုသိမ်မြို့ပေါ်တွင် အဝယ်ဒိုင် ၁၀ ခုနှင့် သီဟိုဠ်စေ့ရောင်းဝယ်လျက်ရှိပြီး သီဟိုဠ်စေ့ကုန်ကြမ်းကို ရန်ကုန်သို့ တိုက်ရိုက်ရောင်းချတဲ့ဒိုင်များရှိသလို ပုသိမ်မြို့ပေါ်ရှိ သီဟိုဠ်ကုန်ချောထုတ်လုပ်သည့် ဒိုင်ခွဲများမှလည်း ယခုလိုအချိန် ကုန်ကြမ်းများကို ဝယ်ယူသိုလှောင်ထားပြီး နှစ်ပတ်လည်ကုန်ချောထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ရောင်းချလျက်ရှိကြောင်း ပုသိမ်မြို့ပေါ်ရှိ သီဟိုဠ်လုပ်ငန်းရှင် ဦးတင့်နိုင်က ပြောပါတယ်။

သီဟိုဠ်ထွက်ရှိရာဒေသများမှာ ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ သာပေါင်းမြို့နယ် ပတ်ဝန်းကျင်ကျေးရွာများ၊ ရှောပြာကျေးရွာနဲ့ပတ်ဝန်းကျင်ဒေသများ၊ ပင်လယ်ကမ်းခြေဒေသများဖြစ်တဲ့ ချောင်းသာ၊ ငွေဆောင် ပတ်ဝန်းကျင်အနီးအနားရှိ ကျေးရွာများနဲ့ ငပုတောမြို့နယ်အတွင်းရှိ ဟိုင်းကြီး၊ ပြင်ခရိုင်၊ ချောင်းဝ၊ ကျောက်ချောင်းကျေးရွာများနဲ့ ပတ်ဝန်းကျင်ဒေသရှိကျေးရွာများမှလည်း သီဟိုဠ်ထွက်ရှိပြီး၊ မြို့ပေါ်သို့ လာရောက်ရောင်းချလျက်ရှိကြောင်း၊ သီဟိုဠ်စေ့မှာ သုံးလေးနှစ်တစ်ကြိမ် အထွက်နည်းတတ်တဲ့အတွက် ယခုနှစ်တွင် သီဟိုဠ်အထွက် လျော့နည်းနိုင်ကြောင်း၊ ယခင်နှစ် သီဟိုဠ်စေ့ပေါ်ချိန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်သော်လည်း ယခုနှစ်သီဟိုဠ်ဈေးနှုန်းမှာ အရည်အသွေးပေါ်မူတည်ပြီး သီဟိုဠ်တစ်ပိဿာလျှင် ၂၄၀၀ ကျပ်၊ ၂၅၀၀ ကျပ်၊ ၂၆၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်ရောင်းဝယ်လျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# ပခုက္ကူတွင် ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများ လှိုင်လှိုင်ပေါ်ထွက်နေသော်လည်း ဈေးနှုန်းတည်ငြိမ်

ပခုက္ကူတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလနောက်ဆုံးပတ်တွင် မိုးစိုက် (ဥစိုက်) ကြက်သွန်နီများ စတင် ဝင်ရောက်ခဲ့ပြီး အမြင့်ဈေး ၂၅၀၀ ကျပ်၊ အနိမ့်ဈေး ၁၄၀၀ ကျပ်ဖြင့် ဈေးကောင်းရရှိခဲ့သဖြင့် ကြက်သွန်နီစိုက် တောင်သူများမှာ အကျိုးအမြတ်ဖြစ်ထွန်းခဲ့ကြတယ်လို့ သိရပါတယ်။ ယခုနှစ်တွင် ပခုက္ကူဈေးကွက်အတွင်းသို့ ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေသော်လည်း ဈးနှုန်းများတည်ငြိမ်နေသည်ကို တွေ့ရှိရပါတယ်။

ပခုက္ကူကုန်စည်ဒိုင်သို့ မတ်လအတွင်း ကြက်သွန်နီစုစုပေါင်း ဝင်ရောက်မှုမှာ ပိဿာ ၃၆၅၀၀၀ ကျော်ဝင်ရောက်ခဲ့ရာ လဆန်းပိုင်းတွင် စတင်ဝင်ရောက်စဉ် က လက်ကားဈေးအနေဖြင့် တစ်ပိဿာ အမြင့်ဈေး ၆၀၀ကျပ်၊ အနိမ့်ဈေး ၅၀၀ ကျပ်ရှိခဲ့သော်လည်း နောက်ဆုံးနှစ်ပတ်မှာ တစ်ပိဿာကို အမြင့် ၃၅၀ ကျပ်နဲ့ အလတ် ၂၅၀ ကျပ်၊ အနိမ့် ၂၀၀ ကျပ်ဈေးတို့ဖြင့် ငြိမ်နေသည်ကို တွေ့ရပါတယ်။ ယခင်နှစ် မတ်လတွင် ဝင်ရောက်မှုမှာ ပိဿာ ၃၁၃၀၀၀ ဝင်ရောက်ခဲ့ပြီး အမြင့်ဈေး ၃၀၀ ကျပ်၊ အလတ် ၂၈၀ ကျပ်နဲ့ အနိမ့် ၈၀ ကျပ်ဈေးရှိခဲ့ရာ ယခုနှစ်ဈေးနှုန်းဖြင့် နှိုင်းယှဉ်ရင် ဈေးနှုန်း အနည်းငယ်သာ တက်နေတာကို တွေ့ရှိရပါတယ်။ ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် ကြက်သွန်နီများ အထွက်ကောင်းနေသော်လည်း ဈေးနှုန်းကျဆင်းမှုတွေကို ရင်ဆိုင်နေရသောကြောင့် အခက်တွေ့နေပြီး အကျိုးအမြတ်နည်းပါးမှု၊ အဆင်မပြေမှုတွေရှိနေကြကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့ ရာသီကုန်တွက်ချက်မှုအနေဖြင့် ပခုက္ကူခရိုင်အတွင်းရှိ ရေစကြို၊ ဆိပ်ဖြူ၊ ပေါက်နယ်တို့မှ ကြက်သွန်နီများ ထွက်ရှိခဲ့ရာ ခရိုင်အတွင်းရှိ မြို့နယ်များ၏ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီစိုက်ဧက ၁၅၀၃၄ ရှိပြီး အထွက်နှုန်း ပိဿာ ၆၀၁ သိန်းခန့် ထွက်ရှိခဲ့ပါတယ်။ ယခုနှစ်တွင်လည်း ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီစိုက်ဧက ၁၆၅၂၈ ခန့် ခန့်မှန်းထားပြီး အထွက်နှုန်းသည်လည်း ရာသီဥတု ဖျက်ဆီးမှုမရှိသဖြင့် ယခင်နှစ်ထက် ပိုမိုထွက်ရှိမည်ဟု ခန့်မှန်းထားကြကြောင်း ကြက်သွန်နီစိုက် တောင်သူများထံမှ သိရှိရပါတယ်။

**ပပရွှေ -ပခုက္ကူ**

# မြို့ကြီးများ၏ ၄-၄-၂၀၁၆ မှ ၈-၄-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၄-၄-၂၀၁၆) | အင်္ဂါ(၅-၄-၂၀၁၆) | ဗုဒ္ဓဟူး(၆-၄-၂၀၁၆) | ကြာသပတေး(၇-၄-၂၀၁၆) | သောကြာ(၈-၄-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F |
| ရန်ကုန်မြို့ | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F |
| မန္တလေးမြို့ | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၂°C/၁၀၇°F |
| မြစ်ကြီးနား | နေသာ ၃၅°C/၉၅°F | ၆၀% ၃၁°C/၈၈°F | ၇၀% ၂၉°C/၈၅°F | ၅၀% ၃၃°C/၉၁°F | ၄၀% ၃၄°C/၉၄°F |
| လားရှိုး | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | ၆၀% ၃၀°C/၈၆°F | ၅၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၁°F |
| ကျိုင်းတုံ | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၄°F | ၄၀% ၃၄°C/၉၄°F |
| လွိုင်ကော် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | ၄၀% ၃၄°C/၉၄°F |
| တောင်ကြီး | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | ၃၀% ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | ၄၀% ၃၀°C/၈၆°F |
| မော်လမြိုင် | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| ဘားအံ | နေသာ ၃၆°C/၉၇°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| တောင်ငူ | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F |
| မုံရွာ | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၆°F |
| ပုသိမ် | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| မြိတ် | နေသာ ၃၆°C/၉၆°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| မကွေး | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၄၀°C/၁၀၄°F |
| ဖလမ်း | တိမ်ထူထပ် ၂၄°C/၇၅°F | ၄၀% ၂၃°C/၇၄°F | ၆၀% ၂၄°C/၇၆°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F |



## ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကုန်းမြင့်ဒေသတွင် မိုးခေါင်ခြောက်သွေ့မှုများ အဆိုးရွားဆုံးဖြစ်ပေါ်

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကုန်းမြင့်ဒေသတွင် အဆိုးရွားဆုံး မိုးခေါင်ခြောက်သွေ့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြထားသည်။

အလယ်ပိုင်းကုန်းမြင့်ဒေသတွင် ရေကန်ပေါင်း ၂၅၀ ရှိရာ အဆိုပါရေကန်များတွင်လည်း ရေများခမ်းခြောက်လျက်ရှိနေပြီဖြစ်ကြောင်း၊ မိုးခေါင်ရေရှားမှုကြောင့် ဒေသတွင်း စိုက်ပျိုးလျက်ရှိသည့် ကော်ဖီနှင့် ငရုတ်ပင်စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရဖွယ်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်အစိုးရအနေဖြင့် နိုင်ငံ၏ အလယ်ပိုင်းကုန်းမြင့်ဒေသတွင် မိုးခေါင်ရေရှားမှု အဆိုးရွားဆုံးဖြစ်ပေါ်နေမှုအား ဖြေရှင်းရန် ရေလိုအပ်ချက်ရှိနေသည့်ဒေသများအား ရေပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။

ယခုလက်ရှိတွင် အလယ်ပိုင်းကုန်းမြင့်ဒေသ၌ စပါးစိုက်ဟက်တာပေါင်း ၇၁၀၈ ဟက်တာရှိပြီး ကော်ဖီစိုက်ဧကမှာ ဟက်တာပေါင်း ၆၀၀၀ ခန့်အထိ ရှိနေပြီး အဆိုပါသီးနှံများကို စိုက်ပျိုးသည့်နေရာများတွင်သီးနှံများ ပျက်စီးမည့်အရေးနှင့်ရင်ဆိုင်နေရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် Dak Lak ဒေသတွင်လည်း စပါးစိုက်ဟက်တာပေါင်း ၂၁၀၀၀ နှင့် အခြားစားဖိုဆောင်သုံးသီးနှံစိုက် ဟက်တာပေါင်း ၁၃၀၀၀ခန့်မှာလည်း မိုးခေါင်ခြောက်သွေ့မှုဒဏ်ကို ခံစားနေရသည်။

ယခုဧပြီလအတွင်း မိုးရွာသွန်းမှု မရှိခဲ့ပါက ဆက်လက်ခြောက်သွေ့နိုင်ပြီး အလယ်ပိုင်းကုန်းမြင့်ဒေသတွင် စိုက်ပျိုးမြေဟက်တာပေါင်း ၁၆၇၀၀၀ ခန့် ပျက်စီးနိုင်ပြီး အိမ်ထောင်စုပေါင်း ၃၄၀၀၀ မှာ ရေပြတ်လပ်မှုပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်ဟု ဆိုသည်။

မိုးခေါင်ခြောက်သွေ့မှုဒဏ်ကို ခံစားနေရသည့်ဒေသများသို့ နိုင်ငံတော်အရန်ဆန် တန်ချိန် ၅၂၀၀ ကို ဖြန့်ဖြူးပေးရန် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က ဘဏ္ဍာရေးဝန်ကြီးသို့ မေတ္တာရပ်ခံထားကြောင်း သိရသည်။

မတ် ၃၁ရက်က ဗီယက်နမ်ကြက်ခြေနီအသင်းသည် အဆိုပါအလယ်ပိုင်းကုန်းမြင့်ဒေသရှိ သောင်နမ်ပြည်နယ်သို့ ရောက်ရှိလာပြီး အဆိုပါပြည်နယ်မှ ဆင်းရဲသည့်အိမ်ထောင်စု ၁၀၀ အတွက် ဗီယက်နမ်ဒေါင်ငွေ ၃၇၈ သန်း(အမေရိကန်ဒေါ်လာ ၁၇၁၀၀) တန် ကြေးရှိသည့်စားသောက်ကုန်များနှင့် ရေသန့်များကို ပေးလှူခဲ့သည်။ **မယ်သီတာ**

## ပါပူဝါနယူးဂီနီနှင့် ဂျပန်နိုင်ငံတို့တွင် အင်အားပြင်းငလျင်များ လှုပ်ခတ်

ဧပြီ ၁ ရက်က ပါပူဝါနယူးဂီနီနှင့် ဂျပန်နိုင်ငံအလယ်ပိုင်းဒေသတို့တွင် အင်အားပြင်းငလျင်များ လှုပ်ခတ်ခဲ့ ကြောင်း အမေရိကန်နိုင်ငံငလျင်တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါနေရာနှစ်နေရာတွင် အင်အားပြင်းငလျင်များ လှုပ်ခတ်ခဲ့သော်လည်း နှစ်နေရာစလုံးတွင် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားခြင်းမရှိခဲ့ကြောင်း အေပီသတင်းဌာနကထုတ်ပြန်ကြေညာခဲ့သည်။

ဂျပန်နိုင်ငံတွင် ဧပြီ ၁ ရက် နံနက်ပိုင်းက အိုဆာကာမြို့၏ အရှေ့တောင်ဘက် ၁၀၅မိုင်အကွာ ပင်လယ်ပြင်ကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဆုံးရှုံးပျက်စီးမှုနှင့် ဒဏ်ရာရရှိမှုစာရင်းများ မရရှိသေးသော်လည်း ငလျင်လှုပ်ခတ်သည့်အတွက် အိုဆာကာမြို့ရှိ အထပ်ပေါင်း ၆၀ရှိ Abeno Harukas အမည်ရှိ အဆောက်အအုံ၏ ဓာတ်လှေခါးမှာ အလိုအလျောက် ရပ်တန့်သွားကြောင်း၊ ထို့ပြင် အမြန်ရထားအသွားအလာများလည်း အလိုအလျောက် ရပ်တန့်သွားကြောင်း တိုကျိုမြို့ရှိ အေပီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဓာတ်လှေခါး ရပ်တန့်သွားသော်လည်း ဓာတ်လှေခါးအတွင်း၌ လူတစ်ယောက်မှ မပါရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ပါပူဝါနယူးဂီတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်သည် ဧပြီ ၁ ရက် နံနက် ၅နာရီ ၂၄ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အာဂိုရမ်မြို့၏ အရှေ့တောင်ဘက် ၇၅ မိုင်အကွာပင်လယ်ပြင်ကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပါပူဝါနယူးဂီနီတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ကြောင်း ပါပူဝါနယူးဂီနီ၏ မြေငလျင်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ပါပူဝါနယူးဂီနီနိုင်ငံသည် အင်အားပြင်းငလျင်များ မကြာခဏ လှုပ်ခတ်လေ့ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ထားသဖြင့် ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှု မရှိရခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယားအမျိုးသမီးလက်ရွေးစင်အသင်းတို့ ရန်ကုန်မြို့တွင် ခြေစမ်းကစားမည်

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယားအမျိုးသမီးလက်ရွေးစင်အသင်းတို့၏ ခြေစမ်းကစားပွဲများကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါခြေစမ်းပွဲကို မူလက မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း တွင်ကျင်းပရန် စီစဉ်ထားသော်လည်း တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်က ရန်ကုန်မြို့တွင်သာကျင်းပပေးရန် တောင်းဆိုခဲ့သဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပွဲကျင်းပမည့်နေရာကို ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်သည်။

ယင်းခြေစမ်းပွဲကို ဇွန် ၄ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တောင်ကိုရီးယားအသင်းနှင့် ခြေစမ်းပွဲမတိုင်မီ မေ ၅ရက်မှစတင်ကာ ဂျပန်နိုင်ငံသို့သွားရောက်၍ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး လေ့ကျင့်နေစဉ်အတွင်း ဂျပန်နိုင်ငံမှ ကလပ်အသင်းများနှင့် ခြေစမ်းကစားပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းသည် ဇူလိုင်လတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 2016 AFF Women Championship ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

## ၂၀၁၆ ဘောလုံးရာသီ ရှုံးထွက်ပြိုင်ပွဲကို လာမည့်မေလအတွင်းကျင်းပရန် စီစဉ်လျက်ရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၆ ဘောလုံးရာသီအတွက် ရှုံးထွက်ပြိုင်ပွဲကို လာမည့်မေလအတွင်းကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မူလက အဆိုပါရှုံးထွက်ပြိုင်ပွဲကို ဧပြီလအတွင်းကျင်းပရန် စီစဉ်ထားသော်လည်း ယခုအခါတွင်မေလရောက်မှသာ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အရင်တုန်းက ဧပြီလ နောက်ဆုံးပတ်မှာ ကျင်းပဖို့ စီစဉ်ထားပေမယ့် သင်္ကြန်ကာလအပြီး ကစားသမားတွေလေ့ကျင့်ပြင်ဆင်ချိန်ရဖို့ မေလရောက်မှသာကျင်းပဖို့ဆုံးဖြတ်ခဲ့တာပါ”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့်မူအတိုင်း မြန်မာနေရှင်နယ်လိဂ်-၁ နှင့် လိဂ်-၂ မှ အသင်းများအားလုံးကို ဝင်ရောက်ယှဉ် ပြိုင်စေမည်ဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့်ရတနာပုံအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့အား တတိယအဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ကစားစေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ရှုံးထွက်ပြိုင်ပွဲများတွင် အောင်မြင်မှုအရှိဆုံးအသင်းအဖြစ် သုံးကြိမ်ဗိုလ်စွဲထားသည့် ဧရာဝတီအသင်းက မှတ်တမ်းဝင်ထားပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားကြောင်းသိရသည်။

## လက်ဘနွန်အသင်းကို တစ်ဂိုးစီသရေကျခဲ့သည့် မြန်မာအသင်း အာရှဖလားတတိယဆင့် ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်

### အရည်အချင်းရှိလူငယ်ကစားသမားများအား ပိုင်ဆိုင်ထားခြင်းက အသင်းအတွက်ကောင်းသည့်အနာဂတ်ဟုဆို



မတ် ၂၉ရက်က လက်ဘနွန်နိုင်ငံတွင်ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအာရှဇုန်အုပ်စုပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းသည် လက်ဘနွန်လက်ရွေးစင်အသင်းကို တစ်ဂိုးစီသရေရလဒ်ဖြင့် အဝေးကွင်းဂိုးတစ်ဂိုးရယူထားနိုင်ခဲ့သဖြင့် အာရှဖလား တတိယဆင့်ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်သည် ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုပြိုင်ပွဲများ၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့်အတွက် မြန်မာအသင်းသည် အဝေးကွင်းတစ်ဂိုးရယူနိုင်ခဲ့ကာ အကောင်းဆုံးလေးသင်းတွင် ပါဝင်ခဲ့သဖြင့် အာရှဖလားခြေစစ်ပွဲတတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းနှင့် လက်ဘနွန် လက်ရွေးစင်အသင်းတို့၏ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် မြန်မာအသင်းအတွက် တစ်လုံးတည်းသောဂိုးကို ဒုတိယပိုင်း ပွဲချိန် ၇၅ မိနစ်တွင် အောင်သူက သွင်းယူပေးခဲ့ပြီး လက်ဘနွန်အသင်းတွက် တစ်လုံးတည်းသောဂိုးကို ဒုတိယပိုင်းပွဲပြီးကာနီး ၈၉ မိနစ်တွင် အဲလ်ဟဲဝီက တစ်ဂိုး သွင်းယူခဲ့သည်။

ထိုင်းနိုင်ငံတွင် အိမ်ကွင်းအဖြစ်လက်ခံကျင်းပခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် လက်ဘနွန်အသင်းတို့၏ပွဲစဉ်တွင် မြန်မာအသင်းက နှစ်ဂိုးဂိုးမရှိဖြင့် လက်ဘနွန်အသင်းကို ရှုံးနိမ့်ခဲ့သည်။

ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲအုပ်စု(ဆ)တွင် မြန်မာအသင်းသည် ရှစ်ပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး ရမှတ်ရှစ်မှတ်ရရှိကာ အကောင်းဆုံးအသင်းများအနက် တစ်သင်းပါဝင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်း၏ နည်းပြချုပ်ဖြစ်သူ မစ္စတာဂတ်ဖရိုင်းဂတ်က မြန်မာ့လက်ရွေးစင်အသင်းတွင် အရည်အချင်းရှိသည့် လူငယ်ကစားသမားများ ပိုင်ဆိုင်နေသည့်အတွက် ကောင်းသည့် အနာဂတ်ဟု ပြောရမည်ဖြစ်ကြောင်း လက်ဘနွန်အသင်းနှင့်ပွဲအပြီး ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

“မြန်မာ့လက်ရွေးစင် အသင်းမှာ အရည်အသွေးပြည့်ဝတဲ့ လူငယ်ကစားသမားတွေကို ပိုင်ဆိုင်ထားတဲ့အတွက် လက်ရွေးစင်အသင်းရဲ့ အနာဂတ်က အများကြီး ကောင်းမွန်နေပါတယ်။ ဒါဟာ မြန်မာအသင်းအတွက် အနာဂတ်ပဲဖြစ်ပါတယ်”ဟု ဂတ်ဆီဇီကပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်း၏ နည်းပြချုပ်ဖြစ်သူ ဂတ်ဆီဇီသည် ဆားဘီးယားလူမျိုးနည်းပြ အဘရာမိုဗစ်ချ်နေရာတွင် အစားထိုးဝင်ရောက်လာသည့်နည်းပြတစ်ဦးဖြစ်ပြီး မြန်မာ ယူ-၁၉ အသင်းနှင့်အတူ ပရိသတ်များ၏ အားပေးမှုကို အပြည့်အဝရရှိထားသူတစ်ဦးဖြစ်သည်။

ဂတ်ဆီဇီ၏ မြန်မာ့လက်ရွေးစင်အသင်းတွင် ယူ-၂၀ နှင့် ယူ-၂၃ကစားသမားအများအပြားကို အသုံးပြုထားကြောင်း သိရသည်။

**မြန်မာ့လက်ရွေးစင်အသင်း၏ပွဲ ရလဒ်များ**

| | | |
|---|---|---|
| လာအို | ၂ - ၂ | မြန်မာ |
| မြန်မာ | ၀ - ၂ | တောင်ကိုရီးယား |
| ကူဝိတ် | ၉ - ၀ | မြန်မာ |
| မြန်မာ | ၀ - ၂ | လက်ဘနွန် |
| မြန်မာ | ၃ - ၁ | လာအို |
| တောင်ကိုရီးယား | ၄ - ၀ | မြန်မာ |
| မြန်မာ | ၃ - ၀ | ကူဝိတ် |
| လက်ဘနွန် | ၁ - ၁ | မြန်မာ |

## အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသရန် ပြည်တွင်းရုပ်သံလိုင်းများနှင့် ညှိနှိုင်းမည်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ-ဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲအား တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ရန်အတွက်ပြည်တွင်းရုပ်သံလိုင်းများနှင့် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို နေပြည်တော်၌လာမည့် ဇူလိုင်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




ပြီးခဲ့သည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဖူဆယ်ပြိုင်ပွဲများအား ထုတ်လွှင့်ပြသခဲ့ဖူးသဖြင့် ယခုကဲ့သို့ ဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲများ ထုတ်လွှင့်ပြသရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။“လက်ဘနွန်မှာ သွားရောက်ကစားခဲ့တဲ့ မြန်မာ့လက်ရွေးစင်အသင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ကို တောင်လက်ဘနွန်ကနေ တိုက်ရိုက်ထုတ်လွှင့်နိုင်အောင်လုပ်ခဲ့ကြတာပဲ။နေပြည်တော်လိုနေရာမျိုးကနေ တစ်နိုင်ငံလုံးကိုလွှင့်ဖို့ဆိုတာက အခက်အခဲမရှိနိုင်ဘူးလို့ထင်တယ်။ ပြိုင်ပွဲနီးလာရင်တော့ သေသေချာချာထပ်ပြီး ညှိနှိုင်းသွားမှာပါ”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည့် အာဆီယံဖူဆယ်ကလပ်အသင်းချန်ပီယံရှစ်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးကလပ်အသင်း ငါးသင်းတို့သည် အုပ်စုပတ်လည်ဖြင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး ရမှတ်အနည်းဆုံး အသင်းမှလွဲ၍ ကျန်သည့်အသင်းလေးသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။



## အက်စ်တွန်ဗီလာတိုက်စစ်မှူး အဘွန်လဟော်ကိုအသင်းမှထုတ်ပယ်ရန် စီစဉ်

အက်စ်တွန်ဗီလာအသင်းသည်အသင်း၏ တိုက်စစ်မှူး ဂယ်ဘရီယယ်အဘွန်လဟော်ကို အသင်း၏ ပထမကစားသမားစာရင်းမှ ထုတ်ပယ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ အဘွန်လဟော်အား ချဲလ်ဆီးနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲမတိုင်မီ ပထမ ၁၁ ယောက်ကစားသမားစာရင်းမှ ထုတ်ပယ်ရန် စီစဉ်နေပြီဖြစ်သည်။

ပြီးခဲ့သည့် ရက်အတွင်းက အဘွန်လဟော်သည် ဒူဘိုင်းသို့ သွားရောက်၍ သူငယ်ချင်းများနှင့်အတူ နိုက်ကလပ်တွင် ပျော်ပွဲကျင်းပနေစဉ်အတွင်း ပိုက်ဖြင့်ဆေးလိပ်သောက်သည့်အပြုအမူကို ပြုလုပ်ခဲ့သည့်ဓာတ်ပုံများကို အသင်းမှ တာဝန်ရှိသူများက မြင်တွေ့ခဲ့ပြီးနောက် ယခုကဲ့သို့ ပထမကစားသမားစာရင်းမှ ထုတ်ပယ်ရန်စီစဉ်ရခြင်းဖြစ်သည်ဟုဆိုသည်။

ဗီလာအသင်းမှ တာဝန်ရှိသူများသည် အဘွန်လဟော်အား ပထမကစားသမားစာရင်းတွင် ထည့်သွင်းခြင်းမပြုကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ထည့်သွင်းဖော်ပြထားခဲ့သည်။

ပရီးမီးယားလိဂ်တွင် ကစားသမားများအား ဆေးလိပ်မသောက်ရန် တင်းကြပ်သည့်စည်းကမ်းထုတ်ပြန်ထားရာ ကစားသမားများအနေဖြင့် ဆေးလိပ်သောက်သည်ဟု မဆိုနိုင်သော်လည်း နိုက်ထရစ်အောက်ဆိုက်ဟုခေါ်သည့် ဆေးရည်ငွေ့အားရှူရှိုက်သည့်အပြုအမူများကို ပြုလုပ်လေ့ရှိကြောင်း၊ ယင်းကဲ့သို့ ရှီးရှပိုက်ဖြင့်ဆေးလိပ်သောက်သည့် အပြုအမူများကိုလည်း ခွင့်မလွှတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

## နစ်ကီဘလက်ဝဲလ်အား ပေါင်ငါးသောင်းပေးလှူမည်ဟု ဒေးဗစ်ဟေးကတိပြု နှစ်ရက်သုံးရက်အတွင်း ပြန်လည်သတိရလာမည်ဟု နစ်ကီ၏မိသားစုများကမျှော်လင့်

ဦးနှောက်တွင်း သွေးယိုစီးသည့် လက္ခဏာများကြောင့် ကိုးမားရောဂါကို ခံစားနေရသည့် ဗြိတိသျှလက်ဝှေ့ကျော် နစ်ကီဘလက်ဝဲလ်အား ပေါင်ငါးသောင်းပေးလှူရန် ဗြိတိသျှလက်ဝှေ့ကျော်ဒေးဗစ်ဟေးက ကတိပြုခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

နစ်ကီဘလက်ဝဲလ်သည် ပြီးခဲ့သည့် မတ် ၂၆ ရက်က ခရစ္စယူဘန့်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ရှုံးနိမ့်ခဲ့သည့်အပြင် ယူဘန့်၏ ပြင်းထန်လှသည့် လက်သီးချက်များကြောင့် သတိလစ်မေ့မြောကာ ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

ယူဘန့်သည် ဘလက်ဝဲလ်၏ ဦးခေါင်းသို့ ပြင်းထန်သည့်လက်သီးချက်များဖြင့် ထိုးနှက်ခဲ့သဖြင့် ဘလက်ဝဲလ်၏ဦးနှောက်တွင်း သွေးယိုစီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ထို့ကြောင့် ဘလက်ဝဲလ်သည် ကိုးမားရောဂါကို ခံစားနေရခြင်းဖြစ်ကြောင်း၊ နောက်ထပ် နှစ်ရက်၊သုံးရက်အကြာတွင် ဘလက်ဝဲလ်သည် အကောင်းပကတိအတိုင်း ရှိနေမည်ဖြစ်ကြောင်း ဘလက်ဝဲလ်၏ မိသားစုဝင်များက ပြောကြားခဲ့သည်။

အသက် ၂၅ နှစ်အရွယ်ရှိ နစ်ကီဘလက်ဝဲလ်သည် ကိုးမားရောဂါကို ခံစားနေရသဖြင့် ဒေးဗစ်ဟေးက ပေါင်ငါးသောင်းပေးလှူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော် ပြထားသည်။




ဦးနှောက်တွင်း သွေးယိုစီးမှု ဖြစ်ပွားကာ ကိုးမားရောဂါခံစားနေရသည့် ဘလက်ဝဲလ်အား ခွဲစိတ်ကုသမှုပြုလုပ်ရန် ပြောကြားခဲ့သော်လည်း သွေးယိုစီးမှု အနည်းငယ်သာဖြစ်ပေါ်နေသဖြင့် ခွဲစိတ်ကုသရန် မလိုကြောင်း ဗြိတိသျှလက်ဝှေ့ကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ ကက်စတယ်လိုက ပြောကြားခဲ့သည်။

ဘလက်ဝဲလ်သည် ဆေးရုံပေါ်တွင် လှုပ်ရှားမှုတစ်စုံတစ်ရာ မရှိဘဲ ငြိမ် သက်စွာလဲလျောင်းနေသော်လည်း ဆရာဝန်များကမူ ၎င်းအား ကုသပေးနေမှုများကို တဖြည်းဖြည်းချင်းလျှော့ချပေးသွားမည်ဟု ပြောကြားခဲ့သည်။

ဘလက်ဝဲလ်၏ အခြေအနေများနှင့်ပတ်သက်၍ဒေးဗစ်ဟေးက“ဘလက်ဝဲလ်အနေနဲ့ငွေလိုအပ်နေမှာ အမှန်ပဲ။ ဘာကြောင့်လဲဆိုရင် အခုလိုအချိန်မှာ သူ့အတွက် ငွေက အဓိကပဲ။ဒါကြောင့် မေ ၂၁ ရက်မှာ ထိုးသတ်မယ့်ပွဲက လက်မှတ်ရောင်းရငွေရဲ့ ၁၀ရာခိုင်နှုန်းကို ဘလက်ဝဲလ်ကိုပေးဖို့ ဆုံးဖြတ်ပြီးပါပြီ။ အနည်းဆုံးတော့ ပေါင် ငါးသောင်းလောက်တော့ ရမယ်လို့ထင်ပါတယ်”ဟု ဒေးဗစ်ဟေးက ပြောကြားခဲ့သည်။ဒေးဗစ်ဟေးသည် မေ ၂၁ ရက်တွင် ဆွစ်ဇာလန်နိုင်ငံသား လက်ဝှေ့ကျော် အာနိုးနှင့် လန်ဒန်မြို့ရှိအိုတူးအေရီယာနာတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။




## ပရီးမီးယားလိဂ်တွင် လာရောက်ကစားစေလိုပါက တစ်ပတ်လျှင် ပေါင်ခြောက်သိန်းပေးရမည်ဟု အီဗရာမိုဗစ်တောင်းဆို

ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဗရာမိုဗစ်က ၎င်းအား ပရီးမီးယားလိဂ်တွင် လာရောက်ကစားစေလိုပါက တစ်ပတ်လျှင် လုပ်ခလစာအဖြစ် ပေါင်ခြောက်သိန်းပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

မိုဗစ်သည်လက်ရှိတွင် ပီအက်စ်ဂျီအသင်းနှင့် လာမည့်နွေရာသီတွင် စာ ချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ၎င်းအားခေါ်ယူလိုသည့်အသင်းများ အနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည်။

သို့သော် အသက် ၃၄ နှစ်အရွယ်ရှိ အီဗရာမိုဗစ်အားခေါ်ယူရန်မှာ တောင်းဆိုထားသည့်လစာနှုန်းထားများပြားနေသဖြင့် ခေါ်ယူရန် အခက်တွေ့နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မိုဗစ်ကို တစ်ပတ်လုပ်ခလစာငွေ ပေါင်တစ်သန်းဖြင့် တရုတ်စူပါလိဂ်အသင်းတစ်သင်းက ခေါ်ယူရန် ဆွေးနွေးနေသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း မိုဗစ်မှာဝေးလံသည့် အရှေ့အာရှဒေသသို့သွားရန် ဆန္ဒရှိပုံမရကြောင်း သတင်းများက ဆိုသည်။

မိုဗစ်ချမှာ ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုသော်လည်း အင်္ဂလန်နိုင်ငံ၏ အခွန်နှုန်းထားမှာ များပြားသည့်အတွက် စိတ်ညစ်ညူးနေသည်ဟုဆိုသည်။ မိုဗစ်ချ်ကို ပရီးမီးယားလိဂ်အသင်းများဖြစ်သည့် မန်စီးတီး၊ အာဆင်နယ်၊ မန်ယူ၊ ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းတို့က စိတ်ဝင်စားလျက်ရှိနေသည်။

## မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အမှားများစွာ ပြုလုပ်ခဲ့သဖြင့် ပြိုင်ပွဲမှ ဆီရီနာဝီလျံ စောစီးစွာထွက်ခဲ့ရ

အမေရိကန်တင်းနစ်မယ် ကမ္ဘာ့အဆင့်တစ်ရှိ ဆီရီနာဝီလျံသည် အမေရိကန်နိုင်ငံ မီယာမီတွင် ကျင်းပလျက်ရှိသည့် မီယာမီအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် အမှားများစွာပြုလုပ်ခဲ့သဖြင့်ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အဆိုပါပွဲတွင် ဆီရီနာဝီလျံသည် ရုရှားနိုင်ငံမှ ကမ္ဘာ့အဆင့် ၁၉ရှိသည့် တင်းနစ်မယ် ကုဇညက်ဆိုဖာအား နှစ်ပွဲ တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဆီရီနာသည် ပွဲစတင်ကတည်းပင် အမှားများကို ပြုလုပ်ခဲ့ပြီး ပွဲပြီးဆုံးချိန်၌ အမှားပေါင်း ၅၅ခု ပြုလုပ်ခဲ့ကြောင်း၊ ၎င်း၏ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။

“ဒီပွဲမှာ သူ(ဆီရီနာ)ဟာ ပွဲစကတည်းက မှားနေတာ။ စပေးဘောရိုက်ချက်တွေမှာရော ဆယ်မချက်တွေမှာရော အမှားတွေများတယ်။ ဒီပုံနဲ့ဆက်သွားမယ်ဆိုရင် ဒီပွဲမှာ နိုင်စေဦးတော့၊ နောက်ပွဲတွေကျရင် ပိုဆိုးလာမှာ။ ဘေးကကြည့်နေတဲ့ကျွန်တော် သူ့ကို အားမလိုအားမရဖြစ်မိတယ်”ဟု ၎င်း၏ဖခင်ဖြစ်သူ ရစ်ချတ်ကပြောကြားခဲ့သည်။

ဆီရီနာဝီလျံသည် ယင်းပွဲစဉ်တွင် ကုဇညက်ဆိုဖာကို ၆-၇(၃)၊ ၆-၁၊ ၆-၂ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲတွင် ရှုံးနိမ့်ခဲ့ရခြင်းမှာ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်နေမှုကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်ဟူသော ဖခင်ဖြစ်သူ ရစ်ချတ်၏ဝေဖန်မှုအား ဆီရီနာက ပြင်းပြင်းထန်ထန် ပြန်လည်ကန့်ကွက်ခဲ့သည်။

“ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကြောင့် အခုလို အမှားတွေ အများကြီးနဲ့ ရှုံးနိမ့်ခဲ့ရတာမဟုတ်ပါဘူး။ ကျွန်မ ဒီနေ့တစ်နေ့လုံး ဘယ်မှ မသွားပါဘူး။ ပွဲတိုင်း နိုင်မယ်လို့လည်း ပြောလို့မရပါဘူး။ ကျွန်မကို အမြဲတမ်းမျှော်လင့်နေကြတာလား။ ကျွန်မရဲ့ခန္ဓာကိုယ်က အမြဲတမ်း ကြံ့ခိုင်မှုရှိပါတယ်”ဟု ဘီဘီစီသို့ ပြောကြားခဲ့သည်။



# ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့နဲ့ မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေး

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို အစိုးရနဲ့အရပ်ဘက် အဖွဲ့အစည်းများ ပူးပေါင်းပြီး ပထမဆုံးအကြိမ်အဖြစ် မတ် ၂၆ ရက် စနေနေ့က ရန်ကုန်တိုင်းဒေသကြီး စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဋ္ဌမထပ်ရှိညီလာခံခန်းမမှာ ကျင်းပခဲ့ရာ မိမိလည်း စိတ်ဝင်စားတာမို့ အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။

၁၉၆၂ ခုနှစ် မတ် ၁၅ ရက်ကို ပထမဆုံးကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ် Consumer International က ဦးဆောင်၍ ကမ္ဘာပေါ်ရှိအဖွဲ့ဝင်များနဲ့ အဖွဲ့ဝင်စားသုံးသူ အဖွဲ့အစည်းများက စားသုံးသူများရဲ့ အခွင့်အလမ်းများကို အလေးဂရုပြုမြှင့်တင်တဲ့အနေနဲ့ ကျင်းပပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ယခုမတ် ၂၆ ရက်က ကျင်းပခဲ့တဲ့ အခမ်းအနားဟာလည်း မြန်မာနိုင်ငံရဲ့ ပထမဆုံးသော စားသုံးသူအခွင့်အရေးများနေ့ကို ကျင်းပခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကမ္ဘာ့နိုင်ငံများမှာ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများနဲ့ ဥပဒေပြဌာန်းမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ခိုင်မာတောင့်တင်းစေမှုတို့ကို အကူအညီပေးနိုင်ရေးတို့အတွက် အစိုးရများအနေနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုတိုးတက်မြှင့်တင်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၈၅ ခုနှစ် ဧပြီလဆန်းပိုင်းမှာ စားသုံးသူ အကာအကွယ်ပေးရေး အစားအသောက်နဲ့ ဆေးဝါးသီးသန့် အက်ဥပဒေကို အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်တွင် ပြဌာန်းခဲ့ပြီး နောင်နှစ် ၅၀ ကျော်၁၉၆၂ခုနှစ်မတ်လလယ်မှာကျင်းပခဲ့တဲ့ကွန်ဂရက်လွှတ်တော်မှာ ဂျွန်အက်ဖ်ကနေဒီက စားသုံးသူ အခွင့်အရေးများကို စတင်ဖော်ထုတ်အသိအမှတ်ပြုခဲ့ပြီး ၁၉၇၀ ပြည့်လွန် နှစ်များနောက်ပိုင်းနှစ်များမှာတော့ ကုလသမဂ္ဂသို့ တောင်းဆိုခဲ့ကြပါတယ်။

စားသုံးသူကာကွယ်ရေးနဲ့ ပတ်သက်ပြီးဆိုင်ရာအနှစ်ချုပ်နယ်ပယ်ရှစ်ခုကို လမ်းညွှန်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီနယ်ပယ် ရှစ်ခုကတော့ ဘေးကင်းလုံခြုံမှု အခွင့်အရေးသတင်းအချက်အလက်သိရှိခွင့် အခွင့်အရေး၊ ရွေးချယ်ခွင့် အခွင့် အရေး၊ ကျေနပ်နှစ်သက်ဖွယ်ရှိသော အခြေခံလိုအပ်ချက်အခွင့်အရေး၊ ပြန်လည်ပြင်ဆင်ခွင့်အခွင့်အရေး၊ စားသုံးသူများ ပညာပေးရေး၊ ကျန်းမာရေးနဲ့ ညီညွတ်သော ပတ်ဝန်းကျင် ရရှိရေးအခွင့် အရေး (Right of-Safety, Informed, Choose, Heard, Satisfaction of basic needs, Redress, Consumer Education, Healthy Environment) တို့ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံရဲ့ စားသုံးသူအကာအကွယ်ပေးရေးကို အပြည်ပြည်ဆိုင်ရာ အာဆီယံဒေသတွင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ စံသတ်မှတ်ချက်များကို အခြေခံပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်နည်းများ ပြဌာန်းခြင်း၊ အကောင်အထည်ဖော်ဆောင်မှုများကို ထြိဂံသဖွယ် သုံးပွင့်ဆိုင် အကောင်အထည်ဖော် လုပ်ဆောင်နေတာဖြစ်ပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေးအတွက် ချမှတ်ထားတဲ့ မျှော်မှန်းချက် (Vision) ကတော့ “ကျန်းမာရေးနဲ့ပြည့်စုံသော ပတ်ဝန်းကျင်မှာ ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်များနဲ့ စိတ်ကျေနပ်မှုရရှိစေသော ဝန်ဆောင်မှုများကို စားသောက်/သုံးစွဲနိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်၍ ဉာဏ်ပညာထက်မြက်ပြီး စွမ်းဆောင်ရည် မြင့်မားတဲ့ နိုင်ငံသားများရဲ့ နိုင်ငံတော်ဖြစ်စေရန်” လို့သိရပါတယ်။

ရည်မှန်းချက် (Mission) ကတော့ လိမ်လည် လှည့်ဖြားမှုကိုမခံရစေရေး၊ စားသုံးသူ အခွင့် အရေးကို သေချာစွာသိရှိနားလည်သော စားသုံးသူများဖြစ်စေရန်၊ ထိရောက်စွာ အကာအကွယ်ပေးနိုင်တဲ့ စနစ်တစ်ရပ် ဖော်ဆောင်ပြီး စားသုံးသူတို့ရဲ့ အခွင့်အရေးကို ကာကွယ်ပေးရန်၊ ကျင့်ဝတ်သိက္ခာကို တန်ဖိုးထားတတ်သော တာဝန်သိ စီးပွားရေးလုပ်ငန်းရှင်များဖြစ်လာစေရန်၊ အရည်အသွေးမြင့်မားသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးခြင်းဖြင့် စားသုံးသူတို့အတွက် လုံခြုံစိတ်ချရမှု အပြည့်အဝရရှိစေရန်၊ စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်း အစီအမံများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည် မြင့်မားလာတဲ့ နိုင်ငံသားဖြစ်လာစေရန်တို့ပဲဖြစ်ပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ မဟာဗျူဟာကတော့ ကျင့်ဝတ်သိက္ခာရှိပြီး စားသုံးသူအကျိုးအတွက် အလေးထားတဲ့ စီးပွားရေးလုပ်ငန်းရှင်များဖြစ်ပေါ်စေရေးအတွက် ထိန်းကျောင်းကြပ်မတ်သွားရန်လို့ သိရပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေးကို ကြိုတင်ကာကွယ်ခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်းနဲ့ အရေးယူဆောင်ရွက်ခြင်း ဆိုတဲ့ အဆင့် သုံးဆင့်ကို အပိုင်း ငါးပိုင်းခွဲလုပ်ဆောင်သွားမှာဖြစ်တယ်လို့ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အဆောက်အဦ ပဋ္ဌမထပ်ညီလာခံခန်းမမှာ မတ် ၂၆ ရက်က ကျင်းပခဲ့တဲ့ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားမှူးချုပ်ဦးဦးဟန်ရဲ့ရှင်းလင်းပြောကြားချက်များအရ သိရှိခဲ့ရပါတယ်။

အပိုင်းငါးပိုင်းကတော့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဈေးကွက်မရောက်မီ ကုန်စည်များကိုစိစစ်ခြင်း၊ ဈေးကွက်ရောက်ပြီး ကုန်စည်များနဲ့ ဝန်ဆောင်မှုများကိုစိစစ်ခြင်း၊ သုတေသနနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပေးခြင်းတို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စားသုံးသူအကာအကွယ်ပေးရေးဌာနခွဲကို ၂၀၁၃ ခုနှစ် မေ ၁ ရက်က စတင် ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်မှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြည်သူ့လွှတ်တော်မှ ပြဌာန်းပေးနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လမှာဗဟိုကော်မတီကို အစိုးရအဖွဲ့ အမိန့် ၃၈/၂၀၁၄ နဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၄ ရက်မှာ ပထမအကြိမ် ဗဟိုကော်မတီ အစည်းအဝေးကျင်းပ နိုင်ခဲ့ပါတယ်။ ဗဟိုကော်မတီရဲ့ အမိန့်အမှတ် ၁/၂၀၁၄ နှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်ကစပြီး တိုင်း/ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးနဲ့ ထုတ်ကုန်များလုံခြုံစိတ် ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။

ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ခဲ့ပြီး ဌာနအစီအစဉ်နဲ့ ၇၇၃ ကြိမ်၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအစီအစဉ်နဲ့ ၃၇ ကြိမ် အသီးသီး ဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ ခိုင်မာတိုးတက်စေရန်အတွက် USAID နဲ့ ပူးပေါင်းပြီး ကုန်သွယ်မှုမြှင့်တင်ရေးနဲ့စားသုံးသူရေးရာဦးစီးဌာနက အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနဲ့ နေပြည်တော်တို့မှာ ၂၀၁၅ ခုနှစ် မေ ၇ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်းလေးကြိမ် ကျင်းပနိုင်ခဲ့တယ်လို့ ဒုတိယညွှန်ကြားရေးမှူးချုပ်ရဲ့ ဆွေးနွေးရှင်းလင်းချက်များမှ သိရှိမှတ်သားခွင့် ရခဲ့တာလေးကို Commerce Journal စာရှုသူများအား မျှဝေပေးလိုက်ရပါတယ်။ **MIRT**

## လှိုင်ကော်မြို့တွင်စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကျင်းပ

ကယားပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ခရီးသွားလုပ်ငန်း စီမံချက် (NES) များကို လုပ်ဆောင်လျက်ရှိသည့် နည်းတူအခြေအနေပေးသည်နှင့်တစ်ပြိုင်နက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုများနှင့် စားသောက်ကုန်လူသုံးကုန်၊ အလှကုန် ဆေးဝါးများ စသည့် ဝန်ဆောင်မှုများကို ဘေးဥပဒ်အန္တရာယ်ကင်းစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးကို ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးခမ်လျန်စွမ်းဦးစီးသည့် ဝန်ထမ်းများသည် လှိုင်ကော်မြို့၊ မင်းစုရပ်ကွက်ရှိ သူနာပြုသင်တန်းကျောင်း၌ မတ် ၃၀ ရက်က ဆရာမများနှင့် သင်တန်းသူများအား ဆွေးနွေးဟောပြောခဲ့ပါ သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြည်နယ်ဦးစီးမှူးဦးခမ်လျန်စွမ်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူတို့၏ အခွင့်အရေး၊ စားသုံးသူတို့ ရပိုင်ခွင့်နှင့် စားသုံးသူတို့၏ အငြင်းပွားမှုဖြစ်လျှင် ဖြေရှင်းမည့် နည်းလမ်းများ၊ စားသုံးသူတို့၏ ရွေးချယ်မှုမှန်ကန်ရန်လိုအပ်ကြောင်းရှင်းလင်းပြောကြားခဲ့ပါသည်။ ယခုအခါ တိုးတက်လာသော ခေတ်နှင့်အညီ စားသောက်ကုန်ပစ္စည်းများမှာလည်း ဓာတုဆေးများသုံးထားကြောင်း၊ ဟင်းချိုမှုန့်များနှင့် အသားဟင်းခတ်မှုန့်များမှာလည်း တာရှည်ခံဆေး၊ မှိုသတ်ဆေးများပါဝင်သောကြောင့် လွန်ကဲစွာ စားသုံးမိလျှင် ဖြစ်ပွားတတ်သော နောက်ဆက်တွဲ ဆိုးကျိုးများ မဖြစ်ပွားစေရန်နှင့် သတိပြုရွေးချယ်စားသောက်ကြရန် သတိပေးတိုက်တွန်းပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းသူများအား လက်ကမ်းစာစောင်များဖြန့်ဝေ၍ သင်တန်းကျောင်းအုပ်ကြီးအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေစာအုပ်အား ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ သင်တန်းသူများက သိလိုသည်များကိုမေးမြန်းခဲ့ရာ ပြည်နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပါသည်။ ဟောပြောပွဲသို့ လှိုင်ကော်မြို့ သူနာပြုသင်တန်းကျောင်းမှ ဆရာမ ၁၅ ဦးနှင့် သင်တန်းသူ ၈၅ ဦးတက်ရောက်ခဲ့ပါသည်။ **ငြိမ်းဝေ - လှိုင်ကော်**

## အစားအသောက်များနဲ့ ဆေးဝါးများ ဂရုပြုသုံးစွဲရန်လို

ပြင်ဦးလွင်မြို့ ရပ်ကွက် ကြီး(၁၀)ရှိ သီရိပဒေသာဓမ္မာရုံမှာ မတ် ၂၅ ရက်ကပြုလုပ်ကျင်းပတဲ့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲမှာ ပြင်ဦးလွင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အထက်တန်းသူနာပြု ဒေါ်ခင်မျိုးအေးက ယခုအခါဆေးဝါး အတုများ၊ ရက်လွန်ဆေးဝါးများကို စစ်ဆေးတွေ့ရှိနေပါကြောင်း ၊ရောဂါဖြစ်လာပါက တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်ဆရာမများနဲ့ ကုသသင့်ကြောင်း၊လမ်းဘေးဆေးဆိုင်မှ စပ်ဆေးများ သုံးစွဲခြင်းမပြုလုပ်သင့်ကြောင်းနဲ့ ဆေးရုံများမှ ယခုအခါ အခမဲ့ကုသပေးနေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လက်လီဆိုင်များမှာ ရောင်းချလျက်ရှိတဲ့ ရက်လွန်မုန့်များအား လက်ကား ရောင်းဝယ်သူများက ပြန်လည်သိမ်းဆည်းနေတာကို တွေ့ရတဲ့အတွက် စုံစမ်းမေးမြန်းရာမှာ ကိတ်မုန့်၊ပေါင်မုန့်များအား မုန့်အခြောက်များအဖြစ်ပြန်လည်ပြုပြင်လိုက်ကြောင်း သိရှိရတဲ့အတွက် ဂရုပြုစားသုံးကြရန် လိုအပ်ကြောင်း ၊နွေရာသီရောက်လာပြီဖြစ်၍ ပြင်ဦးလွင်မြို့အနေနဲ့ အပူဒဏ်မခံရသော်လည်း မီးလန့်မှု ၁၅ ကြိမ်ခန့်ရှိနေပြီဖြစ်၍ မီးဂရုပြုကြရန်လည်း သတိပေးပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်ထူးကလည်း အစားအသောက်များ ရွေးချယ် စားသုံးရာမှာ (ဘ)ငါးလုံးနဲ့ ချိန်ထိုး၍ မျက်စေ့ဖြင့်သေသေချာချာကြည့်ရှုဝယ်ယူစားသုံးကြရန် ဆွေးနွေးပြောကြား ခဲ့ပါတယ်။(ဘ)ငါးလုံးဆိုတာကတော့ ဘယ်နေရာမှာ ဘယ်သူတွေက၊ ဘာတွေနဲ့၊ ဘယ်နေ့အထိ၊ ဘယ်လိုစား မယ်တို့ ဖြစ်ကြောင်း၊ ဘယ်နေရာဆိုတာကတော့ ထုတ်လုပ်တဲ့နေရာ၊ဘယ်သူတွေဆိုတာက ထုတ်လုပ်သူ (ထုတ်လုပ်သူ၊ Country of Origin ) ဘာတွေနဲ့ဆိုတာကထုတ်လုပ်မှုမှာ ပါဝင်တဲ့ပစ္စည်းတွေ၊ ဘယ်နေ့အထိဆိုတာက (သက်တမ်းကုန်ဆုံးရက်)နဲ့ ဘယ်လိုစားမယ်ဆိုတာက အညွှန်းတွေပဲ ဖြစ်ပါတယ်။

မြို့နယ်ဆရာဝန်ကြီးက ဆိုးဆေးအန္တရာယ်ကြီးမားပုံကို ကျန်းမာရေးရှုထောင့်မှ အကျယ်တဝင့်ဆွေးနွေးပြီး အချိုမှုန့်များအား စားသုံးခြင်းမပြုကြရန်နဲ့လတ်တလောမဖြတ်နိုင်သေးပါက ချိန်ဆ၍သုံးစွဲရန်၊ အလွန်အကျွံ စားသုံးခြင်းမပြုရန် မှာကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**(မောင်ထူး၊ကျောက်ဆည်)**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ပုဇွန်တောင်ဈေးရုံးခန်းတွင်စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော တာဝန်ရှိဝန်ထမ်းများသည် တိုင်းဒေသကြီး အတွင်း မြို့နယ်များရှိ အခြေခံကျောင်းများ၊ ဈေးများ၊ စက်မှုဇုန်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ တိုင်းကျန်းမာရေးဦးစီးဌာန၊ တောင်ပိုင်းခရိုင်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၊ ဌာနမှူး၊ ပုဇွန်တောင်ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများပူးပေါင်း၍ မတ် ၃၀ ရက် နံနက်က ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေးရုံးခန်းတွင် ဈေးသူ/ဈေးသားများအား တွေ့ဆုံ၍ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးခြင်း၊ အသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲ တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဈေးများဌာန၊ ဌာနစုမှူး ဒေါ်အေးအေးပြုံးက ဈေးသူ/ဈေးသားများအနေဖြင့် ဟောပြောဆွေးနွေးချက်များအား သေချာစွာလိုက်နာမှတ်သားရန် လိုပါကြောင်း ပြောကြားပါသည်။ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ စား သုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိ ဒေါက်တာအိဇင်ဖြိုးက ဌာနမှဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ စားသုံးသူပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင် သတင်းစာတွင် စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူများသိရှိရန် အသိပေး ကြေညာထားပါသဖြင့် နိုင်ငံပိုင်သတင်း စာများအား ဖတ်ရှုရန်လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသွားပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန(ကိုယ်စား) ပုဇွန်တောင်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူမြင့်က ယခုအခါတွင် အစားအစာများ ပြင်ဆင်ထုပ်ပိုးရောင်းချရာ၌ အမြင်လှစေရန်အတွက် တာရှည်ခံဆေး၊ ဆိုးဆေး စသည့်ဓါတုပစ္စည်းများကို ထည့်သွင်းအသုံးပြုသည့်အတွက် အမြင်အားဖြင့် ပသာဒဖြစ်စေသည်မှလွဲ၍ မည်သည့်အာဟာရမျှပါဝင်ခြင်းမရှိပါကြောင်း၊ စားသုံးသူ၏ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ဆိုးကျိုးများသာရှိပါကြောင်း၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် ရာသီမရွေး ဖြစ်ပွားတတ်ပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် ဖြစ်ပွားတတ်ကြောင်း၊ ပြင်းထန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနတွင် အချိန်မီကုသမှုခံယူရန်နှင့် အချိန်မီ အဆင့်ဆင့်သတင်းပို့ရန်လိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ထိထိရောက်ရောက်ကုသရန်လိုအပ်ပါကြောင်း ဆွေးနွေးပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များသည် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ခြင်းခံရမည်ဖြစ်ပါကြောင်း၊ စားသုံးသူပြည်သူများသည် မိမိတို့၏ အစားအသောက်၊ အသုံးအဆောင်များ၊ ကုန်စည်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုရှိပါက နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိုင်ကြားရန် လက်ကမ်းစာစောင်တွင်ပါရှိသည့် ဖုန်းနံပါတ် လိပ်စာပါအတိုင်း တိုင်ကြားနိုင်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ ဦးတည်ချက်မှာ (Antibiotics off the Menu) "ပဋိဇီဝဆေးအန္တရာယ်ဘေး အစားအစာမှဖယ်ရှားပေး"ဖြစ်ကြောင်း၊ ဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ပိုမိုထိရောက်သောနည်းလမ်းများဖြင့်ဆောင်ရွက်ရန် အစီအမံများ ချမှတ်ထားပါကြောင်း ဆွေးနွေးသွားပါသည်။

**မိထားလှိုင် (စားသုံးသူ)ရန်ကုန်**

## ရွှေဘိုခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးပညာပေး ဟောပြောပွဲများ ဆက်လက်ဆောင်ရွက်

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ရွှေဘိုခရိုင်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးရဲ့ လမ်းညွှန်ချက်နဲ့အညီ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိပါတယ်။

ရွှေဘိုခရိုင်အတွင်းရှိ ရပ်ကွက်နဲ့ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများမှာရှိတဲ့ စားသုံးသူမိဘပြည်သူတွေကို ပညာပေး ဟောပြောခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မတ်လအတွင်းမှာတော့ ရွှေဘိုမြို့နယ်မှာ ရှစ်နေရာ၊ ဒီပဲယင်းမြို့နယ်မှာ ရှစ်နေရာ၊ ခင်ဦးမြို့နယ်မှာ ၁၀ နေရာနဲ့ ဝက်လက်မြို့နယ်မှာ လေးနေရာ၊စုစုပေါင်း ၃၀ နေရာမှာရှိတဲ့ စားသုံးသူ မိဘပြည်သူ ၁၅၁၈ ဦးကို ပညာပေးဟောပြောနိုင်ခဲ့ပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေး ပညာပေး ဟောပြောရာမှာ အန္တရာယ်ရှိ လူသုံးကုန်ပစ္စည်းတွေ၊ မူမမှန် စားဆီတွေ၊ အန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းတွေနဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းတွေကို စားသုံးသူပြည်သူများသိရှိအောင် ပညာပေးခဲ့ပါတယ်။

မူမမှန် စားဆီအနေနဲ့ ဈေးကွက်အတွင်းရောင်းချနေတဲ့ ဆီတွေမှာ ပဲဆီသန့်၊မြေပဲဆီသန့်၊ရာနှုန်းပြည့် ပဲဆီသန့်၊ အဆင့်မြင့်ပဲဆီသန့်ရယ်လို့ အမျိုးမျိုးကြော်ငြာထားပေမယ့် အချို့ဆီတွေမှာ စားအုန်းဆီအရောတွေဖြစ်ပြီး အချို့ဆီတွေမှာ စားအုန်းဆီကို အရောင်ချွတ်၊မြေပဲဆီအနံ့ထည့်ပြီး ရောင်းချနေကြောင်း လက်ရှိအချိန်ထိ ပဲဆီသန့်ဟု ကြော်ငြာပြီး ပဲဆီသန့်မဟုတ်ဘဲ စားအုန်းဆီအရောတွေပါဝင်နေတဲ့ မူမမှန်သည့်ဆီ ၂၈ မျိုးရှိကြောင်း တောင်သူများအနေနဲ့ မိမိလယ်မြေမှ စိုက်ပျိုးထွက်ရှိတဲ့ ဆီထွက်သီးနှံများကို ဈေးကောင်းရ၍ရောင်းချပြီး ဈေးကွက်အတွင်းမှ ဆီများကို ဝယ်ယူအသုံးပြုခြင်းထက် မိမိဆီကိုသာ အသုံးပြုသင့်ကြောင်းနှင့် ဆီထွက်သီးနှံ မစိုက်သည့်ပြည်သူများအနေနဲ့လည်း ရွေးချယ်ဝယ်ယူအသုံးပြုတတ်အောင် ပညာပေးခဲ့ပါတယ်။

စားသောက်ကုန်ပစ္စည်းတွေမှာ တာရှည်ခံအောင် ဖော်မလင်တွေအသုံးပြုတာ စားသုံးသူတွေကို ဝယ်ယူသုံးစွဲချင်စိတ်ရှိအောင် အရောင်ဆိုးဆေးတွေ အသုံးပြုပြီးတော့ ရောင်းချတာတွေများစွာရှိကြောင်း အရောင်ဆိုးဆေးအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ အစားအသောက်တွေမှာ သုံးစွဲခွင့်မပြုတဲ့ ဆိုးဆေးလေးမျိုး အသုံးပြုတာတွေ့ရကြောင်းနဲ့ ၎င်းဆိုးဆေးလေးမျိုးကို စားသုံးမိပါက နောက်ဆက်တွဲဖြစ်ပွားတတ်တဲ့ အန္တရာယ်တွေများစွာရှိတဲ့အတွက် ရွေးချယ်ဝယ်ယူစားသုံးတတ်စေရန် ပညာပေးဟောပြောခဲ့ပါတယ်။

**နှင်းနှင်းခိုင်-ရွှေဘို**

# မြစ်ကြီးနားမြို့တွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီး၍ တာဝန်ယူဆောင်ရွက်သော "ကျေးလက်ဒေသ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကိုမြစ်ကြီးနားမြို့ ပြည်နယ်သမဝါယမ ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ဒေါက်တာ ခင်မောင်ထွန်းက အလုပ်ရုံဆွေးနွေးပွဲများမှ နည်းပညာ ဗဟုသုတများ ရရှိနိုင်သည့် အပြင် ဆောင်ရွက်လုပ်ကိုင်မည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အကြံဉာဏ်များနှင့် ပေါင်းစပ်၍ လုပ်ငန်းများချဲ့ထွင်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းတူအစုအဖွဲ့များ၊ အသင်းအဖွဲ့ များ ဖွဲ့စည်းဆောင်ရွက်သွားကြရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့ပြင် အသေးစား အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသည့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဈေးကွက်ဝင်ဆန့်ထိုးဖောက်ရန် နည်းလမ်းများရှာဖွေခြင်း ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်ခြင်းများ ဆောင် ရွက်ရန်လိုအပ်ကြောင်းပြောကြားခဲ့ပါသည်။

တက်ရောက်လာသော ဌာနဆိုင်ရာပြည်နယ်ဦးစီးမှူးများက မိမိတို့ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်း တာဝန်များ၊ ဆောင်ရွက်သည့် လုပ်ငန်းများ၊ ဝန်ဆောင်မှုပေးနိုင်သည့် သင်တန်းများ၊ SMEs ဥပဒေများအကြောင်း၊ ကုန်သွယ်မှုအခြေအနေများ၊ အခွင့်အလမ်းများ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ တရားမဝင်ကုန်သွယ်မှုကြောင့် ဈေးကွက်ထိခိုက်နစ်နာနိုင်သည့် အခြေအနေများ ဈေးကွက် ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်အလက်များအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ထို့ပြင်ကချင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း၊ အတွင်းရေးမှူးဦးထွန်းညွန့်၊ လက်ရက်ကန်းအစုအဖွဲ့မှ ဒေါ်မြင့်ခင်၊ မနောဧရာ ကုန်ထုတ်သမဝါယမအသင်း ဥက္ကဋ္ဌဦးဖိုးချို၊ NGO အဖွဲ့မှ ဒေါ်တုန့်ဖန်၊ တိုင်းရင်းဆေးလုပ်ငန်းမှ ဒေါ်မို့မို့ဝင်း၊ စာရင်းကိုင်သင်တန်းကျောင်းမှ ဦးအောင်မင်းစိုး၊ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်မဉ္ဇူဝင်းတို့က လက်တွေ့လုပ်ငန်းနယ်ပယ်တွင် တွေ့ကြုံကြရသည့် အခက်အခဲများ၊ လိုအပ်ချက်များ၊ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သင့်သည် များကို အကြံပြုဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ ကချင်ပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ NGO အဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပါသည်။

**မောင်မောင်ခိုင်-မြစ်ကြီးနား**

# TPP သို့ ဝင်ရောက်ရေးကိစ္စအတွက် အင်ဒိုနီးရှားအောက်လွှတ်တော် ဆွေးနွေးပွဲများကို ၂၀၁၇ ခုနှစ်မှာ စတင်မည်

အမေရိကန်ဦးဆောင်တဲ့ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်မှု (Trans-Pacific Partnership-TPP) သဘောတူစာချုပ်အဖွဲ့နဲ့ အင်ဒိုနီးရှား အောက်လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးပွဲကို လာမယ့်နှစ်မှာစတင်ဖို့ အင်ဒိုနီးရှားအစိုးရက ရည်ရွယ်ထားကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားအောက်လွှတ်တော် (House of Representatives) နဲ့ ထပ်မံဆွေးနွေးခြင်းမပြုမီ TPP အဖွဲ့သို့ အင်ဒိုနီးရှားနိုင်ငံ ဝင်ရောက်ရေးကိစ္စကို အများပြည်သူရဲ့သဘောထားခံယူဖို့ အစိုးရက ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီး သောမတ်လမ်ဘောင်းက မတ် ၂၈ ရက်က ပြောပါတယ်။ TPP သဘောတူစာချုပ်တွင်အကျုံးဝင်တဲ့ ဒေသတစ်ခုလုံးရဲ့ စီးပွားရေးက ကမ္ဘာ့စီးပွားရေးရဲ့ ၄၀ ရာခိုင်နှုန်းရှိပါတယ်။

"ခန့်မှန်းခြေအရ ပြောရမယ်ဆိုရင်ယခုနှစ်ပထမနှစ်ဝက်မှာ အောက်လွှတ်တော်နဲ့ နိုင်ငံရေးအရညှိနှိုင်းမှုတွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"လို့ မဟာဗျူဟာနဲ့ အပြည်ပြည်ဆိုင်ရာလေ့လာရေးစင်တာ (Centre For Strategic and International Sutdies-CSIS) က ကျင်းပတဲ့နှီးနှောဖလှယ်ပွဲမှာ အမှာစကားပြောကြားပြီးနောက် သူကပြောပါတယ်။

အမေရိကန်ဦးဆောင်တဲ့သဘောတူစာချုပ်မှာပါဝင်ဖို့ သမ္မတ ဂျိုကိုဝီဒိုဒိုက ပြတ်ပြတ်သားသား ရပ်တည်ထားပေမယ့် အစိုးရကတော့ အများပြည်သူရဲ့သဘောထားကို စူးစမ်းနေဆဲဖြစ်ကြောင်း သောမတ်ကသတင်းထောက်တွေကိုပြောပါတယ်။ လွန်ခဲ့တဲ့နှစ်အောက်တိုဘာလအတွင်း အမေရိကန်ပြည်ထောင်စုသို့ သမ္မတဂျိုကိုဝီ ပထမအကြိမ်အဖြစ် သွားရောက်လည်ပတ်စဉ်က အမေရိကန်ကုမ္ပဏီများနဲ့ တွေ့ဆုံပြောကြားရာမှာ TPP စာချုပ်အဖွဲ့ဝင်အဖြစ်ပါဝင်ဖို့ အင်ဒိုနီးရှားနိုင်ငံကရည်ရွယ်ကြောင်းပြောကြားခဲ့ပါတယ်။ သမ္မတရဲ့ပြောကြားချက်နဲ့ပတ်သက်ပြီး အင်ဒိုနီးရှားနိုင်ငံအတွင်းမှာ တုံ့ပြန်မှုအမျိုးမျိုးရှိခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံအနေနဲ့ TPP စာချုပ် အဖွဲ့ဝင်အဖြစ်ပါဝင်မယ်ဆိုရင် ဥပဒေ ၁၂ ခုကိုပြင်ဆင်ပေးရမှာဖြစ်ပြီး ကုန်သွယ်ရေး သဘောတူစာချုပ်က အင်ဒိုနီးရှား ကုန်သွယ်ရေးအပေါ် လွှမ်းမိုးလာမှာကို လွှတ်တော်ကိုယ်စားလှယ်တွေက စိုးရိမ်နေကြပါတယ်။

# အာဆီယံအဖွဲ့ဝင်အဖြစ် ပါဝင်ရန် တီမောလက်စလေနိုင်ငံကို အိန္ဒိယနိုင်ငံတိုက်တွန်း

အာဆီယံ အဖွဲ့အတွင်းသို့ တီမောလက်စလေနိုင်ငံဝင်ရောက် လာလိမ့်မယ်လို့ အိန္ဒိယနိုင်ငံက မျှော်လင့်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆုရှာမားဆွာရပ်ရဲ့ မတ် ၂၈ ရက်ကပြောကြားချက်ကို ကိုးကားပြီး ဘိဇနက်စတန်းဒတ်သတင်းမှာ ဖော်ပြပါတယ်။

တီမောလက်စလေနိုင်ငံရဲ့ နိုင်ငံခြားရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဟာမာနီကိုးလ်ဟိုဒီဆီလ်ဗာနဲ့ တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ယခုလို ပြောကြားတာဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကပြောပါတယ်။ တီမောလက်စလေနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ ဟာ ၂၀၀၃ ခုနှစ်ကစပြီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ပြီး နောက်ပိုင်း တီမောလက်စလေ နိုင်ငံခြားရေးဝန်ကြီး တစ်ဦးအနေဖြင့် အိန္ဒိယနိုင်ငံကို ပထမဆုံးလာရောက်လည်ပတ်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် တီမောလက်စလေနိုင်ငံ လွတ်လပ်ရေးနေ့ကျင်းပစဉ်က အိန္ဒိယနိုင်ငံကိုယ်စားလှယ် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဖြစ်သူ အိုမာအဗ္ဗဒူလာက အဆိုပါအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။

တီမောလက်စလေ နိုင်ငံ အာဆီယံအဖွဲ့အတွင်းသို့ ဝင်ရောက်လာမယ်ဆိုပါက အာဆီယံအဖွဲ့ရဲ့ အစီအစဉ်အရ တီမောနိုင်ငံကို အိန္ဒိယနိုင်ငံက ပိုမိုကူညီထောက်ပံ့ပေးနိုင်မှာဖြစ်ကြောင်း ဆွာရပ်က ပြောကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ တီမောလက်စလေနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုက အမေရိကန်ဒေါ်လာ သုံးသန်းသာရှိတဲ့အတွက် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် နယ်ပယ်သစ်များ ထပ်မံရှာဖွေလိုကြောင်း သူမကပြောပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍမြင့်တက်မှုနဲ့ ဆေးဝါးဈေးနှုန်းသက်သာမှုကတီမောလက်စလေနိုင်ငံတွက် အကျိုးရှိစေနိုင်မှာဖြစ်ကြောင်းလည်း သူမက ပြောပါတယ်။

နှစ်နိုင်ငံအနေနဲ့ ကျန်းမာရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုအတွက် နားလည် မှုစာချွန် (Memorandum of Underst anding-MOU) ကို လက်မှတ်ရေးထိုးထားပြီး ဆက်လက်ဆွေးနွေးလျက်ရှိပါတယ်။

တီမောလက်စလေနိုင်ငံ စွမ်းဆောင်ရည် တည်ဆောက်ရေး အတွက် အိန္ဒိယနိုင်ငံက အိန္ဒိယ နည်းပညာနဲ့ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသင်တန်းကျောင်းများနဲ့ အိန္ဒိယယဉ်ကျေးမှုဆက်ဆံရေးကောင်စီရဲ့ လုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ဆွာရပ်က ပြောပါတယ်။



# ဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဗီယက်နမ်နဲ့ အာဆီယံအဖွဲ့ဝင်တို့ ပူးပေါင်းဆောင်ရွက်မည်

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ဒေသတွင်းရှိ အခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်စေရန်အတွက် ဗီယက်နမ်နိုင်ငံမှာ အခြေအနေကောင်းတွေရှိကြောင်း အမျိုးသားစီးပွားရေးတက္ကသိုလ်မှ ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ ဖန်ထရောင်းဟောင်ရဲ့ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

"ဗီယက်နမ်နိုင်ငံကလှပတဲ့ သဘာဝတရားကို ပိုင်ဆိုင်ထားပြီး ခရီးသွားလုပ်ငန်းဆွဲဆောင်မှုဒေသတွေလည်း အများကြီးရှိပါတယ်။ ဒီအခြေအနေတွေက ကျွန်တော်တို့ရဲ့ ခရီးသွားလုပ်ငန်းကိုမှန်မှန်နဲ့ မြန်မြန်တိုးတက်စေဖို့အတွက် အားသာချက်တွေဖြစ်ပါတယ်"လို့ဟောင်ကပြောပါတယ်။

အာဆီယံဒေသရဲ့ ၂၀၁၆-၂၅ ခုနှစ်အတွက် ခရီးသွားလုပ်ငန်းမဟာဗျူဟာစီမံကိန်းနဲ့ ဒေသတွင်းခရီးသွားလုပ်ငန်းအတွင်းသို့ ဗီယက်နမ်နိုင်ငံ ပေါင်းစည်းပါဝင်ရေးအတွက် ကျင်းပတဲ့ကွန်ဖရင့်မှာ ဗီယက်နမ်နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းရဲ့ အလားအလာများနဲ့ ရင်ဆိုင်တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကို သူကလေ့လာသုံးသပ်တင်ပြခဲ့ပါတယ်။

အာဆီယံဒေသမှာ ခရီးသွားလုပ်ငန်းမဟာဗျူဟာချမှတ်ရေး၊ ဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာမှာ ဗီယက်နမ်နိုင်ငံရဲ့ အခန်းကဏ္ဍမြှင့်တင်ရေးနဲ့ အာဆီယံခရီး သွားလုပ်ငန်းဈေးကွက်အတွင်းသို့ ဗီယက်နမ်ခရီးသွား လုပ်ငန်းက ပူးပေါင်းဆောင်ရွက်စေနိုင်မယ့်နည်းလမ်းများ ရှာဖွေရေးတို့အတွက် ရည်ရွယ်ပြီး ဗီယက်နမ်ခရီးသွားလုပ်ငန်းအုပ်ချုပ်ရေးဌာန (Vietnam Administration of Toursim -VNAT) က ကွန်ဖရင့်ကို ဦးစီးကျင်းပပေးတာဖြစ်ပါတယ်။ မတ် ၃၀ ရက်ကကျင်းပတဲ့ အဲဒီကွန်ဖရင့်ကို ခရီးသွားလုပ်ငန်းကျွမ်းကျင်သူတွေနဲ့ အေးဂျင့်တွေတက် ရောက်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့ရဲ့ စာရင်းများအရ ၂၀၁၄ ခုနှစ်အတွင်း အရှေ့တောင်အာရှသို့လာရောက်တဲ့ခရီးသွားအရေအတွက်က ၉၆ ဒသမ ၇ သန်းရှိခဲ့ပါတယ်။

# အာဆီယံအော်ဂဲနစ်အလှကုန်ပစ္စည်းဈေးကွက် ၂၀၁၄ ခုမှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်ထပ်တိုးဖြင့် တိုးတက်မည်

၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်မည့်အာဆီယံအလှကုန်ပစ္စည်း ဈေးကွက်အခြေအနေကို ဖော်ပြထားတဲ့ အစီရင်ခံစာ "ASEAN Organic Cosmetics Market Analysis and Opportunities Assessment, 2014-2020" ကို Future Market Insights (FMI) အေဂျင်စီကထုတ်ပြန်ခဲ့ကြောင်း empowerednews အွန်လိုင်းသတင်း မှာဖော်ပြပါတယ်။

ကမ္ဘာ့အော်ဂဲနစ်အလှပြင်ပစ္စည်းဈေးကွက်မှာ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၁ ဘီလီယံအထိရောက်ရှိမည်ဖြစ်ရာ ခန့်မှန်းတဲ့ကာလအတွင်း နှစ်ထပ်တိုး တိုးတက်မှုနှုန်း (Compound Annual Gorwth Rate) ၁၀ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်း အစီရင်ခံစာမှာ ခန့်မှန်းထားပါတယ်။ ဒေသဆိုင်ရာအစိုးရများက ကျန်းမာရေးအသိပညာ တိုးတက်မှုအပေါ် အလေးပေးဆောင်ရွက်မှုကြောင့်တစ်ကိုယ်ရည်သန့်ရှင်းမှုအတွက် စားသုံးသူတွေပိုမိုအသုံးပြုလာကြပါတယ်။ ဒါကြောင့် သဘာဝအရအထောက်အကူပြုမယ့်ပစ္စည်းတွေနဲ့ ထုတ်ကုန်အမှတ်တံဆိပ်အပေါ် အလေးပေးမှုတွေကို လူကြိုက်များလာပြီး ကမ္ဘာ့အော်ဂဲနစ်အလှကုန်ပစ္စည်းဈေးကွက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

အာဆီယံအော်ဂဲနစ်အလှကုန်ပစ္စည်းဈေးကွက်တိုးတက်ရေးအတွက် အလုပ်သမားနဲ့ မတည်ရင်းနှီးငွေများ နယ်စပ်ဖြတ်ကျော်ဖြန့်ဖြူးမှုထွန်းကားလာခြင်း၊ အော်ဂဲနစ်ပစ္စည်းရှာဖွေထုတ်လုပ်မှုတိုးတက်မြင့်မားလာခြင်းနဲ့ အထူးပြုထုတ်ကုန်များရဲ့ ဝယ်လိုအားမြင့်မားလာခြင်းစတဲ့အချက်များက အထောက်အကူပေးလျက်ရှိပါတယ်။ အစီရင်ခံစာမှာ အဓိကအားဖြင့် အသုံးပြုမှု၊ ဖြန့်ဖြူးမှုလမ်းကြောင်းနဲ့ အာဆီယံဒေသတွင်းနိုင်ငံများအခြေအနေစတဲ့ အချက်တွေကိုထည့်သွင်းထားပါတယ်။ အသုံးပြုမှုအပိုင်းမှာ အရေပြား ထိန်းသိမ်းမှု၊ မိတ်ကပ်၊ အမွှေးအကြိုင်၊ ရေအိမ်သုံးနှင့် အခြား ပစ္စည်းများဆိုပြီး ဖော်ပြထားပါတယ်။

ဖြန့်ဖြူးမှုလမ်းကြောင်းမှာ စတိုးဆိုင်များ၊ ဖရန်ချိုက်လက်ခွဲဆိုင်များ၊ အလှပြင်ဆိုင်များ၊ တိုက်ရိုက်ရောင်းချမှု၊ ဆေးဆိုင်များ၊ အွန်လိုင်းရောင်းချမှုဆိုပြီးခွဲခြား သုံးသပ်ထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## သင်္ကြန်ကာလသုံးစွဲမှု အတွက် အခွန်လျှော့ချဖို့ ထိုင်းဝန်ကြီးအဖွဲ့ အတည်ပြု

ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ကျရောက်မယ့် ထိုင်းသင်္ကြန်ပွဲတော်ကာလအတွင်း စားသုံးသူသုံးစွဲမှုမြင့်တက်စေပြီး စီးပွားရေးကို လှုံ့ဆော်အားပေးစေမယ့် အစီအမံတွေကို ထိုင်းဝန်ကြီးအဖွဲ့က အတည်ပြုပေးခဲ့ပါတယ်။ သင်္ကြန်ကာလအတွင်းမှာ ပြည်သူများရဲ့ သုံးစွဲမှုနဲ့ ခရီးသွားလာမှုအတွက် အခွန်ကောက်ခံရာမှာ လူတစ်ဦးကို အမြင့်ဆုံးအခွန် လျှော့ချမှုကဘတ် ၁၅၀၀ အထိခံစားခွင့်ရှိမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဟိုတယ်များ တည်းခိုနေထိုင်မှုအတွက် အခွန်လျှော့ချမှုက ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါ အခွန်လျှော့ချမှုကို ယခုနှစ်ကုန်တဲ့အထိသက်တမ်းထပ်မံတိုးမြှင့်ပေးဖို့ ဝန်ကြီးအဖွဲ့က သဘောတူဆုံးဖြတ်ခဲ့ပါတယ်။ အခွန်လျှော့ချမှုပမာဏကိုလည်း လူတစ်ဦးကိုအမြင့်ဆုံး ဘတ် ၁၅၀၀ အထိ သတ်မှတ်ပေးခဲ့ပါတယ်။

"သင်္ကြန်ပွဲတော်ကာလအတွင်း ဟိုတယ်တွေမှာ တည်းခိုနေထိုင်သူတွေအနေနဲ့ အခွန်လျှော့ချမှုအမျိုးအစားနှစ်မျိုးကိုခံစားခွင့်ရှိပါတယ်။ ပွဲတော်ကာလအတွက် သတ်မှတ်ပေးတဲ့ အခွန်လျှော့ချမှုနဲ့ ခရီးသွားလုပ်ငန်းက သတ်မှတ်ပေးတဲ့ အခွန်လျှော့ချမှုတို့ ဖြစ်ပါတယ်။ ဒါကြောင့် အမြင့်ဆုံး အခွန်သက်သာခွင့် နှစ်ခုပေါင်းက ဘတ် ၃၀၀၀၀ အထိရှိမှာ ဖြစ်ပါတယ်။ ဒီလိုသက်သာခွင့်ပေးတဲ့အတွက်အစိုးရဝင်ငွေကိုထိခိုက်မှာ မဟုတ်ပါဘူး"လို့ ဘဏ္ဍာရေးဝန်ကြီး အပီဆက်တန်တီဗိုရာဝန်က ပြောပါတယ်။

သင်္ကြန်ပွဲတော်ကာလ မတ် ၉ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ခရီးသွားအဖြစ်လာရောက်သူ အရေအတွက် ၂၀ ရာခိုင်နှုန်းမြင့်တက်ပြီး ၂ ဒသမ ၆ သန်းအထိရှိမယ်လို့ ခရီးသွားလုပ်ငန်းနဲ့ အာကစားဝန်ကြီးဌာနက ခန့်မှန်းပြီးလှည့်လည်သုံးစွဲငွေက ဘတ် ၁၅ ဘီလီယံအထိရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ခန့်မှန်းထားတဲ့ ခရီးသွားဦးရေစုစုပေါင်းအနက် ၂ ဒသမ ၁ သန်းက ထိုင်းခရီးသွားတွေဖြစ်ပြီး ကျန်ခရီးသွားတွေက နိုင်ငံခြားသားတွေဖြစ်မယ်လို့ ခန့်မှန်းထားပါတယ်။

သင်္ကြန်ပွဲတော် ကာလအတွင်း အစားအစာနဲ့ ဟိုတယ်တွေအတွက် ကောက်ခံတဲ့အခွန်ကို လျှော့ချပေးခဲ့ပေမယ့်စီးပွားရေးစနစ်ကို အများကြီးထိခိုက်မှုရှိနိုင်မှာမဟုတ်ဘူးလို့ ဖွံ့ဖြိုးရေးသုတေသနအဖွဲ့မှ သုတေသနဒါရိုက်တာ ဆွမ်ချိုင်းဂျစ်ဆုချွန်က ပြောပါတယ်။ ဒါပေမယ့် ယခုလိုဆောင်ရွက်မှုကြောင့် ခရီး သွားလုပ်ငန်းနဲ့ ပြည်သူ့သုံးစွဲမှုကို စိတ်ဓာတ်ရေးရာအရ မြှင့်တင်ပေးနိုင်ပါတယ်။

## ဖိလစ်ပိုင်ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရ

စီးပွားရေး ကန့်သတ်ချုပ်ချယ်မှု အခြေခံအဆောက်အအုံ ညံ့ဖျင်းမှုနဲ့ ဗျူရိုကရေစီစနစ်စတဲ့ အချက်တွေက ဖိလစ်ပိုင်နိုင်ငံရဲ့ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုကို တိုးတက်သင့်သလောက် အပြည့်အဝ တိုးတက်မလာအောင် အဟန့်အတား ပြုလျက်ရှိကြောင်း Nordic Business Council Philippines (NBCP) ရဲ့ အစီရင်ခံစာကို ကိုးကားပြီး ဖိလစ်ပင်းစတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၆ ခုနှစ်အတွက်ပြုစုထားတဲ့ NBCP ရဲ့ အစီရင်ခံစာမှာ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ဦးတည်ရာဒေသဖြစ်လာအောင်ဆောင်ရွက်ရာမှာ နိုင်ငံရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ထိခိုက်စေမယ့် အဓိက စိန်ခေါ်မှုတွေကို ဖော်ပြထားပါတယ်။ ထိပ်ဆုံးကပါဝင်နေတဲ့ စိန်ခေါ်မှုမှာ စီးပွားရေးလုပ်ငန်းအများစုမှာနိုင်ငံခြားသား ပါဝင်မှုကို ကန့်သတ်ထားတဲ့ ၁၉၈၇ ခုနှစ် အခြေခံဥပဒေပါ စီးပွားရေးကန့်သတ်ချက်တွေဖြစ်ပါတယ်။

"ဥပမာအားဖြင့် အခန်း (၂) ပုဒ်မ (၁၉) ပါ ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ ဒီပုဒ်မအရ ဖိလစ်ပိုင်လူမျိုးတွေက စီးပွားရေးကိုထိထိ ရောက်ရောက် ထိန်းချုပ်ကာ မိမိကိုယ်ကိုအားကိုးပြီး လွတ်လပ်တဲ့ အမျိုးသားစီးပွားရေးကို ထူထောင်ဖို့ ခွင့်ပြုထားပါတယ်။ ဒီပုဒ်မအရ နိုင်ငံ ခြားရင်းနှီးမြှုပ်နှံသူတွေကို ကန့်သတ် ချုပ်ချယ်တဲ့ စည်းမျဉ်း ဥပဒေတွေ၊ ဥပဒေတွေနဲ့တည်မြဲ အမိန့်တွေကို ထုတ်ပြန်ခဲ့ရပါတယ်။ ဥပမာအားဖြင့် သတ္တုတူးဖော်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ၄၀ ရာခိုင်နှုန်းသာ ခွင့်ပြုထားပါတယ်။ မီဒီယာလုပ်ငန်းမှာဆိုရင် နိုင်ငံခြားအီကွိတီရှယ်ယာပါဝင်ခွင့် ပေးမထားပါဘူး"လို့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။

ဒီလိုဆောင်ရွက်ထားတဲ့အတွက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာမှာ ဖိလစ်ပိုင်နိုင်ငံက အာဆီယံ+၆ ရှိနိုင်ငံများနဲ့နှိုင်းယှဉ်ရင် ဆယ်စုနှစ်ပေါင်းများစွာ နောက်ကျကျန်ရစ်ခဲ့ကြောင်း NBCP ရဲ့ အစီရင်ခံစာမှာဖော်ပြပါတယ်။

အခြား စိန်ခေါ်မှုတစ်ခုမှာ အခြေခံအဆောက်အအုံကဏ္ဍ ဖြစ်ပါတယ်။ ဒီကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုနိမ့်ကျခဲ့တာ ၁၀ နှစ်လောက်ရှိပြီး တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုအလားအလာကို အဟန့်အတား ဖြစ်စေခဲ့ပါတယ်။

ဗျူရိုကရေစီစနစ်နဲ့ အကျင့်ပျက်ခြစားမှုကိုလည်း ဖိလစ်ပိုင်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် အစီရင်ခံစာမှာ ဖော်ပြပါတယ်။

## စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ဗီယက်နမ်စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက အဆိုပြု



ဗီယက်နမ်စက်မှုထုတ်ကုန်တွေကို အမျိုးသားအမှတ်တံဆိပ်နဲ့ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်နိုင်ဖို့အတွက် ပြည်တွင်းစီးပွားရေးအုပ်စုများ၊ ကော်ပိုရေးရှင်းများနဲ့ စီးပွားရေးလုပ်ငန်းများက စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ဖို့လိုကြောင်း ဗီယက်နမ်သတင်းအေဂျင်စီရဲ့ အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။ မတ် ၂၈ ရက်က ဟနွိုင်းမြို့မှာ ကျင်းပတဲ့ စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန (MOIT) ရဲ့ လပတ်အစည်းအဝေးမှာ စက်မှုနဲ့ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ထရန်တူအန်အန်းက အထက်ပါအတိုင်းပြောကြားခဲ့တာ ဖြစ်ပါတယ်။

မတ်လအတွင်းက ရှိခဲ့တဲ့စက်မှုကုန်ထုတ်လုပ်မှုအညွှန်းကိန်း (Index of Industrial Production-IIP) က လအလိုက်နှိုင်းယှဉ်ရင် ၂၃ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ပြီး နှစ်အလိုက်နှိုင်းယှဉ်ရင် ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း MOIT စီမံကိန်းဌာနက အစည်းအဝေးတွင်တင်ပြတဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ပထမသုံးလပတ် IIP က နှစ်အလိုက် တိုးတက်မှုနှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်းလည်း အစီရင်ခံစာမှာ ဖော်ပြပါတယ်။

ပထမသုံးလပတ်မှာ တချို့လုပ်ငန်းကဏ္ဍတွေရဲ့ IIP တိုးတက်မှုများမြင့်မားခဲ့ရာ အဆိုပါကဏ္ဍတွေထဲမှာ သတ္တုထုတ်လုပ်ရေးက ၂၃ ဒသမ ၁ ရာခိုင်နှုန်း စက္ကူထုတ်လုပ်ရေးက ၁၄ ဒသမ ၈ ရာခိုင်နှုန်းနဲ့ အထည်ချုပ်လုပ်ငန်းက ၁၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း စီမံကိန်းဌာနအကြီးအကဲ ဗူဘဖူးက ပြောပါတယ်။ ပထမသုံးလပတ်မှာ ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရင် တချို့ကဏ္ဍတွေရဲ့ ရောင်းအားကောင်းမွန်ခဲ့ရာ အဆိုပါကဏ္ဍများမှာ အဖျော်ယမကာ၊ ချည်မျှင်၊ သတ္တုထုတ်လုပ်ရေးနဲ့ ဆေးဝါးလုပ်ငန်းတွေပါဝင်ကြောင်း ဖူးကပြောပါတယ်။ ဒါပေမယ့် တချို့လုပ်ငန်းကဏ္ဍတွေရဲ့ထုတ်လုပ်မှုကျဆင်းခဲ့ရာ အဆိုပါကဏ္ဍတွေမှာ အထည်ချုပ်၊ စက္ကူနဲ့ သယ်ယူပို့ဆောင်ရေးယာဉ်များပါဝင်ပါတယ်။

လာမယ့်လအနည်းငယ်အတွင်းမှာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းက ကျဆင်းမယ်လို့ ခန့်မှန်းထားတဲ့အတွက် လုပ်ငန်းများအနေနဲ့ ထုတ်လုပ်မှုနဲ့ စက်မှုလုပ်ငန်းတွေကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ဖို့၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချဖို့နဲ့ ရေနံဈေးနှုန်းတွေ ပြန်မတက်ခင် ထုတ်ကုန်တွေရဲ့အရည်အသွေး မြှင့်တက်အောင်လုပ်ဖို့ အချိန်ရလိမ့်မယ်လို့ မျှော်လင့်ကြောင်း ဖူးကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အင်ဒိုနီးရှား အစိုးရက ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကို အားပေး

အင်ဒိုနီးရှားအစိုးရက ပြည်တွင်းဖြစ်ဆေးဝါးထုတ်ကုန်များနဲ့ ဆေးဘက်ဆိုင်ရာကိရိယာများကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားဖို့ မတ် ၂၉ ရက်နေ့က ထုတ်ပြန်တဲ့(၁၁) ကြိမ်မြောက်စီးပွားရေးမူဝါဒမှာ ထည့်သွင်းထားကြောင်း စီးပွားရေးဝန်ကြီး ဒါမင်းနာဆုရှင်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားနိုင်ငံရှိ ကုမ္ပဏီပေါင်း ၂၆၀ က ပြည်တွင်းဆေးဝါးလုပ်ငန်းရဲ့ ၇၆ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပါတယ်။ ကုမ္ပဏီအားလုံးရဲ့ ၉၅ ရာခိုင်နှုန်းက အလယ်အလတ်နဲ့ အဆင့်နိမ့်နည်းပညာများကို အသုံးပြုပြီး ဆေးဝါးထုတ်ကုန်အမျိုးအစား ၆၀ ကိုထုတ်လုပ်ပါတယ်။ ဒါပေမယ့် ဆေးတစ်မျိုးမှာပါဝင်တဲ့ ဆေးဝါးကုန်ကြမ်း အမယ်တွေရဲ့ ၉၀ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းပါတယ်။

"သွင်းကုန်အဓိကလွှမ်းမိုးတဲ့လုပ်ငန်းဖြစ်ခြင်းနဲ့ အပြည်ပြည်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ အစိုးရကစီစဉ်ဆောင်ရွက်နေခြင်းစတဲ့ အချက်တွေကြောင့် ဆေးဝါးထုတ်လုပ်ရာမှာ သုံးတဲ့ဆေးနဲ့ ဆေးအမယ်တွေကို ပြည်တွင်းမှာထုတ်လုပ်နိုင်အောင် ဆောင်ရွက်ဖို့ အစိုးရကဆန္ဒရှိနေပါတယ်"ဟု စီးပွားရေးဝန်ကြီး ဒါမင်းနာဆုရှင်းက မတ် ၂၉ ရက်က ပြောပါတယ်။ ယခင်နှစ်က အကောင်အထည်ဖော်ခဲ့တဲ့ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်မှာ အနည်းဆုံး ဆေးဝါးအမျိုးအစား ၉၃၉ ခုကို အသုံးပြုခဲ့ကြောင်း သူကပြောပါတယ်။

ထုတ်ဝေခဲ့တဲ့ဆေးဝါးအများစုမှာ အကိုက်အခဲပျောက်ဆေး၊ ပါရာစီတမော၊ ပင်နီစလင်နဲ့ ဗီတာမင်စတဲ့ဆေးတွေအပါအဝင် အခြေခံဆေးဝါးတွေ ဖြစ်ပါတယ်။ အင်ဒိုနီးရှားမှာ ဆေးဝါးရောင်းချမှုမှရရှိတဲ့ ဝင်ငွေက ၂၀၁၅ ခုနှစ်မှာ အင်ဒိုနီးရှားသုံးငွေ ရူပြား ၆၂ ဒသမ ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ) ရှိခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်းထုတ်ကုန်အဖြစ် အဓိကထားထုတ်လုပ်မယ့် ဆေးဝါးအမျိုးအစားငါးမျိုးက ဇီဝနည်းပညာ၊ ကာကွယ်ဆေး၊ သစ်ဉသစ်ဖုမှ ထုတ်ယူတဲ့ ပရဆေး၊ ဆေးဝါးကုန်ကြမ်းနဲ့ ဆေးဝါးသုံးကိရိယာတွေ ဖြစ်ပါတယ်။ ဆေးဝါးများကို ထုတ်လုပ်ရာမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံ မှု၊ ပုဂ္ဂလိက ကုမ္ပဏီများနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနဲ့ နိုင်ငံပိုင်ကုမ္ပဏီများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့ ဖွံ့ဖြိုးလာအောင် အစိုးရကအားပေးသွားမှာ ဖြစ်ပါတယ်။

## ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**စင်ကာပူ**

စင်ကာပူရှိ ပုဂ္ဂလိကနေအိမ်ဈေးနှုန်း အညွှန်းကိန်းမှာ ၂၀၁၆ ခုနှစ် ပထမသုံးလပတ်က ၁၄၀ ဒသမ ၆ မှတ်အထိ ကျဆင်းခဲ့ရာ ၂၀၁၅ ခုနောက်ဆုံးသုံးလပတ်နဲ့ နှိုင်းယှဉ်ပါက တစ်ရာခိုင်နှုန်းပိုမိုကျဆင်းခဲ့ကြောင်း မြို့ပြပြန်လည်ဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (URA) က ဧပြီ ၁ ရက်မှာထုတ်ပြန်တဲ့ ကိန်းဂဏန်းများကို ကိုးကားပြီး ချန်နယ်နယူးစ်အေရှသတင်းမှာ ဖော်ပြပါတယ်။

**ဂျကာတာ**

အင်ဒိုနီးရှားနိုင်ငံက ငါးလုပ်ငန်းအရင်းအမြစ်ထွန်းကားတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ရာ ပရိုတိန်းဓာတ်ကြွယ်ဝစွာရရှိဖို့နဲ့ လူငယ်မျိုးဆက်များကြီးထွားနှုန်းကို မြှင့်တင်နိုင်ဖို့အတွက် ငါးကို တိုးမြှင့်စားသုံးသင့်ကြောင်း ရေကြောင်းနဲ့ ငါးလုပ်ငန်းရေးရာဝန်ကြီးဌာန ဝန်ကြီး ဆူဆီပူဒီယာတုတီရဲ့ မတ် ၃၀ ရက်က ပြောကြားချက်ကို ကိုးကားပြီး အန်တာရာသတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

ရင်းနှီးမြှုပ်နှံမှု အသစ်ပြုလုပ်မယ့် ကုန်ထုတ်လုပ်သူများပြားလာတဲ့အချိန်မှာပင် လက်ရှိပြည်တွင်းကုမ္ပဏီများကလည်း လုပ်ငန်းများချဲ့ထွင်ရန်ရှာဖွေလျက်ရှိတဲ့ အတွက် ဖိလစ်ပိုင်နိုင်ငံက အီထက်ထရွန်းနစ်ထုတ်ကုန်ပစ္စည်းများနဲ့ စက်အစိတ်အပိုင်းထုတ်လုပ်ရာမှာ ဒေသတွင်း၌ အချက်အချာနေရာဖြစ်လာကြောင်း ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီး အာဒရီယန်ခရစ်တိုဘာဂျူနီယာရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

**ဆိုးလ်**

တောင်ကိုရီးယား နိုင်ငံရဲ့ မတ်လ ပို့ကုန်လုပ်ငန်းက ယခင်နှစ်ကာလ တူနဲ့နှိုင်းယှဉ်ရင် ၈ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉၈ ဘီလီယံ အထိရောက်ရှိခဲ့ရာ ပို့ကုန်က ၁၅ လမြောက် ဆက်တိုက်ကျဆင်းခဲ့တဲ့ အတွက် တောင်ကိုရီးယားနိုင်ငံသမိုင်းမှာ အရှည်ကြာဆုံးဖြစ်ခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနဲ့ စွမ်းအင်ဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီးယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

**IMF**

## တီထွင်ဆန်းသစ်မှုပြုခြင်းဖြင့် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း နှေးကွေးကျဆင်းမှုကို တိုက်ဖျက်ဖို့ အိုင်အမ်အက်ဖ်တိုက်တွန်း

ကမ္ဘာ့စီးပွားရေးမှာ နှေးကွေးကျဆင်းမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် တီထွင်ဆန်းသစ်မှုတွေကို အားပေးတဲ့ သုတေသနနဲ့ ဖွံ့ဖြိုးရေး (R&D) လုပ်ငန်းတွေထွန်းကားစေမယ့် မူဝါဒတွေချမှတ်သွားဖို့လိုအပ်ကြောင်း တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ပြန်တဲ့ အစီရင်ခံစာမထုတ်ပြန်မီ ပြုလုပ်တဲ့ အစည်းအဝေးမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က တိုက်တွန်း ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။



"သုတေသနနဲ့ ဖွံ့ဖြိုးရေး(R&D)၊ စွန့်ဦးတီထွင်မှုအရည်အသွေးပြည့်ဝမှုနဲ့ နည်းပညာလွှဲပြောင်းမှုစတဲ့ လုပ်ငန်းတွေဆောင်ရွက်ပြီး တီထွင်ဆန်းသစ်မှုတွေကိုအားပေးရာမှာ ဘဏ္ဍာရေးမူဝါဒတွေကအရေးပါတဲ့ အခန်းကဏ္ဍတွေမှာပါဝင်ပါတယ်"လို့ အိုင်အမ်အက်ဖ်က ပြောပါတယ်။

စီးပွားရေးဖွံ့ဖြိုးရေးတိုးတက်ဖို့အတွက် အိုင်အမ်အက်ဖ်က ပြုစုတဲ့ ထောက်ခံတင်ပြချက်တွေထဲမှာ ဖွံ့ဖြိုးပြီးနိုင်ငံများက သုတေသနဖွံ့ဖြိုးရေး (R&D) အတွက် လက်ရှိရင်းနှီးမြှုပ်နှံနေတဲ့ ပမာဏထက် ၄၀ ရာခိုင်နှုန်း ပိုမိုရင်းနှီးမြှုပ်နှံဖို့နဲ့ ဒီလိုရင်းနှီးမြှုပ်နှံခြင်းအားဖြင့် သက်ဆိုင်ရာနိုင်ငံတွေရဲ့ ဂျီဒီပီကို ၅ ရာခိုင်နှုန်း ပိုမိုတိုးတက်စေနိုင်ကြောင်း၊ နည်းပညာလွှဲပြောင်းခြင်းဖြင့် ကမ္ဘာ့စီးပွားရေးကို တိုးတက်အောင်ဆောင်ရွက်ဖို့လိုကြောင်း စတဲ့အချက်တွေ ပါဝင်ပါတယ်။ ကမ္ဘာ့စီးပွားရေးက မဆိုသလောက်သာ တိုးတက်မှုရှိနိုင်တဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်ရမှာကို စိုးရိမ်နေရချိန်မှာ တီထွင်ဆန်းသစ်မှုက ကုန်ထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ရမယ့် နည်းလမ်းတစ်ခုဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

စီးပွားရေးလုပ်ငန်းတွေမှာ ငွေကြေးအထောက်အပံ့ရဖို့အတွက် အခက်အခဲတွေ့ကြုံတွေ့နေရချိန်မှာ စီးပွားရေးဖွံ့ဖြိုးမှုကျဆင်းတာကို ရည်မှန်းချက်ထားပြီး ဆောင် ရွက်တဲ့ ဘတ်ဂျက်မူဝါဒတွေက ကုစားအောင်အထောက်အကူရနိုင်မှာဖြစ်ကြောင်း အိုင်အမ်အက်ဖ်က ပြောပါတယ်။

**SOUTH ASIA**

## မိုးဒီဝန်ကြီးချုပ်အဖြစ်တာဝန်ယူပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံမှာ အမေရိကန် ရင်းနှီးမြှုပ်နှံမှုက တရုတ်ရင်းနှီးမြှုပ်နှံမှုကို ကျော်လွန်

နရိန္ဒရာမိုးဒီ ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ချိန်မှစပြီး အိန္ဒိယနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုရဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်မားလာပြီး တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကို ကျော်လွန်လာကြောင်း အမေရိကန်အစိုးရရဲ့ ပြောကြားချက်ကို ကိုးကားပြီး တိုင်းမ်အော့ဖ် အိန္ဒိယအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

"၂၀၁၄ ခုနှစ် မေနောက်ပိုင်းကစပြီး ကျွန်တော်တို့နှစ်နိုင်ငံရဲ့ အဆင့်မြင့်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲတွေအနက် နိုင်ငံခေါင်းဆောင်အဆင့် ဆွေးနွေးပွဲက ခြောက်ကြိမ်ရှိခဲ့ပါတယ်။ မတ်လနောက်ဆုံးပတ်မှာ ကျင်းပခဲ့တဲ့ ချူကလီးယားလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲကလည်း အဆင့်မြင့်ခေါင်းဆောင်များပါဝင်တဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ခဲ့ပါတယ်။ အိုဘားမားအစိုးရအဖွဲ့ သက်တမ်းမကုန်မီ နောက်ထပ်ဆွေးနွေးပွဲတွေရှိနေဦးမှာဖြစ်ပါတယ်"လို့ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး နီရှားဒေဆိုင်းဘစ်စဝါက ပြောပါတယ်။

"အဓိက ဦးတည်ချက်ထားတာက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေ ဆက်လက်ရှိနေဦးမှာ ဖြစ်ပေမယ့် အိန္ဒိယနိုင်ငံအတွင်းမှာ အမေရိကန်ပြည်ထောင်စုရဲ့ ရင်းနှီးမြှုပ်နှံမှုက ထူးထူးကဲကဲမြင့်တက်လာနိုင်ပါတယ်။ ယနေ့အခြေအနေအထိ ကြည့်ရင် အိန္ဒိယနိုင်ငံမှာရှိတဲ့ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုက တရုတ်နိုင်ငံမှာ ရှိတဲ့ အမေရိကန် ရင်းနှီးမြှုပ်နှံမှုထက်သာလွန်နေပါတယ်" လို့ သူမကပြောပါတယ်။ အမေရိကန်-အိန္ဒိယ စီးပွားရေးလုပ်ငန်းကောင်စီရဲ့ စာရင်းများအရ အမေရိကန်ကုမ္ပဏီ ၃၀ ခန့်က ၂၀၁၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရင်းနှီးမြှုပ်နှံထားပါတယ်။ လာမယ့်နှစ်မှာ ကုမ္ပဏီ ၅၀၀ ကျော်က အိန္ဒိယနိုင်ငံမှာ အမေရိကန် ဒေါ်လာ ၂၇ ဘီလီယံရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။

**EUROPE**

## အီးယူဆန္ဒခံယူပွဲ အန္တရာယ်ကြောင့် ဘဏ္ဍာရေးမတည်မငြိမ် ဖြစ်နိုင်ကြောင်း အင်္ဂလန်ဘဏ်က သတိပေး

ပြည်တွင်းမှာ ဖြစ်ပေါ်နေတဲ့ ဘဏ္ဍာရေး မတည်မငြိမ်မှုများက ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်အဖြစ် အင်္ဂလန်နိုင်ငံ ဆက်လက်ပါဝင်ရေး မပါဝင်ရေး ဆန္ဒခံယူပွဲနဲ့ ဆက်စပ်နေကြောင်း အင်္ဂလန်ဗဟိုဘဏ်ဘဏ္ဍာရေးမူဝါဒကော်မတီ (Financial Policy Committee) ရဲ့ မတ် ၂၉ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီးရှင်ဝှာသတင်းမှာဖော်ပြပါတယ်။ ဒီလိုမရေရာမှုတွေရဲ့ အကျိုးဆက်တွေကို စတာလင်ပေါင် လက်ငင်းဈေးကွက်တွေနဲ့ စာချုပ်စာတမ်း ဈေးကွက်တွေမှာ အထင်ရှားဆုံးတွေ့ရကြောင်း FPC ရဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

အတိုင်းအဆအားဖြင့် မြင့်မားပြီး အချိန်ကာလကြာမြင့်စွာဖြစ်ပေါ်နေတဲ့ မရေရာမှုတွေကြောင့် ဗြိတိသျှစာချုပ်စာတမ်းအက်ဆက် (Assets) အများအပြားအတွက် ရင်ဆိုင်ရဖွယ်ရှိတဲ့ စွန့်စားမှု ပရီမီယံကြေးတွေ ပိုမိုမြင့်မားလာတာကို တွေ့ရကြောင်း ကော်မတီကပြောပါတယ်။ အခြေအနေ မရေရာမှုကြောင့် ဖြစ်ရတဲ့ရလဒ်က စတာလင်ပေါင်ဈေးကို ဆက်လက်ကျဆင်းစေပြီး ဗြိတိသျှငွေချေးယူသူများ အတွက် ငွေချေးယူရာမှာ ကုန်ကျစရိတ်ကို မြင့်မားစေခဲ့ကြောင်း FPC က သုံးသပ်ပါတယ်။

အမေရိကန် ဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒက ထွန်းသစ်စဈေးကွက်များမှ မတည်ရင်းနှီးငွေစီးထွက်မှုနဲ့ ထွန်းသစ်စဈေးကွက်တွေရဲ့ အက်ဆက်ဈေးများ ကျဆင်းမှု စတဲ့ စွန့်စားမှုအန္တရာယ်များကို ရင်ဆိုင်ရလိမ့်မယ်လို့ ကော်မတီက သတိပေးထားပါတယ်။

**EAST ASIA**

## ငွေလုံးငွေရင်းအသုံးစရိတ်ကျဆင်းမှုကြောင့် တရုတ်စီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်သားငှားရမ်းမှု လျော့ချ

တရုတ်ကုမ္ပဏီများရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်က ယခုနှစ်ပထမသုံးလပတ်အတွင်းမှာ ငါးနှစ်အတွင်း အနိမ့်ဆုံးအထိ ကျဆင်းခဲ့ကြောင်း ပုဂ္ဂလိကစစ်တမ်းတစ်ခုကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါ တယ်။

ယခုအခြေအနေကို ကြည့်ခြင်းအားဖြင့် တရုတ်စီးပွားရေးအဆမတန်နှေးကွေးမှုဖြစ်ပေါ်မလာစေရန်အတွက် တရုတ်အစိုးရက မူဝါဒချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်တဲ့ တိုင်အောင် တိုင်းပြည်စီးပွားရေးက ဆက်တိုက်ကျဆင်းလျက်ရှိနေကြောင်း ပြသနေပါတယ်။ ကုမ္ပဏီများကလုပ်သားငှားရမ်းခန့်ထားမှု ကျဆင်းလျက်ရှိနေပြီး ငွေကြေးသုံးစွဲမှုကိုလျှော့ချမှုကြောင့် အလုပ်အကိုင်ကျဆင်းမှုမှာ ဒုတိယမြောက်သုံးလပတ်အဖြစ်ရောက်ရှိခဲ့ကြောင်း ပုဂ္ဂလိကစစ်တမ်းအဖွဲ့ China Beige Book Internatioanl (CBBI) က စီးပွားရေးလုပ်ငန်း ၂၂၀၀ ကို စစ်တမ်းကောက်ယူစိစစ်ချက်အရ သိရပါတယ်။

ပထမသုံးလပတ်အတွင်း မတည်ရင်းနှီးငွေတိုးတက်ရင်းနှီးမြှုပ်နှံနိုင်တဲ့ စီးပွားရေးလုပ်ငန်းများမှာ ၃၃ ရာခိုင်နှုန်းသာရှိခဲ့ရာ စစ်တမ်းကောက်ယူထားတဲ့ ငါးနှစ်တာကာလအတွင်း အနိမ့်ဆုံးဖြစ်ပါတယ်။ တရုတ်စီးပွားရေးလုပ်ငန်းများရဲ့ ရှယ်ယာတန်ဖိုးများမှာလည်း ၂၀၁၄ ခုနှစ် ဒုတိယသုံးလပတ်နောက်ပိုင်းမှာ ၄၀ ရာခိုင်နှုန်းအထိကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဝင်ငွေရရှိမှုမှာ ပုံမှန်မြင့်တက်လာတဲ့အတွက် ကုမ္ပဏီများရဲ့ ပထမသုံးလပတ်အတွင်းရရှိတဲ့ အမြတ်အစွန်းမှာ ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်လာကြောင်း စစ်တမ်းမှာ ဖော်ပြပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်




# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အမေရိကန်ဗဟိုဘဏ်ဥက္ကဌက ငွေကြေးမူဝါဒလျှော့ချရန် ဦးတည်ဆောင်ရွက်လာသဖြင့် အာရှဒေသတွင်းရှိငွေကြေးများ တိုးတက်မှုအရှိန်အဟုန်ကျဆင်းသွားမည့် လက္ခဏာမရှိသော်လည်း ရင်းနှီးမြှုပ်နှံသူတို့က ဒေသတွင်းငွေကြေးများကို အမြတ်ရစဉ် ပြန်လည်ရောင်းချလာကြတဲ့အတွက် ဧပြီ ၁ ရက်နေ့မှာ ထွန်းသစ်စငွေကြေးအများစုရဲ့ တန်ဖိုးများကျဆင်းလာတာကို တွေ့ရပါတယ်။

တရုတ်နိုင်ငံရဲ့ ကုန် ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မှုရှိ ခဲ့ပေမယ့် ချေးငွေအကဲဖြတ်ရေးအေဂျင်စီ စတန်းဒတ်အင်ပူးဝါးက တရုတ်နိုင်ငံရဲ့ ချေးငွေအဆင့်အတန်းကို Stable မှ Negative အဆင့်သို့လျှော့ချသတ်မှတ်လိုက်တဲ့အတွက် တရုတ်ယွမ်ငွေကြေး တန်ဖိုး ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံရဲ့ မတ်လ ကုန်ချောထုတ်လုပ်မှုက လပေါင်းကိုးလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

တောင်ကိုရီးယားနိုင်ငံရှိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတို့က ပြည်တွင်း စတော့ရှယ်ယာများကို နှစ်ရက်ဆက်တိုက်ရောင်းချခြင်း၊ ဝမ်တန်ဖိုးမြင့်တက်တာကို အာဏာပိုင်တွေ ကထိန်းချုပ်လာမှာကို စိုးရိမ်ခြင်းတို့ ကြောင့် တောင်ကိုရီးယား ဝမ်ငွေကြေးတန်ဖိုးကလည်း ကျဆင်းခဲ့ပါတယ်။



### အမေရိကန်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိကြောင်း ယယ်လင်က ယုံကြည်မှုရှိသော်လည်း ဗဟိုဘဏ်အတိုးနှုန်းကို ဖြည်းဖြည်းချင်းသာ မြှင့်တင်မည်

အမေရိကန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိလာပြီဟု အမေရိကန်ဗဟိုဘဏ်ဥက္ကဌဂျနက်ယယ်လင်က ယုံကြည်မှုရှိသော်လည်း အမေရိကန်ဗဟိုဘဏ်အနေဖြင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုကို လေ့လာစောင့်ကြည့်ရဦးမည်ဖြစ်သဖြင့် ငွေကြေးမူဝါဒကိုမူ ပျော့ပျောင်းတဲ့မူဝါဒကိုသာ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၂၉ ရက်က ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို နောက်တစ်ကြိမ်မြှင့်တင်ပါက ဈေးကွက်တွေမှာ ရှယ်ယာတွေမြင့်တက်ပြီး ကမ္ဘာတစ်ဝန်းရှိ ငွေချေးသူတို့အတွက် ငွေချေးယူရတဲ့ စရိတ်တွေမြင့်တက်လာနိုင်ပါတယ်။ သို့ဖြစ်ရာ အတိုးနှုန်းမြှင့်တင်မှုမှာ ဇွန်မတိုင်မီ ဖြစ်လာနိုင်ဖွယ်မရှိကြောင်းနှင့် အမေရိကန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကိုတင်းကြပ်မည်ဆိုပါက ဖြည်းဖြည်းချင်းသာဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ယယ်လင်က ပြောပါတယ်။

“အမေရိကန်စီးပွားရေးက တော်တော်လေး ကြံ့ခိုင်မှုရှိလာပါပြီ”လို့ နယူးယောက်မြို့ စီးပွားရေးကလပ်မှာ သူမကပြောပါတယ်။ မတ်ကကျင်းပခဲ့တဲ့ အစည်းအဝေးမှာ အမေရိကန်ဗဟိုဘဏ်က ပျော့ပျောင်းတဲ့ငွေကြေးမူဝါဒကို ဆက်လက်စွဲကိုင်ထားခဲ့ပါတယ်။ ယယ်လင်ရဲ့ ယခုတစ်ကြိမ်ပြောကြားချက်မှာ အဆိုပါအစည်းအဝေးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် လူသိရှင်ကြားပြောခဲ့တာ ဖြစ်ပါတယ်။

**တရုတ်ယွမ်**

ဒေါ်လာငွေကြေးရဲ့ တန်ဖိုးက နေ့အလိုက်နှိုင်းယှဉ်ရင် ကျဆင်းခဲ့တာကိုအကြောင်းပြုပြီး တရုတ်ဗဟိုဘဏ်က ပျမ်းမျှငွေကြေးဖလှယ်နှုန်းကို အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၄၅၈၅ ဝမ်နှုန်းသတ်မှတ်ခဲ့ရာ မတ် ၃၁ ရက်က ရှိခဲ့တဲ့ ၆ ဒသမ ၄၆၁၂ ယွမ်နှုန်းထက် ယွမ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒါပေမဲ့ ဟောင်ကောင်ဒေသရှိ ယွမ် (Offshore Yuan) တန်ဖိုးက နေ့လယ်ဘက်မှာ သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၄၇၁ ဝမ်နှုန်းရှိခဲ့ပါတယ်။ တရုတ်ပြည်မရှိ ယွမ်ငွေကြေး (Onshore Yuan) တန်ဖိုးက ဈေးအဖွင့်မှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၄၆၂၀ ယွမ်နှုန်းရှိခဲ့ရာမှ ၆ ဒသမ ၄၆၄၇ ယွမ်နှုန်းသို့ ရောက်ရှိကာ ယမန်နေ့ကနဲ့ နှိုင်းယှဉ်ပါက သုည ဒသမ ၂၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

**အိန္ဒိယရူပီး**

၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာ ရူပီးငွေကြေးက အာရှငွေကြေးများအနက် စွမ်းဆောင်ရည်အနိမ့်ကျဆုံးငွေကြေး ဖြစ်ခဲ့ပါတယ်။ မတ် ၃၁ ရက်က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၆၆ ဒသမ ၂၅ ရူပီးနှုန်းဖြစ်ပြီး ယခုနှစ်အတွင်း သုည ဒသမ ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

ရူပီးတန်ဖိုးက ယခုဘဏ္ဍာနှစ်အတွင်း မတည်မငြိမ်ဖြစ်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ အိန္ဒိယစတော့ဒိုင်ရှိထိပ်တန်းစာရင်းဝင် ကုမ္ပဏီ ၅၀၀ အနက်ထက်ဝက်ခန့်က ရူပီးတန်ဖိုးအတက်အကျကို မှီခိုနေရတဲ့အတွက် ဒီသတင်းကသတင်းဆိုး ဖြစ်ပါတယ်။

**ဂျပန်ယန်း**

အမေရိကန်အလုပ်အကိုင် အခြေအနေကြောင့် ငွေကြေးဈေးကွက်ကို အကျိုးသက်ရောက်မှု ဖြစ်စေပါတယ်။ ဒါပေမဲ့ ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်တဲ့အခါ သတိထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဌက ပြောကြားပြီးနောက်ပိုင်း မတ်လအလုပ်အကိုင်အခြေအနေရဲ့ အကျိုးသက်ရောက်မှုက အနည်းငယ်သာ အကျိုးသက်ရောက်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ခန့်မှန်းကြပါတယ်။ ဒါကြောင့် ဧပြီ ၁ ရက်က ယူရို၊ ယန်းတို့နဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။ ယူရို တန်ဖိုးက သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ယူရိုကို ၁ ဒသမ ၁၃၉၃ ဒေါ်လာနှုန်းရှိကာ ဒေါ်လာတန်ဖိုးက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့တဲ့ အတွက် တစ်ဒေါ်လာကို ၁၁၂ ဒသမ ၀၆၅ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

မလေးရှားရင်းဂစ်ကို အများအပြား ဝယ်ယူလာကြတဲ့အတွက် ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒေါ်လာနဲ့ရင်းဂစ်ဖလှယ်နှုန်းက မတ် ၃၁ ရက်ဈေးပိတ်ချိန်မှာ အမေရိကန် တစ်ဒေါ်လာကို ၃ ဒသမ ၈၉၇၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၁၁ မိနစ်မှာ ၃ ဒသမ ၈၈၂၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ရင်းဂစ်ငွေကြေးက ဆက်လက်မြင့်တက်မယ့်အလားအလာရှိနေတယ်လို့ ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

**တောင်ကိုရီးယားဝမ်**

နိုင်ငံခြားသားနဲ့ အဖွဲ့အစည်းများက တောင်ကိုရီးယားရှယ်ယာတွေကို ထုတ်ရောင်းနေချိန်မှာ နည်းပညာနဲ့ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးများရဲ့ အခြေအနေကျဆင်းတဲ့အတွက်တောင်ကိုရီးယားရှယ်ယာများရဲ့ တန်ဖိုးက ဧပြီ ၁ ရက်မှာကျဆင်းခဲ့ပါတယ်။ ပြည်တွင်းဝမ်ငွေကြေးကလည်း တစ်ဒေါ်လာကို ၁၁၄၈ ဒသမ ၄၅ ဝမ်နှုန်းရှိခဲ့တဲ့အတွက် ယခင်နေ့ဈေးပိတ်ချိန်ဖလှယ်နှုန်းအောက် ၄ ဒသမ ၉၅ ဝမ်နှုန်းကျဆင်းခဲ့ပါတယ်။

**ထိုင်းဘတ်**

ဧပြီ ၁ ရက်နေ့က အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ အာရှငွေကြေးအများစုရဲ့တန်ဖိုးကျဆင်းခဲ့ပေမယ့် ထိုင်း ဘတ်ငွေရဲ့ ဖလှယ်နှုန်းက တစ်ဒေါ်လာ ကို ၃၅ ဒသမ ၁၂ ဘတ်နှုန်းရှိခဲ့ပြီး ယမန်နေ့နဲ့ နှိုင်းယှဉ်ပါက သုည ဒသမ ၁၄ ရာခိုင်နှုန်းမြင့်တက်ပြီး ယခုနှစ်အတွင်းမှာ ၂ ဒသမ ၅၁ ရာခိုင်နှုန်းမြင့် တက်ခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

### ဂျပန်စီးပွားရေးလုပ်ငန်းများ ယုံကြည်မှုကျဆင်းကြောင်း ဂျပန်ဗဟိုဘဏ် စစ်တမ်းမှာဖော်ပြ

ယခုနှစ် ပထမသုံးလပတ်အတွင်းမှာ ဂျပန်စီးပွားရေးလုပ်ငန်းတွေရဲ့ ယုံကြည်မှုကတစ်ဟုန်ထိုးကျဆင်းခဲ့ကြောင်း မတ် ၃၁ ရက်ကထုတ်ပြန်တဲ့ ဂျပန်ဗဟိုဘဏ်ရဲ့ စစ်တမ်းမှာဖော်ပြထားကြောင်း ယခုလိုကျဆင်းမှုက ကမ္ဘာ့စီးပွားရေးနှေးကွေးပြီး ဈေးကွက်မရေမရာဖြစ်နေချိန်မှာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ စီးပွားရေးဖွံ့ဖြိုးမှုတွန်းအားပေးအစီအစဉ်တွေရဲ့ အရှိန်အဟုန်ကျဆင်းလာတာကို ပြသနေကြောင်း ဝေါစထရီအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

သုံးလတစ်ကြိမ်ဆောင်ရွက်ခဲ့တဲ့ တန်ကန်စစ်တမ်းရဲ့ အဓိကညွှန်ကိန်းမှာ ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းကြီးတွေရဲ့ ယုံကြည်မှုအညွှန်းက မတ်မှာ +၆ ရှိခဲ့ရာ ဒီဇင်ဘာစစ်တမ်းကောက်ခံစဉ်ကရှိခဲ့တဲ့ +၁၂ ကနေ ကျဆင်းလာခြင်းဖြစ်ကြောင်း ဗဟိုဘဏ်ထုတ်ပြန်ချက်အရ သိရပါတယ်။ ဂျပန်ဗဟိုဘဏ်က အတိုးနှုန်းကို သုည ရာခိုင်နှုန်းအထိလျှော့ချပေးခြင်းနဲ့အတူ ဗဟိုဘဏ်ကငွေကြေးမူဝါဒလျှော့ချမှုတွေ ကိုထပ်မံပြုလုပ်ခဲ့ပေမယ့် စီးပွားရေးလုပ်ငန်းအားလုံးနီးပါးမှာတော့ယုံကြည်မှုကျဆင်းနေကြောင်း စစ်တမ်းရလဒ်များအရ သိရ ပါတယ်။

ဂျပန်ဗဟိုဘဏ်စစ်တမ်းရလဒ်အပေါ် လွန်ခဲ့တဲ့သုံးနှစ်က အခြေအနေတွေနဲ့ နှိုင်းယှဉ်ရင်အနိမ့်ဆုံးဖြစ်နေသလို ဝေါစထရီ ဂျာနယ်က စီးပွားရေးပညာရှင် ၁၇ ဦးကို စစ်တမ်းကောက်ယူ ပြုစုထားတဲ့ စစ်တမ်းမှာရရှိတဲ့ ရလဒ်ဖြစ်တဲ့ +၈ အောက်ကိုလည်း ကျဆင်းနေပါတယ်။ ယခုရာခိုင်နှုန်းက စီးပွားရေးလုပ်ငန်းတွေ ကောင်းမွန်ပါတယ်လို့ပြောတဲ့သူ ရာခိုင်နှုန်းထဲက အခြေအနေမကောင်း ပါဘူးလို့ ပြောသူရာခိုင်နှုန်းကို နုတ်ရာမှရရှိတဲ့ရလဒ် ဖြစ်ပါတယ်။



YOUR TRUST SERVICE ...
BAGAN
Automotive Co.,Ltd
No. 186-188, Room No.1/A, First Floor, Shine Condo, Pansodan Road, Kyauktada Township, Yangon.
Tel : 95-1-385800, 388158, 254102, 254594, Fax : 253578
No. 9/72(D), Between 39th & 40th St., 66th St., Maharmyaing (1) Ward, Maharaungmyay Tsp., Madalay.
Tel : 95-1-385800, 09-5186300, 09-425022866




RIXS International Company Limited
LEXUS
NISSAN
TOYOTA RAV 4
2003 Model
1800 cc
175- Lakhs
TOYOTA WISH
2003 Model
1800 cc
115- Lakhs
HONDA CRV
2003 Model
2000 cc
170 Lakhs
TOYOTA LEXUS IS
2005 Model
G Grade
2500 cc
355 Lakhs
TOYOTA MARK II
2003 Model
2000 cc
145 Lakhs
TOYOTA ALPHARD
2003 Model
2400 cc
205 Lakhs
HONDA CIVIC (HYBRID)
2006 Model
1300 cc
110- Lakhs
TOYOTA COROLLA FIELDER (TAXI)
2003 Model
1500 cc
85- Lakhs
TOYOTA CROWN (Royal Saloon)
2004 Model
2500 cc
195 Lakhs
TOYOTA MARK II
2003 Model
35th Anniversary
2000 cc
130 Lakhs
TOYOTA COROLLA FIELDER (TAXI)
2007 Model
1490 cc
100 Lakhs
HONDA FIT
2011
G Grade
1300 cc
135 Lakhs
TOYOTA WISH
2003 Model
1800 cc
120- Lakhs
TOYOTA BELTA
2011 Model
1300 cc
145- Lakhs
TOYOTA NOAH
2003 Model
1990 cc
120 Lakhs
HONDA INSIGHT (HYBRID)
2009 Model
1300 cc
145 Lakhs
HONDA FIT
2011
G Grade
1300 cc
130 Lakhs
TOYOTA PROBOX
2010
GL
1500 cc
135 Lakhs
Head Office No.74 , 31st Street, Pabedan Township, Yangon, MYANMAR . Tel : 01 243737, 01 245732, Fax : 01 243737 Mobile : 09 43171713
Show Room No. 296, (E-2), Aye Yar Won Road, Tharkayta Township, Yangon, MYANMAR. Mobile : 09-425297240, 09 43171713
Email : contact@rixsmyanmar.com / Website : www.rixsgroup.com

C B BANK

**EASi Mobile**
Your Nearest Bank

**Bank Account** ရှိစရာမလို **Mobile Phone** တစ်လုံးရှိရုံဖြင့်
လူပေါင်း ၃၈ သန်းကို **CB Bank's Mobile Banking** ၏
**P2P Service** ဖြင့် ငွေလွှဲပေးပို့နိုင်ပါပြီ . . .




(95)01 371 848, (95)01 372 646

www.cbbank.com.mm

CBBankMobileBanking

